# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ စနေနေ့။ Saturday, 3 July 2021 ၁၀၄၂၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်း၊ ဦးအေးထွန်း၊ ဦးထွန်းအုံ၊ ဗိုလ်မှူးချုပ် လူမွန်နှင့် ဦးသန့်စင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖွင့်လှစ်**

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

အစည်းအဝေးတွင် ဦးစီးကော်မတီနာယကက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ် ဇွန် ၁၁ ရက်စွဲပါစာဖြင့် အခမ်းအနားကျင်းပရေးဦးစီးကော်မတီကို နာယက၊ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၁၃ ဦးဖြင့် လည်းကောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ


**တိကျခိုင်လုံမှုမရှိသော အချက်အလက်များအပေါ် စိစစ်မှုမရှိဘဲ တစ်ဖက်သတ် ထုတ်ပြန်ပြောဆိုမှုများကို ကန့်ကွက်**

စာမျက်နှာ » ၅

**စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့ကို နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ**

စာမျက်နှာ » ၇

ကြေးမုံ

# နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး အလေးထား

တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို တိုးမြှင့်ရပ်ဆိုင်းပေးလျက်ရှိသည့်အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ် ချမှတ်၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ဘက်ပေါင်းစုံမှ တိုးတက်ကောင်းမွန်လာစေရန် အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိသည်။

တပ်မတော်သည် ထာဝရငြိမ်းချမ်းရေးကို ရှေးရှုလျက် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ရပ်ဆိုင်းပေးခြင်းကို လွန်ခဲ့သည့်နှစ်များကတည်းက အဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ ယခု ဇူလိုင်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်ရပ်ဆိုင်းပေးခဲ့သည်။ စစ်ရေးလှုပ်ရှားမှုများကို ရပ်ဆိုင်းပေးရာတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ရပ်ဆိုင်းပေးထားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ခေတ်အဆက်ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ လွတ်လပ်ရေးရပြီးသည်မှ နှစ်ပေါင်း ၇၀ ကျော်ကြာလာသည်အထိ ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေသေးသည်။ ခေတ်အဆက်ဆက်အစိုးရများက ငြိမ်းချမ်းရေးကို ကြိုးပမ်းတည်ဆောက်ခဲ့ရာ ကုန်လွန်ခဲ့သောနှစ်ကာလများက ငြိမ်းချမ်းရေးရောင်ခြည်များ တစ်စွန်းတစ်စပေါ်ထွက်လာခဲ့သည်။ ငြိမ်းချမ်းရေးတွင် အပစ်အခတ်ရပ်စဲရေးသည် ကနဦးအရေးအကြီးဆုံးဖြစ်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆို၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ထာဝရငြိမ်းချမ်းရေးသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အသက်တမျှအရေးကြီးသော လုပ်ငန်းစဉ်ဖြစ်သည်။ ထို့ကြောင့်ထာဝရငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်သော၊ အနှောင့်အယှက်ဖြစ်စေနိုင်သောကိစ္စရပ်များကို အထူးသတိထားရှောင်ရှားကြရမည်ဖြစ်သည်။ ယခုအခါတွင် ကမ္ဘာတစ်ဝန်းလုံးဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကို မြန်မာနိုင်ငံတွင်လည်း ရင်ဆိုင်ကြုံတွေ့နေရပြီး ယင်းနှင့်အတူ ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသောအကြမ်းဖက်အဖျက်လုပ်ရပ်များ ဖြစ်ပေါ်နေသည်။

ယမန်နှစ်စကတည်းက စတင်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ရောဂါသည် ဖြစ်ပွားချိန်ကြာမြင့်လာခဲ့ပြီး နောက်ဆက်တွဲဆိုးကျိုးအဖြစ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်အဘက်ဘက်တို့တွင် ထိခိုက်နစ်နာမှုများ ရှိလာသည်။ ယခုအခါ သန္ဓေပြောင်းမျိုးကွဲများ တွေ့ရှိနေရသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စဉ်ဆက်မပြတ် ခြေရာခံစောင့်ကြည့် ကာကွယ်ထိန်းချုပ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်မှုကို အကြောင်းပြု၍ နိုင်ငံအတွင်း မတည်မငြိမ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များ နိုင်ငံအတွင်းရှိ မြို့နယ်အချို့တွင် ဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့ အခက်အခဲ၊ အနှောင့်အယှက်များ ကြုံတွေ့နေရသော်လည်း တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးကို မျက်ခြည်အပြတ်မခံ ဆောင်ရွက်နေသည်။

တိုင်းပြည်တည်ငြိမ်ရေးသည် ပြည်သူလူထုအတွက် အရေးကြီးသလို ကိုဗစ်-၁၉ ရောဂါသည်လည်း ပြည်သူလူထုအတွက် ပို၍ပင်အရေးကြီးပါသည်။ ငြိမ်းချမ်းရေးသည် ပြည်ထောင်စုကြီးအတွက် အသက်တမျှအရေးကြီးသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သက်နေကြသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအားလုံးအနေဖြင့် တိုင်းရင်းသားပြည်သူလူထုအားလုံးတို့၏ လိုအင်ဆန္ဒဖြစ်သည့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီလမ်းစဉ်ကို နည်းမှန်လမ်းမှန် လျှောက်လှမ်းနိုင်ရေးတို့အတွက် တပ်မတော်မှ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ တိုးမြှင့်ရပ်စဲပေးထားသည့်ကာလအတွင်း ညှိနှိုင်းဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ငြိမ်းချမ်းရေးကို အလေးထားပြီး ရောဂါကာကွယ်ရေး၊ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုအချိန်အခါတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအန္တရာယ်မှာ အလွန်အရေးကြီးနေပြီး ရောဂါကာကွယ်ထိန်းချုပ်ရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံရေးကို အကြောင်းပြု၍ တိုင်းပြည်မတည်မငြိမ်ဖြစ်မှုများကို သတိထားဆင်ခြင်ရန် အထူးလိုအပ်ပေသည်။ ရောဂါအန္တရာယ်နှင့် တိုင်းပြည်ထိခိုက်ဖျက်ဆီးမှုများကြောင့် ငြိမ်းချမ်းရေးနှင့်အလှမ်းဝေးမည့် အခြေအနေများ ဖြစ်ပေါ်မလာစေရန် နိုင်ငံတော်နှင့် တပ်မတော်မှထားရှိသော စေတနာအမှန်တရားများကို အသိအမှတ်ပြုလက်ခံဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။


## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ(၃)ရက် (စနေနေ့)




“ Rebuild Better Together ”

“လူမှုစီးပွားပိုမိုတိုးတက်ကောင်းမွန်ဖို့ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်စို့”


## စားသုံးသူကာကွယ်ပေးရေးဥပဒေနှင့် သိကောင်းစရာ အသိပညာပေး ဆွေးနွေး

မအူပင် ဇူလိုင် ၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၁၀ နာရီက စားသုံးသူကာကွယ်ပေးရေးဥပဒေနှင့် သိကောင်းစရာ အသိပညာပေး ဆွေးနွေးဆောင်ရွက်ခဲ့သည်။

အဆိုပါအသိပညာပေး ဆွေးနွေးဆောင်ရွက်မှုနှင့်ပတ်သက်၍ မအူပင်ခရိုင်ဦးစီးအရာရှိ ဒေါ်တင်သူဇာလှိုင်က ခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့်ပူးပေါင်း၍ ပြည်သူများ၊ စားသုံးသူများ အကာအကွယ်ပေးရေး လုပ်ငန်းဆိုင်ရာ အသိပညာပေးနိုင်ရန် ရည်ရွယ်၍ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက ပြည်သူများအတွက် စားသုံးသူရေးရာနှင့်ပတ်သက်၍ဥပဒေအရအကာအကွယ်ပေးမှု၊ မြေပြင်တွင် လှုပ်ရှားဆောင်ရွက်နေမှုများ၊ ပြည်သူအများအတွက် အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်မည့် အခြေအနေများအား ပြည်သူများသိရှိစေရန် အသိပညာပေး ပြောကြားရခြင်းဖြစ်ကြောင်း သိရသည်။ **အောင်နိုင်(ပြန်/ဆက်)**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂-၇-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၂,၄၁၅ | ၂၁,၄၇၄,၁၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၆၂ | ၂၁၇,၀၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၀,၅၀၀ | ၂၀,၅၀၀ | ၅ | ၁၀၂,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၇၅၀ | ၃၂၂ | ၈၅၄,၁၅၀ |
| EFR | ၃,၂၀၀ | ၃,၂၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၆၁ | ၃၀၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၂

ရန်ကုန်(ရွှေဈေး) ၁၅၇၂၀၀၀

မန္တလေး(ရွှေဈေး) ၁၅၇၀၀၀၀

နိုင်ငံခြားငွေလဲလှယ်နှုန်း မြန်မာငွေကျပ်

| | | | |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၃၈.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၃၈.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၂.၈၇ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၀.၈၂၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၉၃.၅၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၈၉၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၂၁.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၁၂.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၇၀.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၄.၃၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်း



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် သဘောတူညီချက်များရယူ ဆောင်ရွက်ခဲ့

**၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် စတင်လျှောက်လှမ်းစဉ် ကာလကတည်းကပင် ရာနှုန်းပြည့်ငြိမ်းချမ်းရေးရရှိသည့် ဒီမိုကရေစီဖြင့် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲ လက်နက်ကိုင်ပဋိပက္ခများအကြားမှပင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၁၁ ခုနှစ်တွင် ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်၍ ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ NCA လက်မှတ်မရေးထိုးမီကာလအတွင်း Gentleman Aggrement များဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် သဘောတူညီချက်များ ရယူဆောင်ရွက်ခဲ့သည်များလည်း ရှိကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

○ ရှေ့ဖုံးမှ

လုပ်ငန်းကော်မတီကို ဒုတိယဝန်ကြီး ဦးဆောင်၍ အဖွဲ့ဝင် ၁၃ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပြီး ဆပ်ကော်မတီ ၁၀ ခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသည် နှစ်စဉ်ကျင်းပနေသည့် အခမ်းအနားဖြစ်သော်လည်း ယခုကာလတွင် ကိုဗစ်-၁၉ ဗီဇပြောင်းကူးစက်မြန်ရောဂါ ပြန်လည်တွေ့ရှိနေသည့်ကာလနှင့် တိုက်ဆိုင်နေကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အဆိုပါကပ်ရောဂါ (Third Wave)ကို အမြန်ဆုံးချုပ်ငြိမ်းရန် စနစ်တကျကိုင် တွယ်ထိန်းချုပ်ကုသနေသည့်ကာလလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် အခမ်းအနားကျင်းပသည့်အခါ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ ပြင်ဆင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

## အစဉ်အလာမပျက်ဆောင်ရွက်ခဲ့

ယခုကျင်းပမည့်အခမ်းအနားသည် ဗုဒ္ဓဘုရားရှင်က ဝိနည်းသိက္ခာပုဒ်နှစ်ခုပညတ်၍ သုံးစွဲရမည့်ကာလနှင့် အတိုင်းအတာပမာဏကို ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး သံဃာတော်များအတွက် မိုးတွင်းကာလအတွင်း မိုးရေခံသင်္ကန်းများ ဆက်ကပ်လှူဒါန်းခွင့်ပြုရန် ဝိသာခါကျောင်းအမကြီး၏လျှောက်ထားချက်အပေါ်ခွင့်ပြုခဲ့ခြင်းနှင့် ဆက်စပ်ဖြစ်ပေါ်လာသည့် မိုးရေခံသင်္ကန်းအလှူ တစ်နည်းအားဖြင့် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းအခမ်းအနားဖြစ်သည့်အတွက် မွန်မြတ်သည့် ကာလဒါနအလှူလည်းဖြစ်ကြောင်း၊ ကျောင်း၊ သင်္ကန်း၊ ဆေး၊ ဆွမ်း လေးပါးအနက် သင်္ကန်းကို မပင်မပန်းဆက်ကပ်လှူဒါန်းရသည့်အတွက် လက်တွေ့ဘဝတွင်သာမက နောင်အနာဂတ်ဘဝ အတွက်ပါ အကျိုးကျေးဇူးများခံစားရမည်ဟု ဗုဒ္ဓဘာသာဝင်များက ယုံကြည်သက်ဝင်ကြပါကြောင်း၊ ထို့ကြောင့် ဝါဆိုကာလရောက်တိုင်း ဗုဒ္ဓဘာသာဝင်တိုင်းက ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းကို အစဉ်အလာမပျက်ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် အစိုးရအဆက်ဆက် အနေဖြင့် ဝါဆိုကာလတွင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ပြည့်စုံတော်မူသည့် သံဃာဥ္သျောင် သံဃာတော်များကို ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းသည် ဗုဒ္ဓ၏အလိုဆန္ဒအတိုင်း မိုးရေခံသင်္ကန်း တစ်နည်းအားဖြင့် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်း ဖြစ်ပြီး မွန်မြတ်သည့်အလှူတော် မင်္ဂလာလည်းဖြစ်ကြောင်း၊ ယခုနှစ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး နှစ်ပါး၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် ကိုးပါး၊ နေပြည်တော်သံဃနာယကဆရာတော် လေးပါး၊ မြို့နယ်သံဃနာယကဆရာတော်ကြီးများနှင့် စာသင်တိုက်ပဓာနနာယကဆရာတော်များ စုစုပေါင်း ၂၇ ပါးကို ပင့်လျှောက်ကာ နိုင်ငံတော်အဆင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း။

## အထူးဂရုပြုဆောင်ရွက်

သက်ဆိုင်ရာ ဆပ်ကော်မတီအသီးသီးအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ် ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း သတိ၊ ဝီရိယ၊ မမေ့မလျော့ဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာပြင်ဆင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းရာ၌ ဆွမ်း စသည့်ဝေယျာဝစ္စများတွင် မိုးတွင်းကာလနှင့်ပတ်သက်သည့် ရောဂါများမဖြစ်ပွားစေရန် အရေးကြီးပြီး ဘက်ပေါင်းစုံရှုထောင့်ပေါင်းစုံမှ အထူးဂရုပြုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါကာလဖြစ်သည့်အတွက် တက်ရောက်လာသည့် ဆရာတော်၊ သံဃာတော်ကြီးများနှင့် ဝေယျာဝစ္စဆောင်ရွက်ရမည့်ပုဂ္ဂိုလ်များအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ ကိုဗစ်-၁၉ ဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာကဏ္ဍ အလိုက်ဆောင်ရွက်ပြီးသည့်ကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် ဆောင်ရွက်ရာတွင်တွေ့ကြုံရသည့်အခက်အခဲများကို အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဆက်ကပ်လှူဒါန်းမည့် လှူဖွယ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

## ဆွေးနွေးတင်ပြ

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၁ ခုနှစ်၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအေးထွန်းက လုပ်ငန်းကော်မတီက ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် အခမ်းအနားကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ သံဃာတော်များ ပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်းများ ပြင်ဆင်ရေးနှင့် ဆက်ကပ်ရေးဆပ်ကော်မတီ၊ ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာအခင်းအကျင်းပြင်ဆင်ရေးဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသန့်စင်နှင့် ဦးမောင်မောင်ဝင်းတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အခမ်းအနားကျင်းပရေးဦးစီးကော်မတီနာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၂၁ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆက်ကပ်လှူဒါန်းမည့် လှူဖွယ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ-လာအို နှစ်နိုင်ငံအကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇူလိုင် ၂**

အာဆီယံဒေသတွင်းဆိုင်ရာ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် ASEAN Plan of Action for Energy Cooperation (APAEC) အရ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇)၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ Virtual Meeting ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံမှ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်နှင့် ဦးစီးဌာန၊ လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး လာအိုနိုင်ငံမှ စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး H.E Dr. Dabong Phonekeo နှင့်အတူ Cabinet Office/MEM မှ အမြဲတမ်းအတွင်းဝန် Mr.Phetsavanh Rattanathongxay နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လတ်တလော ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများပြားနေသည့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်း



**နေပြည်တော် ဇူလိုင် ၂**

လတ်တလော ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများပြားနေသည့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ အွန်လိုင်းဖြင့် ကျင်းပသည်။

**လိုအပ်သည်များ ပံ့ပိုးပေးနိုင်ရန်**

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ယခုတစ်ကျော့ပြန် တွေ့ကြုံလာသည့် ကိုဗစ်-၁၉ ရောဂါတတိယလှိုင်းကာလအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများတွင် အားဖြည့်ကူညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိသည့် စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများ၏ မြေပြင်ဆောင်ရွက်ပေးနေမှု အခက်အခဲများအား သိရှိနိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ပြီး လိုအပ်သည်များ ပံ့ပိုးပေးနိုင်ရန်အတွက် ယခုကဲ့သို့တွေ့ဆုံဆွေးနွေးရခြင်းကြောင်း။

ယခုအချိန်တွင် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများအနေဖြင့် သံသယရှိလူနာများကို ဆေးရုံများ၊ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ခြင်း၊ ပြန်လည်ကောင်းမွန်သွားသူများကို နေအိမ်များသို့ ပို့ဆောင်ပေးခြင်း၊ သေဆုံးလူနာများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနမှ လမ်းညွှန်မှုများနှင့်အညီ မီးသဂြိုဟ်ဆောင်ရွက်ပေးခြင်း၊ PPE ဝတ်စုံများနှင့် စနစ်တကျဖျက်ဆီးခြင်းများ၊ ပိုးတွေ့နေရာများ ထုံးဖြူးခြင်း၊ ပိုးသတ်ဆေးများဖျန်းခြင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုကဲ့သို့ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းပါဝင်ပြီး တက်တက်ကြွကြွ ဆောင်ရွက်ပေးသည့်အတွက် အထူးကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

**ပြောကြား**

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က ပရဟိတအဖွဲ့အစည်းများသည် ၂၀၁၄ ခုနှစ် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများဖြစ်ပြီး နယ်ပယ်ကဏ္ဍမတူညီသော်လည်း တူညီသောစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများသည် ကိုယ်ကျိုးဆန္ဒအား စွန့်လွှတ်၍ တိုင်းပြည်နှင့် ပြည်သူအကျိုးအတွက် ဆောင်ရွက်ပေးနိုင်ရန်ဆန္ဒဖြင့် ကူညီပံ့ပိုးနေခြင်းဖြစ်ပါကြောင်း၊ ယခုလို ရောဂါကပ်ဘေးကြုံတွေ့နေချိန်များတွင် ပါဝင်ကူညီဆောင်ရွက်ပေးနေသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သော ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အစိုးရနှင့် ပရဟိတ/စေတနာ့ဝန်ထမ်းများ ပူးပေါင်းသုံးသပ်ဖြေရှင်းပြီး ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်ကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ဆောင်နေမှုများ၊ အားသာချက်/အားနည်းချက်များနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရေကြည်မြို့နယ်၌ ဝေန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်

**ရေကြည် ဇူလိုင် ၂**

ငါးလုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးရိက္ခာဖူလုံစေရန်၊ ငါးသယံဇာတများ တိုးပွားလာစေရန်ရည်ရွယ်၍ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးများစိုက်ထည့်ပေးလျက်ရှိရာ ဇွန် ၂၉ ရက်က ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့၌ ဝေန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးစောအောင်ရဲထွဋ်လွင်၊ ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမောင်မောင်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးအေးနိုင်၊ ရေကြည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်း၊ ရေကြည်မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးကော်မတီ ဥက္ကဋ္ဌအဖွဲ့ဝင်(၁) ဗိုလ်မှူးမျိုးမြင့်အောင်နှင့် ကော်မတီဝင်များ၊ ရေကြည်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့မှ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးလွင်နှင့် ဝန်ထမ်းများ၊ ပန်းတနော် ငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်သင်းပပထွန်းနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးအဖွဲ့ဝင်များ၊ အင်းသားကြီးများနှင့် ငါးမွေးတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးလွင်က ငါးမျိုးစိုက်ထည့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဦးစီးမှူးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ငါးမျိုးများ လွှဲပြောင်းပေးကာ တက်ရောက်လာသူများက ဝေန်မြစ်အတွင်း ပန်းတနော်ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအောက်ခံ ငါးမြစ်ချင်းကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၁၀၀၀၀၀၊ ရွှေဝါငါးကြင်းကောင်ရေ ၁၀၀၀၀၀ စုစုပေါင်း ကောင်ရေ ၃၀၀၀၀၀ အား ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိကျခိုင်လုံမှုမရှိသော အချက်အလက်များအပေါ် စိစစ်မှုမရှိဘဲ တစ်ဖက်သတ် ထုတ်ပြန်ပြောဆိုမှုများကို ကန့်ကွက်

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်အဖွဲ့မှရရှိသည့် အတည်မပြုနိုင်သည့် အချက်အလက်များအပေါ် ကိုးကားလျက် ဆန္ဒပြသူများ၏ ဖမ်းဆီး၊ သေဆုံးစာရင်းများနှင့်ပတ်သက်ပြီး ၂၉-၆-၂၀၂၁ ရက်နေ့က ပြောဆိုခဲ့မှုများသည် မှန်ကန်တိကျမှုမရှိကြောင်း တွေ့ရှိရသဖြင့် ယင်းအပေါ် ပြင်းထန်စွာကန့်ကွက်ပါသည်။

ယင်းသို့ ကန့်ကွက်ကြောင်းနှင့် ကုလသမဂ္ဂ website ရှိ နိုင်ငံများအား ဖော်ပြသည့် မြန်မာနိုင်ငံနေရာတွင် အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသည့် NUG website သို့ ချိတ်ဆက်ဖော်ပြထားမှုအပေါ် ကန့်ကွက်ကြောင်းနှင့် ယင်းသို့ ချိတ်ဆက်ဖော်ပြထားခြင်းသည် မှန်ကန်မှု ရှိ-မရှိ ဆောလျင်စွာ စိစစ်ပြန်ကြားပေးရန် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ရန်ကုန်မြို့၌ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံးအဖွဲ့၏ တာဝန်ရှိသူအား ၂-၇-၂၀၂၁ ရက်တွင် ခေါ်ယူကန့်ကွက် အသိပေးပြောကြားခဲ့ပြီးဖြစ်ပါသည်။

ကုလသမဂ္ဂအနေဖြင့် သတင်းထုတ်ပြန်မှုနှင့် ရှင်းလင်းမှုများ ပြုလုပ်ရာတွင် တိကျခိုင်လုံမှုမရှိသော အချက်အလက်များအပေါ် စိစစ်မှုမရှိဘဲ တစ်ဖက်သတ် ထုတ်ပြန်ပြောဆိုမှုများကို မပြုလုပ်ရန်နှင့် ယင်းသို့မပြုလုပ်မီ သက်ဆိုင်ရာအစိုးရဌာနများနှင့် စိစစ်အတည်ပြုရန် အထူးလိုအပ်ကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊**
**နေပြည်တော်**
**ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂ ရက်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အင်ဂျန်းယန်ဒေသမှ နေရပ်စွန့်ခွာလာသူ ဒေသခံတိုင်းရင်းသားများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲ တက်ရောက်

**နေပြည်တော် ဇူလိုင် ၂**

ကချင်ပြည်နယ် အင်ဂျန်းယန်ဒေသမှ မြစ်ကြီးနားမြို့နယ်အတွင်းသို့ နေရပ်စွန့်ခွာလာသူ ဒေသခံတိုင်းရင်းသားများအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးစုပေါင်းရုံးရှိ မနောရွှေပြည်ခန်းမ၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ရေးဦးစွာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ဒေသများ၊ ဝေးလံခေါင်သီသည့် ဒေသများနှင့် နယ်မြေအခြေအနေအရ ကန့်သတ်ချက်ရှိသည့်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ကို သက်ဆိုင်ရာရုံးများသို့ လာရောက်လျှောက်ထားဆောင်ရွက်ရန် အခက်အခဲရှိသည့်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူအများအပြား ကျန်ရှိနေပါကြောင်း၊ ယခုလည်း နယ်မြေဒေသအခြေအနေအရ အင်ဂျန်းယန်ဒေသမှ နေရပ်စွန့်ခွာလာသူများအတွက် IDPs စခန်းများသို့ သွားရောက်၍ လိုအပ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပန်းခင်းစီမံချက်ဖြင့် ဥပဒေနှင့်အညီ သွားရောက်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ပါကြောင်း၊ နိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ရရှိကိုင်ဆောင်ထားမှသာ နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ရရှိပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပျက်စီး/ပျောက်ဆုံးမှုမရှိစေရေးအတွက် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရန် လိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးနေမှုနှင့် အင်ဂျန်းယန်ဒေသမှ နေရပ်စွန့်ခွာလာသူများအတွက် ဆောင်ရွက်ပေးမှုကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အင်ဂျန်းယန်ဒေသမှ နေရပ်စွန့်ခွာလာသည့် IDPs စခန်းမှ တိုင်းရင်းသားများအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော အိမ်ထောင်စုလူဦးရေစာရင်း ၁၆ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀၆ ကတ်တို့ကို ပေးအပ်ကြရာ ဒေသခံတိုင်းရင်းသားများနှင့် ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ဆက်လက်၍ ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ စိစစ်ကြီးကြပ်မှုဖြင့် ကချင်ပြည်နယ်အတွင်းရှိ IDPs စခန်းများ၌ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ခြောက်မျိုးပါ ကွန်ပျူတာငါးစုံတို့ကို ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီတို့က ပေးအပ်ရာ မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်နှင့် ပူတာအိုခရိုင် ဦးစီးမှူးများက လက်ခံရယူကြပြီး အင်ဂျန်းယန်ဒေသမှ နေရပ်စွန့်ခွာလာသူများကိုယ်စား တြိနီတီစခန်း တာဝန်ခံ ဦးဘရန်ရှောင်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့နယ် ဦးစီးမှူးရုံးသို့သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများက ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေမှုနှင့် မြို့နယ်ရုံးမှတ်တမ်းခန်းအတွင်း မှတ်တမ်းများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့တော်ဝန် မင်္ဂလာဈေးပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၇ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းနှင့် စက်ရုံလမ်းထောင့်ရှိ ဈေးများနှင့်ကုန်စည်ပွဲရုံများ စီမံခန့်ခွဲရေးဌာနနှင့် ဆန်းမြတ်ထွန်းကုမ္ပဏီတို့ ပူးပေါင်း၍ တာဝန်ယူဆောင်ရွက်နေသော မင်္ဂလာဈေးပြန်လည်တည်ဆောက်ရေး လုပ်ငန်းခွင်ကို မြေပြင်ကွင်းဆင်း စစ်ဆေးပြီး သတ်မှတ်ချိန် ကာလအတွင်း စံချိန်စံညွှန်း ကိုက်ညီစွာဖြင့် ပြီးစီးအောင်ဆောင်ရွက်ရေး၊ ဆိုင်ခန်းဖွဲ့စည်းနေရာချထားမှုများ အဆင်ပြေ ချောမွေ့စေရေးတို့ကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။





အဆိုပါ မင်္ဂလာဈေးတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် အပြီးဆောင်ရွက်ရန် လျာထားပြီး ဈေးတွင် မြေအောက် နှစ်ထပ်၊ မြေပေါ် ၁၅ ထပ်ဖြင့် ဘဏ်များ၊ City Mart၊ ဆိုင်ခန်းများ၊ ရုံးခန်းများနှင့် ယာဉ်ရပ်နားရန်နေရာများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပုသိမ်မြို့ ဝေန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်

**ပုသိမ် ဇူလိုင် ၂**

ပုသိမ်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ပုသိမ်မြို့ River View ရှိ ငဝန်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့သည်။

အခမ်းအနားသို့ ဒုတိယတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးသော်ထွန်းဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမောင်မောင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးအေးနိုင်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ပုသိမ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝေသန်း၊ အဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်မှူးမင်းမင်းနှင့် ဦးစိုးပိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးစိုးသိန်းနှင့် ဝန်ထမ်းများ၊ ရေလုပ်သားများ တက်ရောက်ကြပြီး ပုသိမ်ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအောက်ခံ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၂၂၀၀၀၀၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၂၉၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၅၁၀၀၀၀ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အလုပ်သမားညီလာခံကို အသုံးမချပါနဲ့. . .

**မင်းပြည့်စုံ**

မကြာမီက ကျင်းပပြီးစီးခဲ့သည့် (၁၀၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ၌ မြန်မာနိုင်ငံဆိုင်ရာ အဆိုမူကြမ်းတစ်စောင်ကို ဇွန်လ ၁၉ ရက်နေ့က အတည်ပြုခဲ့သည်ကို သိရှိရပါသည်။

**ပြင်းထန်စွာ ကန့်ကွက်ပယ်ချ**

ထိုစာတမ်းမှာ **Resolution for a return to democracy and respect for fundamental rights in Myanmar** ဖြစ်ပြီး မြန်မာနိုင်ငံမျက်ကွယ်၌ လိုရာရေးဆွဲထားသည့် မမှန်ကန်သည့် အချက်အလက်များကို ရယူသုံးစွဲအတည်ပြုခဲ့သည်ကို မြင်တွေ့ရပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါမူကြမ်းချမှတ်ခဲ့ခြင်းကို ပြင်းထန်စွာ ကန့်ကွက်ပယ်ချမှုကို ဇွန် ၂၂ ရက်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့ပါသည်။

အဆိုပါမူကြမ်းသည် လက်ရှိ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေမှန်ကို မထင်ဟပ်သည့် မူကြမ်းတစ်စောင်သာဖြစ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရေးအတွက် အလုပ်သမားညီလာခံကို အသုံးချလိုက်ခြင်းသာဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ကျင်းပခဲ့သည့် ILO ၏ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံများကို မပျက်မကွက်တက်ရောက်ခဲ့သည်မှာ ၂၀၂၀ ပြည့်နှစ်အထိ ဖြစ်ပါသည်။

ထိုသို့ နှစ်စဉ်တက်ရောက်ခွင့်ရရှိရန်နှင့် မြန်မာအလုပ်သမားများအရေးကိစ္စများအတွက် သက်ဆိုင်ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ကမကထပြု၍ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များကို သတ်မှတ်ချိန်အတွင်း ရွေးချယ်ပေးနိုင်ရန်အတွက် လွတ်လပ်စွာရွေးချယ်အဆိုပြုပါဝင်ခွင့်ရရန် သက်ဆိုင်ရာအလုပ်သမား၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ကာ နှစ်စဉ်ကြိုးစားပေးခဲ့သည်ကိုလည်း အလုပ်သမားအဖွဲ့အစည်းတိုင်း သိရှိထားပြီးဖြစ်ပါသည်။

ယခုနှစ်တွင်မူ မြန်မာနိုင်ငံအစိုးရကိုယ်စားလှယ်များမပါဝင်သည့် (၁၀၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံတွင် မြန်မာနိုင်ငံနှင့်သက်ဆိုင်သည့် အဆိုမူကြမ်းကို တစ်ဖက်သတ်ရေးဆွဲချမှတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါမူကြမ်းတွင် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သူများနှင့် အကြမ်းဖက်ဆူပူသူများကို ရောနှော၍ သုံးနှုန်းထားသည်ကိုလည်း မြင်တွေ့ရသည်။

**မသိကျိုးကျွံပြုထား**

နိုင်ငံတော်အနေဖြင့် ဖြစ်စဉ်အစမှအဆုံး တိကျသည့် ကိန်းဂဏန်းများ၊ ဖြစ်စဉ်တစ်ခုချင်းအတွက် ရှင်းလင်းဖြေကြားချက်များ များစွာပြုလုပ်ခဲ့သော်လည်း ယင်းအချက်အလက်များကိုမူ လျစ်လျူရှု၍ ထည့်သွင်းဖော်ပြထားခြင်းမရှိခဲ့ပါ။ ထို့အတူ နိုင်ငံ့ဝန်ထမ်းများနှင့် ငြိမ်းချမ်းစွာနေထိုင်လိုကြသည့် ပြည်သူများ ခြိမ်းခြောက်ခံနေရခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခံနေရခြင်းနှင့် လုပ်ငန်းခွင်သို့ ဝင်ရောက်ရန် နှောင့်ယှက်ဟန့်တားနေခြင်းတို့အပေါ်တွင်မူ အဆိုပါမူကြမ်းက မသိကျိုးကျွံပြုထားသည်ကို မြင်တွေ့ရပါသည်။

အိုင်အယ်လ်အို၏စည်းမျဉ်းများအရ အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံသည် သက်ဆိုင်ရာအစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ကိုယ်စားလှယ်များ တက်ရောက်ကြရပြီး နိုင်ငံတစ်နိုင်ငံ၏ အလုပ်သမားရေးရာကိစ္စရပ်များအပေါ်

> **မြန်မာနိုင်ငံအရေးနှင့်သက်ဆိုင်သည့် အဆိုပါ အဆိုပြုမူကြမ်းတွင်မူ ယင်းသို့သော အကြမ်းဖက်ကိစ္စရပ်များကို ထည့်သွင်းပါဝင်ခြင်း မပြုခြင်းသည် မမျှတသည့် အဆိုမူကြမ်းပင်ဖြစ်ပါသည်။ မိမိတို့ပြည်သူအများစုသည် နိုင်ငံရေးအမြင် ကွဲပြားမှုများ မည်မျှပင်ရှိပါစေ တိုင်းပြည်အေးချမ်းတည်ငြိမ်မှုကို လိုလားကြသူများ ဖြစ်ပါသည်။ မိမိတို့နိုင်ငံအရေးကိစ္စကို ဘက်ပေါင်းစုံထောင့်ပေါင်းစုံမှ စေ့ငုခြင်း မရှိဘဲ တစ်ဖက်သတ်စွပ်စွဲပြောဆိုခြင်းနှင့် မိမိတို့နိုင်ငံ၏ အလုပ်သမားအရေးကိစ္စများကို သုံးသပ်ရာတွင်လည်း သုံးပွင့်ဆိုင်ပါဝင်ခွင့်မပေးဘဲ တစ်ဖက်သတ်သဘောထားသာဖြစ်သည်ဟုယူဆ။**

နီးနှောတိုင်ပင်ခြင်း၊ အကြံဉာဏ်များမျှဝေခြင်းနှင့် ဘုံသဘောတူညီချက်များ ပြဋ္ဌာန်းခြင်းတို့ကို ပြုလုပ်ကြသည့် ညီလာခံတစ်ခုလည်းဖြစ်ပါသည်။ သို့သော် ယခုကျင်းပခဲ့သည့် (၁၀၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံတွင်မူ မိမိတို့မြန်မာနိုင်ငံမှ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များအားလုံး မပါဝင်ဘဲ နိုင်ငံတော်အစိုးရကိုယ်စားလှယ်များ တက်ရောက်ခွင့်မရရန် မဟုတ်မမှန်သည့်သတင်းများကို အသုံးပြု၍ နည်းမျိုးစုံသုံး၍ ဟန့်တားခဲ့ကြသည်ကိုလည်း စိတ်မသက်သာဖွယ် မြင်တွေ့ရပါသည်။

ပြီးခဲ့သည့်လအနည်းငယ်အတွင်း အလုပ်ရုံ၊ စက်ရုံများအား မီးရှို့ဖျက်ဆီးခြင်း၊ အလုပ်သမားများ လုပ်ငန်းခွင်မဝင်ရောက်နိုင်ရန် နှောင့်ယှက်ဟန့်တားခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတော်မှ စနစ်တကျကိုင်တွယ်ဖြေရှင်းခဲ့သည်မှာ မိမိတို့ပြည်သူများအားလုံးအသိပင် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံအရေးနှင့်သက်ဆိုင်သည့် အဆိုပါ အဆိုပြုမူကြမ်းတွင်မူ ယင်းသို့သော အကြမ်းဖက်ကိစ္စရပ်များကို ထည့်သွင်းပါဝင်ခြင်း မပြုခြင်းသည် မမျှတသည့် အဆိုမူကြမ်းပင်ဖြစ်ပါသည်။ မိမိတို့ပြည်သူအများစုသည် နိုင်ငံရေးအမြင် ကွဲပြားမှုများ မည်မျှပင်ရှိပါစေ တိုင်းပြည်အေးချမ်းတည်ငြိမ်မှုကို လိုလားကြသူများဖြစ်ပါသည်။ မိမိတို့နိုင်ငံအရေးကိစ္စကို ဘက်ပေါင်းစုံထောင့်ပေါင်းစုံမှ စေ့ငုခြင်းမရှိဘဲ တစ်ဖက်သတ်စွပ်စွဲပြောဆိုခြင်းနှင့် မိမိတို့နိုင်ငံ၏ အလုပ်သမားအရေးကိစ္စများကို သုံးသပ်ရာတွင်လည်း သုံးပွင့်ဆိုင်ပါဝင်ခွင့်မပေးဘဲ တစ်ဖက်သတ်သဘောထားသာဖြစ်သည်ဟု ယူဆရပါလိမ့်မည်။

မိမိတို့နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များကြောင့် အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများ စိတ်မအေးကြရဘဲ အပြစ်မဲ့ပြည်သူနှင့် ဝန်ထမ်း ၁၇၀ ကျော်ခန့် အကြမ်းဖက်လုပ်ရပ်များကြောင့် အသက်ဆုံးရှုံးခဲ့ရသကဲ့သို့ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရဲတပ်ဖွဲ့ဝင် ၈၀ ကျော် အသက်ဆုံးရှုံးခဲ့သည်ကိုလည်း မြင်တွေ့ရမည် ဖြစ်ပါသည်။

မတရားစွပ်စွဲပြစ်တင်၍ မိမိတို့နိုင်ငံအရေးကို ဝင်ရောက်စွက်ဖက်ရန် အသုံးချခံရသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံကြီးကို မြင်ရသည့်အတွက် စိတ်မသက်မသာဖြစ်ရပြီး မိမိတို့နိုင်ငံအတွက်၊ မိမိတို့အလုပ်သမားများအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ မှန်ကန်မျှတသည့် အတွေးအခေါ်နှင့် လုပ်ရပ်များကိုသာ မျှော်လင့်လျက်ရှိပါကြောင်း အလုပ်သမားတစ်ဦး၊ ပြည်သူတစ်ဦးအနေဖြင့် တင်ပြလိုက်ရပါသည်။ ။

## ကျေးလက်ရေရရှိရေးနှင့် ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ လွှဲပြောင်းပေးအပ်

**ဒေးဒရဲ ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကျေးလက်ရေရရှိရေးလုပ်ငန်းများ၊ ကုန်ထုတ်လမ်း၊ တံတားများလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



အခမ်းအနားတွင် မြို့နယ်ကျေးလက်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စွာမြင့်က ရေရရှိရေးလုပ်ငန်းများနှင့် လမ်းတံတားများ တည်ဆောက်ခဲ့ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ကျေးရွာအုပ်စု ၁၁ စု၊ ကျေးရွာ ၁၃ ရွာ၌ ရေရရှိရေးလုပ်ငန်း ၁၃ ခု၊ ကျေးရွာအုပ်စုနှစ်စု၊ ကျေးရွာသုံးရွာတွင် ကုန်ထုတ်လမ်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်း ၁၉ ခုတို့အား ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်**

## မိုးရာသီကာလ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ ပခုက္ကူခရိုင်ဦးစီးမှူးရုံးနှင့် သင်တန်းကျောင်းများတွင် မိုးရာသီကာလ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းဝင်းအတွင်း ကျင်းပသည်။




ပခုက္ကူခရိုင်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပခုက္ကူ)နှင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ပခုက္ကူ)တို့မှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းသား သင်တန်းသူများက ရတနာတန်းဝင်ပင် ၄၃ ပင်၊ နှစ်ရှည်ပင် ၇၀ နှင့် အရိပ်ရလေကာပင် ၆၉ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အလားတူ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ သင်တန်းကျောင်းများတွင်လည်း မိုးရာသီကာလသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

**သျှားထက်(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့ကို နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အမိန့်အမှတ် ၂၇၃/၂၀၂၁
၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် COVID–19 ခတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home)လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး(Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်–

(က) စစ်ကိုင်းတိုင်းဒေသကြီး
  (၁) ဟုမ္မလင်းမြို့နယ်၊
(ခ) မန္တလေးတိုင်းဒေသကြီး
  (၁) ပြင်ဦးလွင်မြို့နယ်၊
(ဂ) ရှမ်းပြည်နယ်
  (၁) နောင်ချိုမြို့နယ်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး(Stay at Home)အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် –
  (၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊
  (၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊
  (၃) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှား လေယာဉ်ခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/ အထွေထွေ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ် ဆီဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ လေယာဉ်တင် အစားအသောက်ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်း မွမ်းမံခြင်းလုပ်ငန်းမှ ဝန်ထမ်းများမပါ၊
  (၄) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိကဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/ သွင်းကုန်သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ် လုပ်ငန်းများ၊ ကုန်းတွင်းကုန်သေတ္တာစခန်းများ(Inland Container Depot)နှင့် ကုန်းတွင်းဆိပ်များ (Dry Port)မှ ဝန်ထမ်းများမပါ၊
  (၅) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှု လုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက် ဝန်ဆောင်မှုများ(ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)စက်ရုံ၊ အလုပ်ရုံများတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊
(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊
(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင်တစ်ဦးသာ သွားရောက်ရန်၊
(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင်နှစ်ဦးသာ သွားရောက်ရန်၊
(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း(Mask)တပ်ရန်၊
(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန်သွားလာခွင့်ပြုရန်၊
(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊
(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure(SOP)အတိုင်း လိုက်နာ ဆောင်ရွက်ရန်။

၄။ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၃–၇–၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး

## မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို ကိုဗစ်-၁၉ အတည်ပြုလူနာများအတွက် ခုတင်(၅၀၀) အရိုးအထူးကုဆေးရုံကြီးတွင် ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မန္တလေး ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး Coronavirus Disease 2019 (COVID–19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ကိုသည် ယနေ့ နံနက် ၁၀ နာရီက ကိုဗစ်အတည်ပြုလူနာများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ပြင်ဆင်နေသည့် ခုတင် (၅၀၀) အရိုးအထူးကုဆေးရုံကြီးသို့ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် ချမ်းမြသာစည်လေဆိပ်ဟောင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းထားသည့် (၂၀၄)ခုတင်ဆံ့ ကိုဗစ်ကုသရေးစင်တာ တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိပြီး မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများက တည်ဆောက်နေမှုများကို ရှင်းလင်းတင်ပြရာ ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌက လေဒဏ်



မိုးဒဏ်ခံနိုင်ပြီး အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရေး၊ အဝင်အထွက်လမ်းများ၊ နားနေဆောင်များနှင့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်မည့်နေရာများကို စနစ်တကျ သတ်မှတ်သွားရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးမှာကြားကာ ကိုဗစ်ကုသရေးစင်တာကို စက်ယန္တရားအင်အား၊ လူအင်အားတို့ဖြင့် တည်ဆောက်နေမှုကို လိုက်လံကြည့်ရှုသည်။

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို နီးနွယ်ဌာနများဖြင့် အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးတိုင်းရင်းဆေးရုံကြီး၊ ၆၂ လမ်းသံဃာ့ဆေးရုံကြီး၊ မန္တလေးအလုပ်သမားဆေးရုံကြီး၊ ဇီဝိတဒါနသံဃာ့ဆေးရုံ(ကန်တော်ကြီး) တို့တွင် ကိုဗစ်အတည်ပြုလူနာများကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ ယခုကုသရေးစင်တာ တည်ဆောက်နေမှုများပြီးသွားပါက ပိုမိုကုသဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့က လိုအပ်မည့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့များနှင့် အခြားလိုအပ်မည့် ကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေဂုဏ်ဆောင် ဆရာကြီး ငွေးမောင်

နုနုယဉ် (စာပေဗိမာန်)

**မင်္ဂလာသတင်း**

၁၇-၆-၂၀၁၃ ရက်ထုတ် သတင်းစာများတွင် မင်္ဂလာသတင်းတစ်ပုဒ် ဖော်ပြပါရှိခဲ့သည်။ ထိုသတင်းမှာ ၂၀၂၀ ပြည့်နှစ်အတွက်မှ စတင်၍ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ငွေများကို တိုးမြှင့်ချီးမြှင့်သွားမည်ဆိုသည့် သတင်းဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးချီးမြှင့်ရာရောက်စေရန်၊ စာပေပညာရှင်များအား ဂုဏ်ပြုရာရောက်စေရန်၊ စာကောင်းပေမွန်များ ထွန်းကားပြန့်ပွားစေရန် စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ်အတွက်မှ စတင်၍ အမျိုးသားစာပေတစ်သက်တာဆုကို ငွေကျပ် သိန်း ၅၀ မှ သိန်း ၁၀၀၊ အမျိုးသားစာပေဆုကို ငွေကျပ် ၂၅ သိန်းမှ သိန်း ၃၀၊ စာပေဗိမာန်စာမူဆု ပထမဆုကို ငွေကျပ် ၁၀ သိန်းမှ ၁၅ သိန်း၊ ဒုတိယဆုကို ငွေကျပ် ခုနစ်သိန်းမှ ၁၀ သိန်း၊ တတိယဆုကို ငွေကျပ် ငါးသိန်းမှ ခုနစ်သိန်း တိုးမြှင့်ပြင်ဆင် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းဖော်ပြခဲ့သည်။

ပြည်သူ့အတွက် အကျိုးပြုစာပေများကို ရေးသားသော စာရေးဆရာကြီးများကို နှစ်စဉ်ရွေးချယ်ပြီး အမျိုးသားစာပေဆု ချီးမြှင့်ခဲ့သည့်အပြင် ဘဝတစ်သက်တာ စာရေးခြင်းနှင့် ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့ပြီး လေးစားထိုက်သော စာပေလက်ရာအများအပြားကို ရေးသားပြုစုခဲ့သူ စာရေးဆရာ၊ စာပေပညာရှင်များအား စိစစ်ရွေးချယ်ပြီး အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၂ ခုနှစ်မှစတင်၍ ၂၀၀၁ ခုနှစ်အတွက် ပထမဆုံးအကြိမ်အဖြစ် ချီးမြှင့်ခဲ့သည်။

စတင်ချီးမြှင့်ခဲ့သည့် ၂၀၀၁ ခုနှစ်အတွက်မှသည် နောက်ဆုံးချီးမြှင့်ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်အတွက်အထိ အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး ဆရာမကြီး စုစုပေါင်း ၃၁ ဦး ရှိပြီဖြစ်ပြီး ၁၁ ဦးမှာ ကွယ်လွန်သွားပြီ ဖြစ်သည်။

အမျိုးသားစာပေ တစ်သက်တာဆု စတင်ချီးမြှင့်စဉ်က ငွေကျပ်လေးသိန်း၊ ၂၀၀၆ ခုနှစ်အတွက်မှစ၍ ငွေကျပ် ခြောက်သိန်း၊ ၂၀၁၀ ပြည့်နှစ်အတွက်မှစ၍ ငွေကျပ် ၁၀ သိန်း၊ ၂၀၁၂ ခုနှစ် အတွက်မှစ၍ ငွေကျပ် ၁၅ သိန်း၊ ၂၀၁၃ ခုနှစ်အတွက်မှစ၍ ငွေကျပ် ၂၅ သိန်း၊ ၂၀၁၆ ခုနှစ်အတွက်မှစ၍ ငွေကျပ်သိန်း ၅၀ အဆင့်ဆင့်တိုးမြှင့်ခဲ့ရာ ယခုနှစ်စာဆိုတော်နေ့တွင် ချီးမြှင့်မည့် ၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုကို ငွေကျပ် သိန်း ၁၀၀ ချီးမြှင့်တော့မည် ဖြစ်ပေသည်။

စာရေးဆရာ ဆရာမကြီးများနှင့် စာပေပညာရှင်ကြီးများသည် ၎င်းတို့၏ ဘဝတစ်သက်တာ စာပေရေးသားခြင်း၊ သုတေသနပြုခြင်းတို့ကို ဆုအစရှိသည့် အကျိုးတစ်စုံတစ်ရာ မျှော်ကိုး၍ မဟုတ်ဘဲ ၎င်းတို့၏စေတနာ၊ ဝါသနာ၊ ပညာတို့၏ နှိုးဆော်မှုကြောင့် စာပေတာဝန်၊ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့ကြခြင်းဖြစ်သည်။

သို့သော် နိုင်ငံတော်အစိုးရက ယခုကဲ့သို့ စာပေဆုငွေပမာဏတိုး၍ ချီးမြှင့်ဂုဏ်ပြုပေးခြင်းဖြင့် စာရေးဆရာများ မိမိကိုယ်ကိုယုံကြည်မှုတိုးလာပြီး ထူးချွန်ပြောင်မြောက်သည့် စာပေလက်ရာကောင်းများ ပေါ်ထွန်းရန် ကြီးမားသည့် တွန်းအားတစ်ရပ်၊ အထောက်အပံ့တစ်ရပ်ဖြစ်မည်မှာ မုချဧကန် သေချာလှပေသည်။

**၂၀၀၃ ခုနှစ်အတွက် တစ်သက်တာစာပေဆုရှင်**

၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုကို ဆရာကြီး ငွေးမောင်အား ရွေးချယ်ချီးမြှင့်ခဲ့သည်။

ဆရာငွေးမောင်ကို ၁၉၂၇ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် မကွေးတိုင်းဒေသကြီး ချောက်မြို့၌ အဖ ကျောင်းဆရာ ဦးတိုင်းကျော်နှင့် အမိ ဒေါ်ငွေခဲ တို့က မွေးဖွားခဲ့သည်။ မွေးချင်းခြောက်ယောက်အနက် ပဥ္စမမြောက်ဖြစ်သည်။ ငယ်စဉ်ကပင် ဖခင် ကွယ်လွန်ခဲ့သည်။

ဆရာကြီး ငယ်စဉ်က ချောက်မြို့ဘုန်းတော်ကြီး ဦးမေဓာကျောင်း၌ ပညာသင်ယူပြီး စစ်ကြိုခေတ်က အသက်ကိုးနှစ်အရွယ်ရောက်မှ ချောက်မြို့ အေးစေတီ အထက်တန်းကျောင်း (ဦးနန္ဒ အထက်တန်းကျောင်း)တွင် ပညာသင်ယူသည်။ ခုနစ်တန်း အောင်မြင်ခဲ့သည်။ ၁၉၄၄ ခုနှစ် အကုန်ပိုင်းတွင် ရေနံချောင်းမြို့၌ ဂျပန်စစ်တပ်က ဖွင့်လှစ်သော ဆေခိယုခေါဂျောဟုခေါ်သည့် အင်ဂျင်နီယာကျောင်း၌လည်း ပညာသင်ခဲ့သည်။

ဆရာကြီးသည် ထိုစစ်တွင်းကာလ ရေနံမြေ၌ အလုပ်လုပ်ရင်း မျိုးချစ်အမည်ရှိ လက်ရေးစာစောင်ကို စတင်ထုတ်ဝေခဲ့သည်။ ၁၉၄၃ ခုနှစ်တွင် အာရှလူငယ်အဖွဲ့တွင် ဥက္ကဋ္ဌဖလမှူးဖြစ်လာသည်။ ၁၉၄၅ ခုနှစ် ဒီဇင်ဘာလတွင် ပြည်သူ့ရဲဘော်အဖွဲ့၌ တွဲဖက်အထွေထွေဌာနမှူး၊ နောင်တွင် ဥက္ကဋ္ဌဖလမှူးတာဝန်ကိုပါ တွဲဖက်ယူပြီး အလင်းရောင်စာစောင်ကို ဦးစီးထုတ်ဝေသည်။ ဥက္ကဋ္ဌဖလပြိုင်ပွဲများ လုပ်ခဲ့သည်။ စာဆိုတော်နေ့အခမ်းအနားများ ကြီးမှူးကျင်းပခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ပြည်သူ့ရဲဘော်၌ တွဲဖက်အတွင်းရေးမှူး၊ မြို့နယ် ဖဆပလဦးစီးအဖွဲ့ဝင်၊ ရေနံမြေ အစည်းအရုံးအမှုဆောင် စသည်ဖြင့် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။



၂၀၀၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရှင် စည်သူ ဦးငွေးမောင်(ငွေးမောင်)

၁၉၄၇ ခုနှစ် ဧပြီ ၂၀ ရက် ပြည်သူ့ရဲဘော်ဂျာနယ်တွင် ရေနံမြေက ရဲဘော် ကလောင်အမည်ဖြင့် "သင်းတို့လောက" ဝတ္ထုတိုကို ပထမဆုံးပုံနှိပ်ဖော်ပြခြင်းခံရပြီး စာပေနယ်သို့ ရောက်ရှိခဲ့သည်။ ၁၉၄၈ ခုနှစ် မေလထုတ် ရှုမဝမဂ္ဂဇင်းပါ "နု" ဝတ္ထုရှည်တွင် ငွေးမောင် ကလောင်အမည်ကို စတင်သုံးခဲ့သည်။

ဆရာကြီး ငွေးမောင်သည် ၁၉၅၂-၁၉၅၅ ခုနှစ်များတွင် သွေးသောက်မဂ္ဂဇင်း အယ်ဒီတာ၊ ၁၉၅၆-၁၉၇၈ ခုနှစ်များတွင် မြဝတီမဂ္ဂဇင်းအယ်ဒီတာ၊ ၁၉၈၀-၁၉၈၄ ခုနှစ်များတွင်သပြေမဂ္ဂဇင်းအယ်ဒီတာ၊ ၁၉၅၈-၁၉၉၃ ခုနှစ်များတွင် သိပ္ပံမဂ္ဂဇင်းအယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ အယ်ဒီတာအဖြစ် ၄၅ နှစ်ခန့် ဆောင်ရွက်ခဲ့ရင်း စာရေးဆရာအသင်း၊ စာပေပြန့်ပွားရေးအသင်းနှင့် စာပေလုပ်သားအဖွဲ့တို့တွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။ မြဝတီမဂ္ဂဇင်းတွင် တာဝန်ခံစာတည်းအဖြစ် ၂၄ နှစ်ခန့် ဆောင်ရွက်ခဲ့စဉ်က ကလေးဂျာနယ်၊ မြတ်လုလင်ရုပ်စုံတို့တွင်လည်း အယ်ဒီတာအဖြစ် ဝင်ရောက်အမှုထမ်းခဲ့သည်။

၁၉၅၀ ပြည့်နှစ် ဧပြီလတွင် ချောက်မြို့၌ ဒေါ်ငွေဆိုင်နှင့် အိမ်ထောင်ပြုပြီးနောက် သားခြောက်ယောက်ထွန်းကားခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ဆရာဇဝန ဦးဆောင်သော စာနယ်ဇင်းအဖွဲ့နှင့်အတူ ဩစတြေးလျနိုင်ငံ၊ ပါပူးဝါးနယူးဂီနီနိုင်ငံတို့ကို လေ့လာရေးခရီး သွားရောက်ခဲ့သည်။

**အသံဆူမှ စာရေးတတ်သူ**

စာရေးဆရာအများစုမှာ တိတ်ဆိတ်ငြိမ်သက်နေချိန်တွင် စျာန်ဝင်စားပြီး စာရေးတတ်ကြသည်။ အချို့သော စာရေးဆရာများဆိုလျှင် စာတစ်အုပ်၊ ဝတ္ထု တစ်အုပ်ရေးရန် ဟိုတယ်တွင် အခန်းငှားပြီး အခန်းအောင်း ရေးတတ်ကြသည်ဟု ကြားဖူးသည်။

ဆရာငွေးမောင်က ထိုသို့မဟုတ်။ အလုပ်များခြင်း၊ လူရှုပ်ခြင်း၊ ဆူညံခြင်းတို့မှာ ဆရာ့အတွက် အနှောင့်အယှက်မဖြစ်။ ဆရာသည် လုံးဝတိတ်ဆိတ်နေလျှင် စာရေး၍ မရပေ။ စက်သံတစ်ခုခုကို ကြားနေရမှ၊ လူသံ သူသံ ကလေးသူငယ်များ ကစားအော်ဟစ် နေသံ၊ ယာဉ်များသွားလာနေသံ စသည်တို့ကို ကြားမြင်နေရင်းမှသာ စာရေးတတ်သည်။ ဆရာ၏ စာရေးသက်တစ်လျှောက်လုံး လူခြေတိတ် ညဉ့်နက်သန်းခေါင် လင်းအားကြီး၌ စာရေးသည်ဟူ၍ မရှိခဲ့ဖူးပေ။ စာရေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော်လည်း စာရေးခြင်းကြောင့် အိပ်ပျက်ခြင်းဟူ၍ တစ်ခါမျှ မဖြစ်ဖူးပါ။ နေ့ပိုင်း၌ဖြစ်စေ၊ ညဦးပိုင်း၌ဖြစ်စေ စာရေးစဉ် တိတ်ဆိတ်နေပါက အသံမြည်လျှင်ပြီးရော သဘောဖြင့် ရေဒီယိုကို ဖွင့်ထားတတ်ပေသည်။

မဂ္ဂဇင်းလောကတွင် အရေအတွက်ရော အောင်မြင်မှုပါ ကျေနပ်ဖွယ်ရာ ဖြစ်သော်လည်း လုံးချင်းစာအုပ်နှင့် စပ်လျဉ်း၍ ဆရာကြီးက "ကိုယ်တိုင်က လုံးချင်းစာအုပ် စာရေးနည်းလှသဖြင့် လုံးချင်းနယ်ပယ်နှင့် အံဝင်ခွင်ကျ မဖြစ်ခြင်းလည်း ဖြစ်တန်ရာသည်" ဟု ကိုယ့်ကိုယ်ကိုယ် စိတ်ချမ်းသာအောင် ဖြေတွေးပြီး ကျေနပ်ရောင့်ရဲနေတတ်သည်။

လုံးချင်းအုပ်ရေ နည်းသော်လည်း ဆရာကြီး၏ ဘဝတစ်သက်တာလုံး တိုင်းပြည်အကျိုးကို စာပေနှင့် သယ်ပိုးထမ်းရွက်ခဲ့သော ကျေးဇူးကို ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်က ၂၀၁၂ ခုနှစ်တွင် စည်သူဘွဲ့ကို အပ်နှင်းခဲ့ပါသည်။

**ဆရာကြီး ငွေးမောင်၏ ကလောင်စွမ်းအား**

ဆရာကြီး ငွေးမောင်သည် အသက် ၂၀ အရွယ် ၁၉၄၇ ခုနှစ်မှစတင်ကာ ရေနံမြေက ရဲဘော်၊ ရဲဘော် မောင်လှ၊ မောင်မြင့်ထူး၊ မောင်မြတ်စံ၊ စာရေးဆရာတစ်ဦး၊ အယ်ဒီတာ တစ်ဦး၊ စာဖတ်သူတစ်ဦး၊ ငွေးမောင် စသည့် ကလောင်အမည်များစွာဖြင့် ပင်ကိုရေးဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ဘာသာပြန်ဝတ္ထုတိုနှင့် ဆောင်းပါး၊ ကလေးပုံပြင်တို့အပြင် ဘာသာပြန်စာပေ စာတမ်းနှင့် စာနယ်ဇင်းသမိုင်း စာတမ်းတို့ကိုလည်း ရေးသားခဲ့ရာ စုစုပေါင်း ၁၀၀၀ ကျော်ရှိခဲ့သည်။

ပင်ကိုရေးဝတ္ထုရှည်များဖြစ်သည့် ချစ်သောဒွေးမယ်နော် (၁၉၆၄)၊ စွန့်စားမှု (၁၉၆၄)၊ တိုက်ပွဲခေါ်သံ (၁၉၆၅)၊ နုမှသည် တိုက်ပွဲခေါ်သံ (၁၉၇၄)၊ နှင်းဖြူဖြူလွင် (၁၉၅၆)၊ ပန်းနွယ် ရွှေရည် မလူးတည့် ဗိုလ်ယက္ခနှင့် လှမျိုးစစ် (၁၉၇၂)၊ သေမင်းကို အန်တုသူ (၁၉၈၀)၊ အချစ်မှောင် (၁၉၆၀)၊ အရေးတော်ပုံ (၁၉၆၄)၊ တိုက်ပွဲခေါ်သံ(၁၉၆၅) တို့ ထွက်ရှိခဲ့သည်။ ဘာသာပြန် လက်ရာများအနက် အချို့မှာ စွန့်စွန့်စားစား ဆော်လမွန်သိုက်၊ တာရာရှင်မ၊ လူဆိုးကြီး ဂျက်စီဂျိမ်း၊ သွေးဆိုး၊ အလန် ကွာတာမိန်း၊ သူပုန်ကြီး ကီမာသီတို့ ဖြစ်သည်။


**အရေးတော်ပုံစာအုပ်**


၁၉၆၄ ခုနှစ် ဒီဇင်ဘာလတွင် "အရေးတော်ပုံ" ဝတ္ထုကို ထုတ်ဝေခဲ့သည်။ အရေးတော်ပုံမှာ ၁၃၀၀ ပြည့် အရေးတော်ပုံဟု ထင်ရှားခဲ့သော စစ်ကြိုခေတ်က ချောက်၊ ရေနံချောင်း ရေနံမြေတွင် ဖြစ်ပွားခဲ့သည့် သပိတ်တိုက်ပွဲအကြောင်းကို ရေးခြယ်တင်ပြထားခြင်း ဖြစ်သည်။

တိုင်းပြည်နှင့် လူမျိုးအကျိုးကို များစွာဖြစ်ထွန်းစေသော လွတ်လပ်ရေးတိုက်ပွဲတွင် ဂုဏ်ရောင် ထွန်းပြောင်သည့် ၁၃၀၀ ပြည့် အရေးတော်ပုံအကြောင်းကို ရေနံမြေသား တစ်ယောက်အနေဖြင့် ဆရာကြီးက ရေးသားခဲ့ခြင်းဖြစ်သည်။

ဆရာငွေးမောင်၏ အရေးတော်ပုံဝတ္ထုဖတ်ပြီးနောက် စာဖတ်သူများထံမှ မိမိတို့၏ရင်ထဲတွင် ပျိုးတွယ်စပြုနေသော နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားစိတ်ဓာတ်ကို ခိုင်မာအောင် ရေလောင်းပေးလိုက်သလိုဖြစ်ကြောင်း၊ အလုပ်သမားများ၏ ဘဝနစ်နာမှု၊ ထိုနစ်နာမှုမှ ပေါက်ဖွားလာသော ဒေါသ၊ ၎င်းဒေါသနှင့်အတူ ခိုင်မာလာသော ယုံကြည်ချက်၊ အဆိုပါ ယုံကြည်ချက်ကြောင့် မိုင်လေးရာ ချီတက်ပွဲတွင် သေသေကျေကျေ ရဲရင့်ခဲ့သော သတ္တိများမှာ အရေးတော်ပုံကိုဖတ်ရင်း ရင်ထဲတွင် တဟုန်းဟုန်း ပေါ်ပေါက်လာကြောင်း၊

စာမျက်နှာ ၉ သို့ ☆





☆ စာမျက်နှာ ၈ မှ

အလုပ်သမားများနှင့်အတူ ငတ် ငတ်ချင်း၊ ဆင်းရဲ ဆင်းရဲချင်း၊ အေးတူပူမျှ ကိုယ်တိုင်ပါဝင် လိုက်ပါပြီး ချီတက်နေရသလို ထင်မြင်လာစေကြောင်း ဆရာကြီးထံသို့ ချီးကျူးစာများ ရေးသားပေးပို့ကြသည်။

အရေးတော်ပုံဝတ္ထုသည် ၁၉၆၄ ခုနှစ်အတွက် အမျိုးသားစာပေဆု (ဝတ္ထုရှည်) ဒုတိယဆုကို ရရှိခဲ့သည်။ ထိုအရေးတော်ပုံဝတ္ထုနှင့်ပတ်သက်၍ ၁၉၆၆ ခုနှစ် ဇန်နဝါရီလထုတ် အတွေးနှင့်အရေး စာအုပ်၌ ဆရာ သိန်းဖေမြင့်က–

အမျိုးသားစာပေ ဒုတိယဆုရသော အရေးတော်ပုံဝတ္ထုမှာ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ၏ တပ်ဦးဖြစ်သော ရေနံမြေသပိတ်ကြီးအကြောင်းကို ဝတ္ထုရေခံမြေခံထားပြီး ထိုသပိတ်တွင် ပါဝင်ကြသော အသက်ထင်ရှားရှိခဲ့ကြသည့် ဇာတ်ကောင်များနှင့် စာရေးဆရာဖန်တီးထားသော ဇာတ်ကောင်များပူးပေါင်းကာ တည်ဆောက်ထားကြောင်း၊ ၁၃၀၀ ပြည့်အရေးတော်ပုံနှင့် ၎င်း၏တပ်ဦးဖြစ်သော ရေနံမြေသပိတ်ကြီးတို့ကို ဂုဏ်ရောင် တောက်ပစွာ မော်ကွန်းတင်ထားကြောင်း၊ အရေးတော်ပုံမှာ စရိုက်သဘာဝ သရုပ်ဖော်မှု မည်မျှကောင်းသနည်း ဆိုသော် ကျွန်တော့်စိတ်ထဲမှာ အားလုံး ဇာတ်လိုက်ချည်းဖြစ်နေကြောင်း ဖော်ပြရေးသား ဂုဏ်ပြုခဲ့သည်။


**တိုက်ပွဲခေါ်သံစာအုပ်**

၁၉၆၅ ခုနှစ် အမျိုးသားစာပေဆုပြိုင်ပွဲတွင် ဆရာငွေးမောင်၏ “တိုက်ပွဲခေါ်သံ” က ပထမဆု ရရှိခဲ့သည်။ ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကာလ၊ နယ်ချဲ့တော်လှန်ရေးကာလမှ ဖက်ဆစ်တော်လှန်ရေးကာလ၊ လွတ်လပ်ရေးတိုက်ပွဲကာလအထိ သမိုင်းဖြစ်ရပ်နောက်ခံပြုကာ တော်လှန်ရေးနှင့် တိုက်ပွဲကာလများအတွင်း လူတို့၏စရိုက်ကို ထင်ဟပ်ပြထားသော ဝတ္ထုဖြစ်သည်။

ဆုရသူများအား ကြေးမုံသတင်းစာက တွေ့ဆုံမေးမြန်းရာ ဆရာငွေးမောင်က– ဖက်ဆစ်တော်လှန်ရေးတွင် မြန်မာတိုင်းရင်းသားတို့၏ လှုပ်ရှားမှုအခန်း ပေါ်လွင်စေလိုကြောင်း၊ ဘာသာပြန်စစ်ဝတ္ထုများကြောင့် မြန်မာပြည်၏ ဖက်ဆစ်တော်လှန်ရေးမှာ အင်္ဂလိပ်ဗိုလ်ချုပ်ကြီးများ ဖြစ်ကြသော ဝင်းဂိတ်တို့၊ စလင်းတို့သာ သူရဲကောင်းကြီးများဟု လူငယ်များ ထင်မှတ်မှားမည်ကို စိုးရိမ်ကြောင်း၊ ထို့ကြောင့် တိုက်ပွဲခေါ်သံဝတ္ထုကို ရေးသားခဲ့ကြောင်း ဖြေကြားခဲ့ရာ ဆရာငွေးမောင်၏ မျိုးချစ်စိတ်ဓာတ်ကို ထင်ထင်ရှားရှား မြင်တွေ့ရပါသည်။

တိုက်ပွဲခေါ်သံဝတ္ထုကို ဆရာ ရန်ကုန်ဘဆွေက အမှာစာရေးရာတွင် “ယခုကဲ့သို့ တိုင်းသိပြည်သိ လူတိုင်းသိသော တကယ့်အဖြစ်အပျက်တစ်ရပ်ကို ရေးသားရာ၌ ဤသို့ တကယ်ရှိ တကယ်ဟုတ်သော လူများနှင့် တကယ်တူသည့် ဇာတ်ကောင်များကို ဖန်တီးပေးနိုင်ရန် စာရေးဆရာတို့အတွက် အရေးကြီးဆုံး ဖြစ်၏။ ဆရာ ငွေးမောင်သည် ထိုအရေးကြီးဆုံးအချက်ကို အောင်မြင်စွာ ကြိုးပမ်းနိုင်ခဲ့သူ ဖြစ်၏” ဟု ဖော်ပြထားသည်။

“ငွေးမောင်သည် ဇာတ်ဆောင်များကို ကိုင်တွယ်၍ နောက်ခံဖြစ်ရပ်မှန်တို့ကို အခြေခံသော ဝတ္ထုကိုရေးဖွဲ့ရာ၌ အတော်ကြီး အားထုတ်ထားသည်မှာ ထင်ရှားပါသည်။ ထို့ကြောင့်လည်း တိုက်ပွဲခေါ်သံသည် ငွေးမောင်၏ ထင်ရှားအောင်မြင်သော ဝတ္ထုတစ်ပုဒ်ဟု ဆိုရပေမည်” ဟုလည်း မလိခ၏ မြန်မာဝတ္ထုအညွှန်းတွင် ဖော်ပြထားသည်ကို တွေ့ရသည်။



ဆရာကြီး ဦးငွေးမောင်၏ လက်ရေးမူ

တိုက်ပွဲခေါ်သံဝတ္ထုပါ ဂျပန်အရာရှိ ကေဘီထိုင်ကို ကိုရွှေမောင်တို့ တော်လှန်ရေးသမားများက ဖမ်းမိရာ သတ်မည်ပြုစဉ် ဂျပန်မှာ စိတ်ဖောက်ပြန်သွား၍ ကိုရွှေမောင်က လွှတ်ပစ်လိုက်သော အချက်နှင့်ပတ်သက်၍ ဆရာကြီးဦးသုခကလည်း “ကေဘီထိုင် အရာရှိကို လွှတ်ပစ်လိုက်တဲ့အခန်း သိပ်ကြိုက်တယ်ဗျာ၊ ငါသာဆိုရင် ဒီလိုလွှတ်နိုင်ပါ့မလား ဆိုတာကိုလည်း လေးလေးနက်နက် စဉ်းစားမိတယ်”ဟု ဆရာငွေးမောင်နှင့် တွေ့ဆုံစဉ် ပြောဆိုခဲ့သည်ဟု သိရသည်။

**ချစ်သော ဒွေးမယ်နော်စာအုပ်**

ယဉ်ကျေးမှုအနုပညာ ဟူသည်မှာ လူမျိုး၏ အသက်သွေးခဲနှင့် တူလေရာ မြေပြန့်မှ အနုပညာကို တောင်ပေါ်သို့ ပို့ဆောင်ပြီး တောင်ပေါ်မှ ယဉ်ကျေးမှုကိုလည်း မြေပြန့်သို့ သယ်ဆောင်ရမည်ဖြစ်၏။ မြေပေါ်မှ ယဉ်ကျေးမှုကို တောတောင်လျှိုမြောင်များသို့အရောက်ပို့ကာ တောတောင်လျှိုမြောင်အတွင်းမှ အနုပညာအရပ်ရပ်ကိုလည်း မြို့ပေါ်သို့ ရောက်လာအောင် အားထုတ်ကြရမည် ဖြစ်သည်။ ဤသို့ အနုပညာချင်း ရင်းနှီးပွန်းတီးလာသည်နှင့် အမျှ လူမျိုးစုတစ်ခုနှင့်တစ်ခု၊ လူတစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုလည်း ပို၍ကြီးထွားခိုင်မာလာမည်မှာ မုချဖြစ်လေသည်။

ပြည်ထောင်စုနေ့ သမိုင်းတစ်လျှောက်တွင် ပထမဆုံးအကြိမ်အဖြစ် ပြည်နယ်၌ ကျင်းပသည့် ၁၉၆၃ ခုနှစ် (၁၆) ကြိမ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပွဲရှိရာ ကယားပြည်နယ် လွိုင်ကော်မြို့သို့ စာပေခရီးသွားရင်း ဆရာကြီး ငွေးမောင်သည် ဤကြီးလေးသောတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဆရာကြီးသည် လောပိတလျှပ်စစ်ဓာတ်အားပေးရုံ၊ ဘီလူးချောင်းရေတံခွန်၊ ငွေတောင်ဆည်၊ ဒီမောဆိုးနှင့် ဖရူဆိုဆေးရုံ၊ ကန်ခုနစ်ဆင့်၊ အီတာလျုံကျောက်ပြားချောလုပ်ငန်း၊ တစ်ဆယ့်ရှစ်ပေရှည်လျားသော ခေါင်းတလားကြီးများရှိရာ ကျတ်ဂူ၊ တောင်ကွဲစေတီ စသည့် ထင်ရှားသည့်နေရာဒေသများသို့ သွားရောက်လေ့လာခဲ့ပုံ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ပဒေသာကပွဲကို ပါဝင်ဆင်နွှဲခဲ့ပုံ၊ ရိုးရာအစားအသောက်နှင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ တင်ပြဆွေးနွေးခဲ့ပုံများကို ကယားပြည်နယ်အား ဒွေးမယ်နော်ဟု တင်စားကာ “ချစ်သော ဒွေးမယ်နော်” စာအုပ်ရေးသားပြီး တိုင်းရင်းသား ချစ်ကြည် စည်းလုံးရေးဖော်ဆောင်ခဲ့ပေသည်။

**ကလေးတို့အကြိုက် ... နိုင်ငံတကာပုံပြင်များစာအုပ်**

ဆရာကြီးသည် အရေးတော်ပုံ၊ တိုက်ပွဲခေါ်သံတို့ကဲ့သို့ ဂန္ထဝင်မြောက် စာကြီးပေကြီးများကို ရေးသားခဲ့ရုံသာမက ကလေးသူငယ်များ အသိအလိမ္မာ၊ အတွေးအခေါ်နှင့် ဉာဏ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတကာပုံပြင်များကိုလည်း စုစည်း ဘာသာပြန်ဆိုခဲ့သည်။

အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေထားသော ပုံပြင်စာအုပ်အသီးသီးမှ ကောင်းနိုးရာရာများကို ရွေးချယ်၍ ဆရာကြီး ဘာသာပြန် စုစည်းထားသော ကလေးတို့အကြိုက် “အသိအလိမ္မာ အတွေးအခေါ်နှင့် ဉာဏ်ပညာ နိုင်ငံတကာပုံပြင်များ”စာအုပ်တွင် လူသားတို့ကို ပထမဆုံး ဖျော်ဖြေမှုပေးသည့်အရာ၊ ပညာပေးသည့်အရာမှာ ပုံပြင်များဖြစ်ကြောင်း၊ စာပေ၊ တေးဂီတ၊ အကအခုန်တို့ မပေါ်ပေါက်မီကတည်းက ပုံပြင်များ ပေါ်ပေါက်ခဲ့ကြောင်း၊ ပုံပြင်၏အနှစ်သာရမှာ ဇာတ်ကောင်မဟုတ်၊ ရည်ရွယ်ချက်ဖြစ်ကြောင်း၊ ပုံပြင်ရေးသားသူတို့၏ စိတ်ကူးကောင်းပုံ၊ အနုပညာမြောက်ပုံ၊ အကျိုးပြုရည်ရွယ်ချက်ထားပုံတို့မှာ လေးစားချီးကျူးဖို့ကောင်းကြောင်း၊ ပုံပြင်ကောင်းများ အစဉ်ပေါ်ထွန်းရန် အထူးသဖြင့် လူငယ်များ အသိတိုး၊ အကျင့်ကောင်း၍ ရဲစွမ်းသတ္တိ ရှိကြပါစေဟု ဆန္ဒပြုလိုက်ပါကြောင်း စသည်ဖြင့် “ပုံပြင်ရှေးစကား” ဆိုပြီး ဆရာကြီးငွေးမောင်ကိုယ်တိုင်အမှာစာရေးသားခဲ့ရာ ဆရာကြီး၏ ကလေးသူငယ်များအပေါ်ထားသော စိတ်စေတနာကို ကွက်ကွက်ကွင်းကွင်း ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါသည်။


**စကားသည် လောကကို စိုးမိုး၏စာအုပ်**

ဆရာကြီးငွေးမောင်၏ “စကားသည် လောကကို စိုးမိုး၏” စာအုပ်ထဲ၌ ကိုယ်ရည်ကိုယ်သွေး အတ္တစကားကို ပြောတတ်သူ၊ ကြားရသူ တစ်ဖက်သားအဖို့ မစားရဝခမန်း ရွှန်းရွှန်းဝေ လောကွတ်စကားပြောတတ်သူ၊ စကားနည်းသူ၊ စကားပြောတိုတောင်းသူ၊ အသေးအဖွဲ့ကိစ္စကလေးများမှအစ ရေးကြီးခွင်ကျယ် ‘ဇာချဲ့’ ၍ မပြီးနိုင်၊ မစီးနိုင် စကားပြောတတ်သူ၊ လိုရင်းသို့မရောက်ဘဲ ‘ခုနစ်စဉ်အမျှင်တန်း’ ပြောတတ်သူ စသည်ဖြင့် လူအမျိုးမျိုးအကြောင်းအပြင် စကားနှင့်ပတ်သက်၍ တိုင်းရင်းသားစကားပုံများ၊ ခေါင်းဆောင်များ၊ နိုင်ငံ့အကြီးအကဲများ၏ အဆိုအမိန့်များ၊ ဆိုထုံးများ၊ စကားကောင်း အင်္ဂါ(၅)ပါး၊ မယုံထိုက်သောစကား (၄)ပါးတို့ကိုလည်း လေ့လာမှတ်သားရနိုင်ပေသည်။

**ဆရာကြီးသည် အရေးတော်ပုံ၊ တိုက်ပွဲခေါ်သံတို့ကဲ့သို့ ဂန္ထဝင်မြောက် စာကြီးပေကြီးများကို ရေးသားခဲ့ရုံသာမက ကလေးသူငယ်များ အသိအလိမ္မာ၊ အတွေးအခေါ်နှင့် ဉာဏ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတကာ ပုံပြင်များကိုလည်း စုစည်းဘာသာပြန်ဆိုခဲ့သည်**

ထို့ပြင် ဆရာကြီးသည် မိန်းမစကား၊ ချိုသာစကား၊ ကြမ်းတမ်းစကား၊ မုသားစကား၊ သစ္စာစကားတို့အကြောင်းကို ငါးရာ့ငါးဆယ်ဇာတ်နိပါတ်များ၊ မဟာဗုဒ္ဓဝင်၊ မာတော ဝါဒ ဆုံးမစာ၊ မဃဒေဝလင်္ကာသစ်၊ ရေစကြိုခုံတော်ဖြတ်ထုံး၊ လက်သစ်တောင်တာ ဆုံးမစာ၊ ဩဝါဒထူးပျို့၊ မင်္ဂလသုတ်ပျို့၊ ရာဇသေဝက ဒီပနီကျမ်း စသည်တို့မှ ထုတ်နုတ်၍ လည်းကောင်း၊ အကိုးအကာပြု၍ လည်းကောင်း ဖတ်ရှုသူ အများနားလည်လွယ်အောင် ရှင်းရှင်းလင်းလင်း ရေးသားဖော်ပြထားပါသည်။




(ဆက်လက်ဖော်ပြပါမည်)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်။**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## အောင်လံမြို့၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု မဖြစ်ပွားစေရေး မြို့အဝင်အထွက် စစ်ဆေးရေးဂိတ်များ ထားရှိဆောင်ရွက်

**အောင်လံ ဇူလိုင် ၂**
မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပွားစေရေးအတွက် မြို့အဝင်အထွက်စစ်ဆေးရေးဂိတ်များ ထားရှိဆောင်ရွက်ခြင်းကို ဇူလိုင် ၁ ရက်မှ စတင်၍ ကျန်းမာရေးစစ်ဆေးဆောင်ရွက်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ မြို့အဝင်အထွက် စစ်ဆေးရေးဂိတ် ဖွင့်လှစ်ဆောင်ရွက်နေမှုကို မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်နှင့်အဖွဲ့ဝင်များက မော်တော်ယာဉ်၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်စသည်တို့ဖြင့် ခရီးသွားပြည်သူများအား ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်စေခြင်း၊ ကိုယ်ပူချိန်တိုင်းတာခြင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ စစ်ဆေးခဲ့ကြသည်။ **မျိုးသိန်း(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**မိုင်းပျဉ်း**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးထိန်းချုပ်ရေး ပါးစပ်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းကို ဇူလိုင် ၂ ရက် နံနက် ၆ နာရီက မြို့မဈေးနှင့် လူစည်ကားရာလမ်းဆုံနေရာတို့၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်း၊ မြို့မရဲစခန်းမှ ဒုရဲအုပ်အောင်မျိုးဟန်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးစိန်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ဈေးရောင်းဈေးဝယ်သူများနှင့် လမ်းသွားလမ်းလာများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ နေအိမ်ပြင်ပထွက်တိုင်း နှာခေါင်းစည်းများတပ်ဆင်ကြရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များကို စနစ်တကျလိုက်နာကြရန် အသိပညာပေးပြောကြားသည်။
**မေမွန်ထွဋ်(ပြန်/ဆက်)**



**ပန်းတောင်း**
မျိုးဗီဇပြောင်း ကူးစက်မြန် ကိုဗစ်-၁၉ ရောဂါပိုးများ မြန်မာနိုင်ငံအတွင်း တွေ့ရှိနေရသဖြင့် ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးခြင်း၊အပူချိန်တိုင်းတာခြင်းနှင့် နှာခေါင်းစည်းများ ဝေငှခြင်းတို့ကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက ပြည်ခရိုင်ပန်းတောင်းမြို့နယ် မြို့မဈေးနှင့် လူစည်ကားရာနေရာများတွင် အခမဲ့ဝေငှခဲ့သည်။

အဆိုပါ နှာခေါင်းစည်းများ အခမဲ့ဝေငှခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမြင့်၊ စည်ပင်သာယာရေးအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ပေါ့ဆမှုမရှိစေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန် ထားသည့်စည်းကမ်းများကို ပညာပေးပြောကြားကာ ဈေးရောင်းသူများ၊ ဈေးဝယ်လာသူများ၊ ဆိုက်ကားဂိတ်များ၊ လမ်းသွားလမ်းလာသူများအား နှာခေါင်းစည်းများ အခမဲ့ဝေငှခဲ့ကြောင်း သိရသည်။ **သင်းသင်းအေး (ပြန်/ဆက်)**

**မိုင်းခတ်**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို ဇူလိုင် ၂ ရက် နံနက် ၆ နာရီက မြို့နယ် စည်ပင်သာယာဈေးအတွင်း ပြုလုပ်သည်။

ထိုသို့နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးနှင့်ဝန်ထမ်းများ၊ မြို့နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဌာနမှူး ဒေါက်တာဖြိုးထွဋ်ဘိုဘိုထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မိုင်းခတ်မေတ္တာ လူမှုကူညီရေးအသင်းတို့ပူးပေါင်း၍ ဈေးသူဈေးသားများအား နှာခေါင်းစည်းတပ်ဆင်ရေး



အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး အသိပညာပေးကာလပြီးဆုံးပါက နေအိမ်အပြင်ထွက်လျှင် နှာခေါင်းစည်းမတပ်ဆင်သူများအား ဒဏ်ငွေတပ်အရေးယူမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မြဝတီ**
မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်းနှင့် အသိပညာပေးခြင်းကို ယနေ့ နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရုံးအနီး ဘုရင့်နောင်လမ်းမကြီးတွင် ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာ မြဝတီမြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးသက်လွင် ဦးဆောင်၍ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရောဘတ်ထူး၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မြဝတီမြို့တွင်လည်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများပြားလာခြင်းကြောင့် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကာ ထပ်မံ၍ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်**

# ဇူလိုင် ၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၈၆၃ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁-၇-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂-၇-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၉,၁၄၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၈၆၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၇၅၂,၉၂၉) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၆၁,၂၁၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၂၃) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၇,၄၁၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ(၁၇)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၃၆၄) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့်သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၉၄၄) ခု | (၁၃၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၃၁) ခု | (၁၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၀၉) ခု | (၃၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၂) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၃၉) ခု | (၁) ဦး |
| ကလေးမြို့၊ တပ်မတော် mobile PCR Team | (၆၁) ခု | (၂၇) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၄၄) ခု | (၃၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁၀၈) ခု | (၄၃၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၆၈၈) ခု | (၁,၁၈၉) ဦး |
| စုစုပေါင်း | (၉,၁၄၆) ခု | (၁,၈၆၃) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၅၆၁၄၀၃ | ၂၉၀၅၂၀၈၇ | ၆၂၀၆၄၅ |
| ၂။ | အိန္ဒိယ | ၃၀၄၅၈၂၅၁ | ၂၉၅၄၈၃၀၂ | ၄၀၀၃၁၂ |
| ၃။ | ဘရာဇီး | ၁၈၆၂၂၃၀၄ | ၁၆၉၃၁၂၇၂ | ၅၂၀၁၈၉ |
| ၄။ | ပြင်သစ် | ၅၇၇၇၉၆၅ | ၅၆၂၂၇၂၇ | ၁၁၁၁၁၁ |
| ၅။ | ရုရှား | ၅၅၆၁၃၆၀ | ၅၀၃၅၅၁၈ | ၁၃၆၅၆၅ |
| ၆။ | တူရကီ | ၅၄၃၀၉၄၀ | ၅၃၀၀၅၀၄ | ၄၉၇၇၄ |
| ၇။ | ဗြိတိန် | ၄၈၂၈၄၆၃ | ၄၃၂၇၅၅၆ | ၁၂၈၁၆၂ |
| ၈။ | အာဂျင်တီးနား | ၄၄၉၁၅၅၁ | ၄၀၉၂၀၅၃ | ၉၄၇၇၂ |
| ၉။ | ကိုလံဘီယာ | ၄၂၆၉၂၉၇ | ၃၉၆၄၀၇၄ | ၁၀၇၁၃၇ |
| ၁၀။ | အီတလီ | ၄၂၆၀၇၈၈ | ၄၀၈၃၈၄၃ | ၁၂၇၅၈၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၂၂၂၈၉၃၈ | ၁၉၀၁၈၆၅ | ၅၉၅၃၄ |
| ၂။ | ဖိလစ်ပိုင် | ၁၄၂၄၅၁၈ | ၁၃၄၁၉၇၃ | ၂၄၉၇၃ |
| ၃။ | မလေးရှား | ၇၆၅၉၄၉ | ၆၉၄၅၃၈ | ၅၃၂၇ |
| ၄။ | ထိုင်း | ၂၇၀၉၂၁ | ၂၁၄၃၄၀ | ၂၁၄၁ |
| ၅။ | မြန်မာ | ၁၆၁၂၁၀ | ၁၃၇၄၁၅ | ၃၃၆၄ |
| ၆။ | စင်ကာပူ | ၆၂၅၉၉ | ၆၂၂၃၄ | ၃၆ |
| ၇။ | ကမ္ဘောဒီးယား | ၅၂၃၅၀ | ၄၅၅၀၈ | ၆၆၀ |
| ၈။ | ဗီယက်နမ် | ၁၇၉၀၂ | ၇၂၄၇ | ၈၁ |
| ၉။ | လာအို | ၂၁၇၆ | ၁၉၈၆ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၆၁ | ၂၄၈ | ၃ |

# ဟိုပန်မြို့၌ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်မံထိုးနှံ

ဟိုပန် ဇူလိုင် ၂

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်မံထိုးနှံခြင်းကို ယနေ့နံနက် ၁၀ နာရီက ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်း ၅၀ အား ထိုးနှံပေးခဲ့သည်။

**ထိုးနှံပေး**

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို ဟိုပန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများက ကာကွယ်ဆေးထိုးမည့်သူများ၏ စာရင်းများအား စစ်ဆေးခြင်း၊ နယ်မြေခံတပ်နယ်မှ ကာကွယ်ဆေးမထိုးမီ ကျန်းမာရေးဆိုင်ရာ ကိစ္စများ စစ်ဆေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးခဲ့ပြီး ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံခြင်းကို ဇူလိုင် ၃၁ ရက်တွင် ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**○ ကော့သောင်းမြို့မှ**

အဆိုပါ ငါးဖမ်းသင်္ဘောလုပ်သားများမှာ HAN RONG 368 ငါးဖမ်းသင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး တာဝန်များပြီးဆုံး၍ ထွက်လာကာ တရုတ်နိုင်ငံမှတစ်ဆင့် ရေလမ်းခရီးဖြင့် ကော့သောင်းမြို့သို့ ပြန်လည်ဝင်ရောက်လာခြင်း ဖြစ်သည်။

ပြန်လည်ဝင်ရောက်လာသည့် ငါးဖမ်းသင်္ဘောလုပ်သားများအား ကော့သောင်းမြို့ ကျန်းမာရေးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ကာ ကိုဗစ်-၁၉ ရောဂါ ပြည်ပမှတစ်ဆင့် ဝင်ရောက်ကူးစက်မှု မဖြစ်ပေါ်စေရေး ကော့သောင်းမြို့ရှိ ဟိုတယ်၌ ၁၄ ရက် ထားရှိစောင့်ကြည့်မှု ခံယူကြမည်ဖြစ်သည်။

ကော့သောင်းမြို့အနေဖြင့် ယခုရက်ပိုင်းအတွင်း ပြည်တွင်းကူးစက်မှုအသွင်ဖြင့် ရောဂါပိုးရှိသူများအား နေ့စဉ်နီးပါး စစ်ဆေးပေါ်ပေါက်လျက်ရှိပြီး ယခင်ကာလများက ပြည်ပမှဝင်ရောက်လာသည့် မြန်မာသင်္ဘောသားများထံမှလည်း ကိုဗစ် - ၁၉ ရောဂါပိုးတွေ့လူနာများ ပေါ်ပေါက်ခဲ့ဖူးသဖြင့် ပြည်ပကူးစက်မှုများ ထပ်မံမပေါ်ပေါက်စေရန် ကျန်းမာရေးဌာနအပါအဝင် ဒေသတာဝန်ရှိ အဖွဲ့အစည်းများက ရောဂါထိန်းချုပ်ရေး အထူးသတိပြုကြပ်မတ်စစ်ဆေးစောင့်ကြည့်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

**❖ မိုးမိတ်မှ**

လတ်တလောဖျားနာနေသူများကို ကာကွယ်ဆေး ထိုးနှံပေးခြင်းမရှိကြောင်းနှင့် ကာကွယ်ဆေး ထိုးပြီးသွားလျှင်လည်း ပေါ့ပေါ့ဆဆမနေသင့်ဘဲ နှာခေါင်းစည်းတပ်ခြင်း၊ အပြင်မှပြန်လာလျှင် လက်ဆေးခြင်းတို့အပြင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် မိုးမိတ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်လူနာ ၁၅ ဦးရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ သိရသည်။

**မိုးမိတ်သား(စည်သူဌေး)**

## ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

# ပစိဖိတ်ကျွန်းစုနိုင်ငံများအား ကိုဗစ်ကာကွယ်ဆေးအလုံးရေ သုံးသန်းခန့် ပံ့ပိုးပေးမည်ဟု ဂျပန်ဝန်ကြီးချုပ် ပြောကြား

**တိုကျို ဇူလိုင် ၂**

ဂျပန်အစိုးရသည် ယခုနှစ်ဇူလိုင်လလယ်မှစ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဦးဆောင်သော COVAX အစီအစဉ်မှတစ်ဆင့် ပစိဖိတ်ကျွန်းစုနိုင်ငံနှင့် ဒေသများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သုံးသန်းခန့် ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ယနေ့ပြောကြားသည်။

လွတ်လပ်၍ ပွင့်လင်းမြင်သာသော အင်ဒို-ပစိဖိတ်ဒေသတစ်ခု ဖြစ်ထွန်းရေးနှင့်ပတ်သက်၍ အွန်လိုင်းမှတစ်ဆင့် ကျင်းပသော အစည်းအဝေးတွင် ဂျပန်၊ ပစိဖိတ်ကျွန်းစုနိုင်ငံများနှင့် ဒေသများမှ ခေါင်းဆောင်များက ပူးပေါင်းဆောင်ရွက်ကြရန် အတည်ပြုခဲ့ပြီးနောက် ဝန်ကြီးချုပ် ဆူဂါအနေဖြင့် အထက်ပါအတိုင်း ကြေညာခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ဂျပန်နိုင်ငံအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဘက်ဆိုင်ရာစနစ်များ မြှင့်တင်ပေးခြင်း၊ စီးပွားရေးအကူအညီများ ပံ့ပိုးပေးခြင်းနှင့် အခြေခံအဆောက်အအုံများ တိုးမြှင့်ပေးခြင်းဖြင့် ပစိဖိတ်ကျွန်းစုနိုင်ငံများနှင့် ဒေသများကို ကိုဗစ်-၁၉ ကပ်ရောဂါမှ လွန်မြောက်ရေးအတွက် အကူအညီပေးရန်လည်း အစည်းအဝေးတွင် ဝန်ကြီးချုပ် ဆူဂါက ကတိကဝတ်ပြုလိုက်ကြောင်း သိရသည်။

ထို့အပြင် ဆူဂါသည် ပင်လယ်ရေကြောင်း လုံခြုံရေးနှင့် ရာသီဥတုပြောင်းလဲမှု စသည့်နယ်ပယ်များတွင် ပစိဖိတ်ကျွန်းစုနိုင်ငံနှင့် ဒေသများ၏ ခေါင်းဆောင်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်လည်း အတည်ပြုလိုက်ကြောင်း သိရသည်။

(၉)ကြိမ်မြောက် ပစိဖိတ်ကျွန်းစုနိုင်ငံများ၏ ခေါင်းဆောင်များ အစည်းအဝေးကို ဂျပန်၊ ပစိဖိတ်ကျွန်းစု ၁၄ နိုင်ငံ၊ ဩစတြေးလျနှင့် နယူးဇီလန်၊ ပြင်သစ်ပိုလီနီးရှား၊ နယူးကာလီဒိုနီးယားအစရှိသည့် နိုင်ငံများနှင့် ဒေသများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **ကိုးကား- ကျိုဒိုနယူးစ်**

**ဘာသာပြန်- ဂျေတီ**






# ဥရောပသမဂ္ဂက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးကြောင်း ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်များ ထုတ်ပေးမှုစတင်

**ဘရပ်ဆဲလ် ဇူလိုင် ၂**

ဥရောပသမဂ္ဂက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးဖြစ်ကြောင်းနှင့် အဆိုပါရောဂါကူးစက်ခံရခြင်း မရှိကြောင်း စစ်ဆေးထားသည့် ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်များကို ယမန်နေ့တွင် စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသက်သေခံလက်မှတ်များတွင် ကာကွယ်ဆေးထိုးနှံပြီးဖြစ်ကြောင်းနှင့် မည်သည့်ကာကွယ်ဆေးကို ထိုးနှံမှုခံယူထားသလဲဆိုသည့်အချက်များ ပါဝင်သည့်အတွက် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူများအတွက် ခရီးသွားလာရာတွင် အထောက်အကူပြုမည်ဖြစ်သည်။

ဒေသတွင်းရှိ ပြည်သူများက လေဆိပ်များနှင့် နိုင်ငံဖြတ်ကျော်ဝင်ပေါက်များ၌ အဆိုပါဒစ်ဂျစ်တယ်သက်သေခံလက်မှတ်များကို QR ကုဒ်စနစ်ဖြင့် ပြသကာ ဝင်ထွက်သွားလာနိုင်ပြီဖြစ်သည်။ အဆိုပါလက်မှတ်ကိုင်ဆောင်ထားသူများသည် သီးခြားစောင့်ကြည့်ခံယူမှုနှင့် ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုခံယူခြင်းတို့မှ ကင်းလွတ်မည်ဖြစ်သည်။

အီတလီနိုင်ငံရှိ လေဆိပ်များ၌ ခရီးသည်များသည် ၎င်းတို့၏ မိုဘိုင်းဖုန်းများဖြင့် အဆိုပါသက်သေခံလက်မှတ်များကို လေကြောင်းဝန်ထမ်းများအားပြသကာ လွယ်ကူစွာ ဝင်ထွက်သွားလာနိုင်ကြောင်း သိရသည်။

ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်များ ထုတ်ပေးမှုကြောင့် ဥရောပတစ်လွှားရှိ ခရီးသွားလာမှုကဏ္ဍကို များစွာအထောက်အကူပြုနိုင်ကြောင်း လေကြောင်းဝန်ထမ်းတစ်ဦးက ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၆၇၂ ဦး ထပ်မံသေဆုံး

**မော်စကို ဇူလိုင် ၂**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် လူနာ ၆၇၂ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၆၅၆၅ ဦးရှိလာခဲ့ပြီဖြစ်သည်။

အဆိုပါသေဆုံးသူအရေအတွက်သည် နေ့စဉ်သေဆုံးမှုအရေအတွက် အမြင့်ဆုံးဖြစ်သည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လျက်ရှိသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၀၀၀ ကျော် ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၅၆၁၃၆၀ ရှိလာခဲ့ပြီဖြစ်သည်။

ယင်းသို့ ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခြင်းသည် နိုင်ငံအတွင်း၌ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဘောလုံးပွဲများ ကျင်းပခြင်းကြောင့်ဖြစ်သည်ဟု ဒေသန္တရမီဒီယာများက သတင်းဖော်ပြသည်။ ဘောလုံးပွဲသို့ လာရောက်ကြည့်ရှုသူ ပရိသတ်အများစုသည် နှာခေါင်းစည်းများ တပ်ဆင်ခြင်း မရှိကြောင်း အဆိုပါမီဒီယာများက ဆိုသည်။

လက်ရှိအချိန်ထိ နိုင်ငံလူဦးရေ ၁၂ ရာခိုင်နှုန်းခန့်သာ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် ကာကွယ်ဆေးများ ထိုးနှံရန်လိုအပ်ကြောင်း ပြည်သူများအား ရုရှားသမ္မတ ဗလာဒီမာပူတင်က တိုက်တွန်းပြောကြားလျက်ရှိသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**






# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူ လေးသိန်းကျော်ရှိလာ

**နယူးဒေလီ ဇူလိုင် ၂**

အိန္ဒိယနိုင်ငံ၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း လေးသိန်းကျော် ရှိလာပြီဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာ ၈၅၃ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၀၀၃၁၂ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၆၆၁၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၀၄၅၈၂၅၁ ဦး ရှိလာပြီဖြစ်သည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၅၀၉၆၃၇ ဦးရှိကြောင်း သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၉၃၈၄ ဦး ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေကောင်းမွန်လာသူပေါင်း ၂၉၅၄၈၃၀၂ ဦး ရှိပြီဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

## တောင်ကိုရီးယားနိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုအရေအတွက် မြင့်တက်လျက်ရှိ



**ဆိုးလ် ဇူလိုင် ၂**

တောင်ကိုရီးယားနိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လျက်ရှိသည့်အတွက် ဗီဇပြောင်းဗိုင်းရပ်စ်ကာကွယ်တားဆီးရေးဆိုင်ရာ အရေးပေါ် အစီအမံများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားဝန်ကြီးချုပ် ကင်ဘိုကျန်က ယနေ့ပြောကြားသည်။

မြို့တော်ဆိုးလ်နှင့် ပတ်ဝန်းကျင်ဒေသများတွင် အိန္ဒိယမှ စတင်ပျံ့နှံ့လာသော ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရမှု ၉၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ၎င်းက ဆိုသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများပြားလာသည့်အခြေအနေနှင့် ပတ်သက်ပြီး တောင်ကိုရီးယားဝန်ကြီးချုပ် ကင်ဘိုကျန်က ယနေ့ကျင်းပသည့် အရေးပေါ်အစည်းအဝေးတစ်ရပ်တွင် ပြောကြားသည်။

မူလက ဆိုးလ်ဒေသတွင် စားသောက်ဆိုင်နှင့် ဘားဆိုင်များ၏ ဖွင့်လှစ်ချိန်ကို နာရီတိုးမြှင့်ပေးရန် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် ထိုအစီအစဉ်ကိုရုပ်သိမ်းခဲ့သည်။

ယမန်နေ့က ဆိုးလ်မြို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၄၇ ဦးနှင့် ဂျောင်ဂီပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၄ ဦးရှိကြောင်း သိရသည်။ လူတစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်မှုနှင့် ညစာစားသောက်ခြင်းကဲ့သို့သော ဆောင်ရွက်မှုများမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါကူးစက်ရန် အခွင့်အလမ်းများ များပြားလာကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

## တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သီရိလင်္ကာနိုင်ငံသို့ ထပ်မံရောက်ရှိ

**ကိုလံဘို ဇူလိုင် ၂**

သီရိလင်္ကာအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှု အစီအစဉ် ဆက်လက်ဆောင်ရွက်နေစဉ် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ယနေ့ ထပ်မံလက်ခံရရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ယနေ့အစောပိုင်းက သီရိလင်္ကာနိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး မြို့တော် ကိုလံဘိုရှိ ဆေးဝါး သိုလှောင်ရေးစင်တာသို့ မပို့ဆောင်မီ ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သီရိလင်္ကာဆေးဝါး ထုတ်လုပ်ရေး၊ ဖြန့်ဝေရေးနှင့် ထိန်းသိမ်းရေးဝန်ကြီး ချန်နာဂျာ ယာဆူမားနားက ပြောကြားသည်။

သီရိလင်္ကာအစိုးရသည် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ ဗြိတိန်နိုင်ငံထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် အတည်ပြုထားရာ လက်ရှိအချိန်အထိ ပြည်သူ ၂ ဒသမ ၅ သန်းနီးပါးကို ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

ထို့အပြင် သီရိလင်္ကာနိုင်ငံသည် အမေရိကန်နိုင်ငံထုတ် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကိုလည်း ဇူလိုင် ၅ ရက်တွင် ပထမအကြိမ်အဖြစ် လက်ခံရရှိမည်ဖြစ်ပြီး ယင်းကာကွယ်ဆေးကို AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှု ခံယူခဲ့ပြီးသူအတွက် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအဖြစ် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံတွင် ယခုနှစ် ဧပြီလမှစ၍ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ၁၅၀၀၀၀ ကျော် တွေ့ရှိခဲ့ပြီး ဇွန် ၃၀ ရက်အထိ ရရှိသည့်ကိန်းဂဏန်းများအရ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၅၇၂၂၅ ဦး ရှိလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

## ဂျပန်နိုင်ငံမှ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မလေးရှားနိုင်ငံလက်ခံရရှိ




**ကွာလာလမ်ပူ ဇူလိုင် ၂**

ဂျပန်နိုင်ငံမှ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ တစ်သန်းကို မလေးရှားနိုင်ငံက ယမန်နေ့တွင် လက်ခံရရှိခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံက မလေးရှားနိုင်ငံသို့ လှူဒါန်းသည့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေတစ်သန်းသည် ကွာလာလမ်ပူမြို့လေဆိပ်သို့ ယမန်နေ့က ရောက်ရှိခဲ့သည်။

အဆိုပါကာကွယ်ဆေးများကို နိုင်ငံ၏ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်အတွက် အမြန်ဆုံးအသုံးပြုသွားမည်ဖြစ်ကြောင်း သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီး ခါအေရီ ဂျမာလုဒင်က ပြောကြားသည်။ ဂျပန်နိုင်ငံ၏ ကာကွယ်ဆေးလှူဒါန်းမှုသည် နှစ်နိုင်ငံ အစိုးရနှစ်ရပ်အကြား ခိုင်မာသောဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဖော်ပြလိုက်ခြင်းပင်ဖြစ်ကြောင်း ဝန်ကြီး ခါအေရီဂျမာလုဒင်က ဆိုသည်။

ယခုနှစ်မေလကစပြီး မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအရေအတွက် မြင့်တက်လျက်ရှိသည်။ ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများချမှတ်ထားမှုကြောင့် စီးပွားရေးလုပ်ငန်းများလည်း လည်ပတ်နိုင်ခြင်းမရှိသေးပေ။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရှာဖွေစုဆောင်းမှုသည် အစိုးရ၏ လက်ရှိရင်ဆိုင်နေရသည့် အခက်အခဲအကျပ်အတည်းတစ်ခုဖြစ်သည်။ လက်ရှိအချိန်အထိ ပြည်သူ ၅ ဒသမ ၇ သန်းကျော်သာ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။

အလားတူ ဂျပန်နိုင်ငံမှလှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ တစ်သန်းသည် အင်ဒိုနီးရှားနိုင်ငံသို့ ယမန်နေ့တွင် ရောက်ရှိခဲ့သည်။ ဂျပန်နိုင်ငံအနေဖြင့် တရုတ်(တိုင်ပေ)နှင့် ဗီယက်နမ်နိုင်ငံများသို့လည်း ကာကွယ်ဆေးများ ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံများသို့လည်း ကာကွယ်ဆေးများထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

### ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၈၃၅၂၉၀၃၇ ဦး

သေဆုံးသူ
၃၉၇၃၆၁၃ ဦး

ပြန်လည်ကျန်းမာလာသူ
၁၆၈၀၁၁၀၄၃ ဦး

## အင်ဒိုနီးရှားနိုင်ငံ၌ အသက် ၁၂ နှစ်မှ ၁၇ နှစ်အရွယ်ရှိလူငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

**ဂျကာတာ ဇူလိုင် ၂**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အသက် ၁၂ နှစ်မှ ၁၇ နှစ်အရွယ် လူငယ်များအား ယမန်နေ့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစတင်ထိုးနှံပေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗဟိုဂျကာတာဒေသရှိစာသင်ကျောင်းတစ်ခုတွင် ကျောင်းသား ၁၀၀ ခန့်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစတင်ထိုးနှံပေးခဲ့ပြီး ကျောင်းသားဦးရေ ၁ ဒသမ ၃ သန်းခန့်အထိ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ဂျကာတာမြို့တော်အုပ်ချုပ်ရေးအဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက တရုတ်နိုင်ငံ Sinovac ဆေးဝါးကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် ခွင့်ပြုပြီးနောက် အဆိုပါကာကွယ်ဆေးကို နိုင်ငံအတွင်းရှိ အသက် ၁၂ နှစ်မှ ၁၇ နှစ်အရွယ်ရှိနိုင်ငံသားများအား ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။



ယမန်နေ့အထိ နိုင်ငံသားပေါင်း ၃၀ ဒသမ ၄၈ သန်းကျော်မှာ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူပြီးစီးခဲ့ပြီး နိုင်ငံသားပေါင်း ၁၃ ဒသမ ၆၇ သန်းမှာ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးစီးကြောင်း သိရသည်။ ၂၀၂၂ ခုနှစ် မတ်လတွင် နိုင်ငံသားပေါင်း ၁၈၁ ဒသမ ၅ သန်းအား ကာကွယ်ဆေး ထိုးနှံပြီးစီးနိုင်ရန် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံတွင် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၈၃၀ ကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၂၈၉၃၈ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၉၅၃၄ ဦး ရှိလာကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၁၉၀၁၈၆၅ ဦးရှိလာသည်။ ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံအတွင်းရှိ ပြည်နယ် ၃၄ ခုသို့ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

ဂျကာတာမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၃၉၉ ဦး၊ အနောက်ဂျာဗားတွင် ၄၉၂၀၊ အလယ်ပိုင်းဂျာဗားတွင် ၂၅၃၈ ဦး၊ အရှေ့ဂျာဗားတွင် ၁၃၈၈ ဦးနှင့် ရိုရာကာတာတွင် ၉၂၂ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများဖွင့်လှစ်ကာ အဖျက်အမှောင့်လုပ်ရပ်များ ဆောင်ရွက်နေသည့် ခင်ကျော်(UNRA)နှင့် ကိုကိုနိုင်(ခ)ဒေါနအပါအဝင် ဆက်စပ်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂**

ဆူပူအကြမ်းဖက်လုပ်ဆောင်နေသူများနှင့် NLD ပါတီဝင်များ၊ ၎င်းပါတီ ထောက်ခံအားပေးသူများ အနေဖြင့် အချို့မြို့ကြီးများ၌ အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်ရည်ရွယ်၍ အပြစ်မဲ့ပြည်သူများကို ဒလန်ဟု စွပ်စွဲသတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများ အပါအဝင် အစိုးရပိုင် အဆောက်အအုံများ မီးရှို့ဖျက်ဆီးခြင်းနှင့် ဖောက်ခွဲရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းလက်ဦးမှုရယူပြီး ဖော်ထုတ်ဖမ်းဆီးနိုင်ရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၅ ရက်တွင် ရန်ကုန်မြို့ Team PT အားကစားခန်းမ၌ လက်လုပ်ဗုံးပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ဖိုးသော်ပါ ငါးဦးကို ပစ္စတို တစ်လက်၊ လက်လုပ်သေနတ် တစ်လက်၊ ကျည် ၁၀ တောင့်၊ လက်လုပ်ဗုံး သုံးလုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။


**ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့**

ထို့ပြင် KNLA တပ်မဟာ(၅)နယ်မြေအတွင်းရှိ ခင်ကျော်(UNRA)အဖွဲ့ထံမှ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ရောက်၍ ပြန်လည်ထွက်ခွာလာသည့် ရွှေမန္တလာဦး (ခ)ဒီးဒီးပါ ၁၁ ဦးကို ဘီးလင်းမြို့ မရမ်းချောင်စစ်ဆေးရေးဂိတ်၌ ဧပြီ ၂၉ ရက်တွင် ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ဆက်လက်ဖော်ထုတ်ချက်အရ မေ ၁ ရက်တွင် မျိုးမင်းသိန်းပါ သုံးဦးကို M-31 တစ်လက်၊ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်ဗုံး တစ်လုံးတို့နှင့်လည်းကောင်း၊ မေ ၂ ရက်တွင် အေးချမ်းအောင်ပါ ၁၁ ဦးကို လက်ပစ်ဗုံး ၁၆ လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ ၎င်းတို့သည် ဘီးလင်းမြို့နယ် ဝါးမြီးခိုကျေးရွာအနီး KNLA တပ်မဟာ(၅)နယ်မြေအတွင်း၌ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်ခဲ့ကြောင်း၊ သင်တန်းတွင် UNRA အဖွဲ့မှ ခင်ကျော်ခေါင်းဆောင်၍ သင်ကြားလျက်ရှိပြီး သင်တန်းသားများအား သော်ဇင်အောင်(ခ)စွန်ရဲက စုဆောင်း၍ စေလွှတ်ပေးလျက်ရှိကြောင်း သိရသဖြင့် သော်ဇင်အောင်(ခ)စွန်ရဲကို ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့မှုများကြောင့် မေ ၁၃ ရက်မှ ၁၇ ရက်အတွင်း ငြိမ်းချမ်းပါ ခုနစ်ဦးကို ရန်ကုန်မြို့တွင်လည်းကောင်း၊ သိန်းစင်ပါ ၁၃ ဦးကို ရန်ကုန်၊ ပဲခူးမြို့များတွင်လည်းကောင်း၊ မေ ၁၈ ရက်မှ ၂၀ ရက်အတွင်း သော်ဇင်အောင်(ခ) စွန်ရဲပါ ၁၄ ဦးကို ပစ္စတို နှစ်လက်၊ ကျည်အိမ် လေးခု၊ ကျည် ၁၉၈ တောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်ဗုံး ခြောက်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**KNU နယ်မြေအတွင်း ဖောက်ခွဲရေးသင်တန်းဖွင့်လှစ်နေသော ခင်ကျော်(UNRA)နှင့် ပတ်သက်ဆက်နွယ်သူများ**




**လုပ်ဆောင်ခဲ့**

ဖမ်းဆီးရမိတရားခံ ငြိမ်းချမ်း၏ ထွက်ဆိုချက်အရ ဖမ်းဆီးရမိထားသော နေမျိုးမှတစ်ဆင့် NLD ပါတီမှ တောင်ဒဂုံလွှတ်တော်ကိုယ်စားလှယ်ဟောင်း သိန်းနိုင်သည် ခင်ကျော်(UNRA)နှင့် ချိတ်ဆက်၍ လက်နက်/ခဲယမ်းရရှိရေး ဆောင်ရွက်ခဲ့ကြောင်း၊ သော်ဇင်အောင်(ခ)စွန်ရဲသည် NLD ပါတီမှ (၂၀၁၅) ခုနှစ် တောင်ဒဂုံလွှတ်တော်ကိုယ်စားလှယ်ဟောင်း ညီညီနှင့်ချိတ်ဆက်၍ စစ်သင်တန်းပေးခြင်း၊ ခင်ကျော်(UNRA)နှင့် ချိတ်ဆက်၍ သင်တန်းသားများ စေလွှတ်ခြင်း၊ ရန်ကုန်မြို့အတွင်း ဖောက်ခွဲရေးနှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

ဆက်လက်ဖော်ထုတ်ချက်အရ မေ ၁၆ ရက်တွင် ကျိုက်ထိုမြို့နယ် မရမ်းချောင်စစ်ဆေးရေးဂိတ်၌ ဟန်ထွဋ်ကျော်ပါ သုံးဦးကိုလည်းကောင်း၊ မေ ၂၇ ရက်တွင် အောင်ဖြိုးမင်း(ခ)ညီညီပါ သုံးဦးကို RPG တစ်လက်၊ RPG ဒုံးသီး ၁၄ လုံး၊ ပို့ကျည် ၁၄ တောင့်၊ M-16 တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ကာဘိုင် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ လက်နက်ငယ်ကျည် ၃၅ တောင့်တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ရန်ကုန်မြို့၌ ကောင်းမြတ်ဇင်ပါ သုံးဦးကို လက်လုပ်မိုင်းမျိုးစုံ ၁၅ လုံးဖြင့်လည်းကောင်း၊ ရန်ကုန်မြို့တွင် ဖောက်ခွဲရေးပစ္စည်းများပြုလုပ်သူ ကျော်ဇေယျာသိန်းနှင့် ဝေယံမောင်မောင်ပါ ၂၃ ဦးကို ပစ္စတို သုံးလက်၊ လက်လုပ်သေနတ် ၂၄ လက်၊ လက်ပစ်ဗုံး သုံးလုံး၊ လက်လုပ်မိုင်းမျိုးစုံ ၂၁၄၄ လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ဖမ်းဆီးရမိ**

အဆိုပါဖြစ်စဉ်များအရ ခင်ကျော်အား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဇွန် ၁၈ ရက်တွင် ပေါင်မြို့ စစ်ဆေးရေးဂိတ်၌ တိုင်းရင်းသားနယ်မြေအတွင်း ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် NUG အဖွဲ့မှ ရည်မှန်းထံသို့ အကြမ်းဖက်လုပ်ငန်းများနှင့် ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရေး လိုအပ်သော ညှိနှိုင်းမှုများ ပြုလုပ်ရန်သွားရောက်သည့် ခင်ကျော်ပါ လေးဦးကို ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံ နှစ်ဦးကို ကာဘိုင် တစ်လက်၊ ပစ္စတို တစ်လက်၊ လက်ပစ်ဗုံး ၅၁ လုံး၊ ရှေ့ထွက်မိုင်း တစ်လုံးတို့နှင့်အတူ ဘီးလင်းမြို့၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ခင်ကျော်၏ ထွက်ဆိုချက်အရ ဆက်စပ်တရားခံများဖြစ်သည့် သာကေတမြို့နယ်အတွင်း ဖောက်ခွဲရေးလုပ်ငန်းများ ဦးဆောင်လုပ်ကိုင်လျက်ရှိသော အို၀မ်း(ခ) မျိုးဇာနည်အောင်နှင့် လှိုင်သာယာမြို့နယ်အတွင်း မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် သုံးဦးကို လုပ်ကြံသတ်ဖြတ်ခဲ့သည့် ကျော်သီဟ၊ သန်းဝင်းနှင့် အောင်ဇေယျ (ခ)အာကြီးတို့အပါအဝင် ဆက်စပ်တရားခံ ၁၉ ဦးတို့အား ပစ္စတို တစ်လက်၊ လက်ပစ်ဗုံးတစ်လုံးတို့ဖြင့် ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ခင်ကျော်ထံ ဖောက်ခွဲရေးသင်တန်းတက်ရောက်ရန် လာရောက်သည့် နိုင်လင်းထွန်းပါ အဖွဲ့ဝင် ၁၀ ဦးကို ဘီးလင်းမြို့၌လည်းကောင်း၊ နိုင်နိုင်အောင်ပါ နှစ်ဦးကို သထုံမြို့၌လည်းကောင်း၊ ဥက္ကာစိုးကို ပဲခူးမြို့၌လည်းကောင်း၊ ကျော်ငြိမ်းပိုင်ကို ဘီးလင်းမြို့၌လည်းကောင်း၊ တောင်ဒဂုံ PDF အဖွဲ့ခေါင်းဆောင် ဆောင်းမွန်ပါ ၁၂ ဦးကို လှိုင်မြို့နယ်၌ M-22 တစ်လက်၊ ကျည် အတောင့်၇၀၊ ကျည်အိမ်နှစ်ခုဖြင့် လည်းကောင်း၊ UNRA အဖွဲ့ဝင် ထွန်းအောင်ကျော်ပါ ခုနစ်ဦးကို ဘီးလင်းမြို့၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ PDF အဖွဲ့များကို ထောက်ပံ့နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသူ ကိုကိုနိုင်(ခ)ဒေါန(အမေရိကန်နိုင်ငံသား၊ Social Visa ဖြင့် နေထိုင်သူ) ကို ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဇွန် ၂၄ ရက်တွင် မြဝတီမြို့၌ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများ ဖော်ထုတ်ချက်အရ ဇွန် ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ ကျူးလွန်နေသူ တရားခံ သုံးဦးကိုလည်းကောင်း၊ ဇွန် ၂၂ ရက်တွင် တရားခံ ရှစ်ဦးကို လက်လုပ်သေနတ် ခြောက်လက်၊ လက်လုပ်မိုင်း ၅၉ လုံးတို့နှင့် လည်းကောင်း၊ ဇွန် ၂၃ ရက်တွင် တရားခံခုနစ်ဦးကို လက်နက်မျိုးစုံ ၁၁၄ လက်၊ လက်ပစ်ဗုံး ၄၉၉ လုံး၊ ၄၀ မမဗုံးသီး ၁၄၇၃ လုံး၊ ဖောက်ခွဲရေးပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ဖော်ထုတ်ချက်အရ ရန်လင်းအောင်(ခ)မိုးတိမ် အပါအဝင် PDF အဖွဲ့ဝင် ၂၈ ဦးသည် NLD ပါတီမှ ကချင်ပြည်နယ် ဖားကန့်မြို့ (၂၀၁၅)ခုနှစ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးခင်မောင်မြင့်(ခ)ဦးချို၊ ချမ်းမြသာစည်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဟောင်း ကျော်စိုးလင်းနှင့် ကောလင်းမြို့နယ် (၂၀၁၅)ခုနှစ် လွှတ်တော်ကိုယ်စားလှယ်ဟောင်း မျိုးဇော်အောင်တို့၏ ချိတ်ဆက်ပေးမှုဖြင့် KIA ဌာနချုပ် လိုင်ဇာ၌ စစ်သင်တန်းတက်ရောက်ခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များတွင် ခင်ကျော်(UNRA)နှင့် ကိုကိုနိုင်(ခ)ဒေါန အပါအဝင် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ပတ်သက်သူ တရားခံ ၁၇၃ ဦးကို လက်နက်မျိုးစုံ ၁၃၁ လက်၊ လက်လုပ်သေနတ် ၃၇ လက်၊ လက်ပစ်ဗုံး ၅၅၉ လုံး၊ လက်လုပ်ဗုံး ၂၂၅၁ လုံး၊ ၄၀ မမဗုံးသီး ၁၄၇၃ လုံး၊ RPG ဒုံးသီး ၁၄ လုံး၊ ရှေ့ထွက်မိုင်း တစ်လုံး၊ ကျည်အိမ် ၂၆၉ ခု၊ ကျည်မျိုးစုံ ၁၀၅၁၅ တောင့်နှင့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။

စာမျက်နှာ ၁၆ သို့ ■



KIA နယ်မြေတွင် စစ်သင်တန်း တက်ရောက်ရန်နှင့် လက်နက်/ခဲယမ်းများရရှိရန် ချိတ်ဆက်ပေးခဲ့သည့် NLD ပါတီမှ ကောလင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း (၂၀၁၅) မျိုးဇော်အောင်



KIA နယ်မြေတွင် စစ်သင်တန်းတက်ရောက်ရန်နှင့် လက်နက်/ခဲယမ်းများရရှိရန် ချိတ်ဆက်ပေးခဲ့သည့် NLD ပါတီမှ တောင်ဒဂုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဟောင်း (၂၀၁၅) ညီညီ



ကျိုက်ထိုမြို့၌ ညီညီ(ခ)အောင်ဖြိုးမင်းထံမှ RPG တစ်လက်၊ M-16 တစ်လက်၊ ပစ္စတို တစ်လက်၊ ကာဘိုင် တစ်လက်၊ ဗုံးသီး ၁၄ လုံး သိမ်းဆည်းရမိသည့် မှတ်တမ်းဓာတ်ပုံ။

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မိဘာရိပ် သစ်ဆိုင်အတွင်းသို့ဝင်ရောက်၍ ရွှေထည်ပစ္စည်းများ၊ ငွေသားများ ယူဆောင်၍ မော်တော်ယာဉ်များ မီးရှို့ဖျက်ဆီးခဲ့သူများကို ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် ဇူလိုင် ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀/က)ရပ်ကွက်၊ လှော်ကားလမ်းမကြီးပေါ်ရှိ မိဘာရိပ် သစ်ဆိုင်အတွင်းသို့ မတ် ၂၇ ရက်တွင် မျိုးသိန်းထွန်း(ဘ)ဦးကျော်ထွန်း အပါအဝင် ၃၂ ဦးတို့က ဝင်ရောက်၍ ဆိုင်အတွင်း တပ်ဆင်ထားသော CCTV ကင်မရာများနှင့် ခြံတံခါးများကို ဖျက်ဆီးပြီး ရုံးခန်း အတွင်းမှ Iphone 12 Promax နှစ်လုံး၊ Pad 12 တစ်လုံး၊ ငွေကျပ် သိန်း ၁၅၀ ၊ CCTV မှတ်တမ်း Box၊ ရွှေတုံး/ရွှေထည်ပစ္စည်းမျိုးစုံ တစ်ပိဿာ ၂၀ ကျပ်သား၊ ဘဏ်စာအုပ် သုံးအုပ်တို့ကိုလည်းကောင်း၊ အိမ်တွင် တပ်ဆင်ထားသော TV ခြောက်လုံးနှင့် Felling-125 ဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း စုစုပေါင်း ကာလတန်ဖိုးငွေကျပ် သိန်းပေါင်း ၄၁၆၁ သိန်းခန့်တို့ကို လုယက်ခဲ့ခြင်းနှင့် ဆိုင်အတွင်း ရပ်ထားသည့် မော်တော်ယာဉ်နှစ်စီး တို့ကို ရိုက်ချိုးဖျက်ဆီး၍ လမ်းမပေါ်တွင် မီးရှို့ခဲ့ကြခြင်းတို့ကို ကျူးလွန်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ပုဒ်မ -၃၉၅ နှင့် ရာဇသတ်ကြီးပုဒ်မ-၄၃၅ တို့အရ ၎င်းတို့အား ဇူလိုင် ၁ ရက်တွင် " အလုပ်နှင့်ထောင်ဒဏ် ၂၀ နှစ်" အမိန့်ကို ချမှတ်လိုက်သည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများ အနက် အောင်ကိုဦး၊ ကျော်ကိုထက်၊ ထင်ကျော်(ခ)ဖက်တီး၊ ငထွန်း၊ ဟိန်းကို၊ ရဲကို၊ မတင်ထွေးရီ၊ ကိုဇင်(ခ)ကြွက်ကုလား၊ ဦးဘို၊ ကျားဘန်းနူး၊ မွတ်နား(ခ)မုနား၊ ငတေ၊ အရှည်ကြီး၊ ဆီနီဂေါ်၊ ဝင်းနိုင်၊ နေလင်းဦး၊ အသေးလေး၊ ဝေယံ၊ မဲကြီး၊ သူရအောင်၊ ထိန်လင်းအောင်၊ ကုလား၊ လွင်မိုးဦး၊ နိုင်လေး(ခ)နိုင်လင်းနှင့် ဒေါ်လေးလေးတို့သည် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းတို့နှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၈၇/ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မျိုးသိန်းထွန်း(ဘ)ဦးကျော်ထွန်း၊ ထင်ကျော်၊ အာကာထွန်း(ခ)ကိုလေး၊ ညီညီလွှမ်းအောင်(ခ)ညီညီအောင်၊ သက်ပိုင်(ခ)သက်ပိုင်စိုး၊ သန်းနိုင်ထွန်း(ခ)သန်းကြီးနှင့် စိုးအောင်(ဝဲမှယာ)တို့၏ မှတ်တမ်း ဓာတ်ပုံအားတွေ့ရစဉ်။

■ စာမျက်နှာ ၁၅ မှ

တရားခံခင်ကျော်နှင့် ကိုကိုနိုင်(ခ)ဒေါနတို့၏ ဖော်ထုတ်ချက်များအရ စစ်သင်တန်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းဖွင့်လှစ်ခြင်း၊ လက်နက်၊ ခဲယမ်းဝယ်ယူခြင်းနှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တရားမဝင်ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် CRPH နှင့် NUG အဖွဲ့ဝင် ရည်မွန်၏စေခိုင်းမှုများကြောင့် ဂျပန်နိုင်ငံတွင်နေထိုင်သူ ထွန်းအောင်ကျော် (ABSDF ဥက္ကဋ္ဌဟောင်း)၊ အမေရိကန်နိုင်ငံတွင်နေထိုင်သူ အေးမင်းတို့က နိုင်ငံတကာနှင့် ပြည်တွင်းရှိ NLD ပါတီဝင်များ၊ ယင်းပါတီအား ထောက်ခံသူများထံမှ ငွေကြေးထောက်ပံ့မှုများရယူ၍ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လာခြင်းဖြစ်ကြောင်း သိရသည်။

တရားခံ ခင်ကျော်သည် ၁၉၈၈ ခုနှစ်တွင် ABSDF သို့ဝင်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ABSDF မှ ခွဲထွက်၍ အဖွဲ့ဝင် ခုနစ်ဦးဖြင့် UNRA ကို ဖာပွန်မြို့နယ် လည်းဝါကျေးရွာ၌ ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် မတ်လမှစတင်၍ ဖောက်ခွဲရေးသင်တန်းများ ဖွင့်လှစ်ခဲ့ပြီး တရားမဝင်အဖွဲ့အစည်းဖြစ်သည့် NUG မှ ခေါင်းဆောင်များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသူဖြစ်ကြောင်း သိရသည်။

ကိုကိုနိုင်(ခ)ဒေါန(NDF အဖွဲ့၏ နိုင်ငံတကာဆက်ဆံရေးတာဝန်ခံ)သည် PDF သင်တန်းအတွက် လိုအပ်သော စစ်အသုံးအဆောင်ပစ္စည်းများနှင့် ငွေကြေးများ ထောက်ပံ့နိုင်ရေးအတွက် တရားမဝင်ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG မှ ရည်မွန်၊ ဂျပန်နိုင်ငံမှ ထွန်းအောင်ကျော် (ABSDF ဥက္ကဋ္ဌဟောင်း)၊ ပြည်ပရောက် NLD ပါတီဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထွန်းအောင်ကျော် (ABSDF ဥက္ကဋ္ဌဟောင်း)သည် NDF(National Defence Force)အားဖွဲ့စည်း၍ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး ပြည်ပရောက် NLD အဖွဲ့ဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီများရရှိရေးနှင့် NUG အဖွဲ့ဝင်များဖြင့် ချိတ်ဆက်ကာ ပြည်တွင်း၌ အကြမ်းဖက်လှုပ်ရှားမှုများ ဖြစ်ပေါ်လာစေရန် စီစဉ်ဆောင်ရွက်နေသူဖြစ်ကြောင်း သိရသည်။

တရားမဝင်ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG အနေဖြင့် နိုင်ငံတော်အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်အတွက် အဆင့်သုံးဆင့်ဖြင့် လုပ်ဆောင်နေပြီး **ပထမအဆင့်**အနေဖြင့် သင်တန်းဆင်းအဖွဲ့များမှ နေရပ်သို့ ပြန်လည်ရောက်ရှိပါက စက်ရုံ/အလုပ်ရုံများအား မီးရှို့/ဖောက်ခွဲဖျက်ဆီးခြင်းများအပြင် အုပ်ချုပ်ရေးမှူးများကို အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်း၊ **ဒုတိယအဆင့်**အနေဖြင့် ဒေသအလိုက် PDF အဖွဲ့များသည် EAOs အဖွဲ့များနှင့်ပူးပေါင်း၍ တပ်ဌာနချုပ်များကို စီးနင်းတိုက်ခိုက်ခြင်း၊ **တတိယအဆင့်** အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ငွေကြေးနှင့် လက်နက်များ လက်ခံရယူ၍ အင်အားပိုမိုကြီးမားအောင် လုပ်ဆောင်ရန်တို့ဖြစ်ကြောင်း သိရသည်။

တရားမဝင်ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG အဖွဲ့ဝင် ရည်မွန်၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ယနေ့အထိ နိုင်ငံအတွင်း အပြစ်မဲ့ပြည်သူ ၁၈၉ ဦးသေဆုံးကာ မီးလောင်၊ မီးရှို့ခံရသောစာသင်ကျောင်း ၆၀၊ အုပ်ချုပ်ရေးမှူးရုံး ၇၄ ရုံး၊ ရဲကင်း/ရဲစခန်း ၃၅ ခုတို့ရှိပြီး စာသင်ကျောင်းများတွင် ဗုံးပေါက်ကွဲမှု ၂၃၂ ကြိမ်၊ အုပ်ချုပ်ရေးမှူးရုံးများတွင် ဗုံးပေါက်ကွဲမှု ၁၈၂ ကြိမ်၊ ရဲကင်း/ရဲစခန်းများတွင် ဗုံးပေါက်ကွဲမှု ၆၆ ကြိမ် စုစုပေါင်း ဗုံးပေါက်ကွဲမှု အကြိမ် ၄၈၀ ရှိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ဖော်ထုတ်ချက်များအရ အကြမ်းဖက်လုပ်ငန်းများအား တရားမဝင်ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်း ဖြစ်သည့် CRPH နှင့် NUG အဖွဲ့ဝင် ရည်မွန်က ဦးဆောင်၍ ပြည်တွင်းရှိNLD ပါတီဝင် သိန်းနိုင်၊ ညီညီ၊ မျိုးဇော်အောင်၊ ကျော်စိုးလင်း၊ ခင်မောင်မြင့်၊ မောင်ဒီ၊ ခင်စိုး၊ ရဲရင့်အောင်၊ ဒေါ်နှင်းကြည်တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန် နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပြီး အေးချမ်းစွာ နေထိုင်လိုကြသည့် ပြည်သူအများစုအပေါ် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတကာသို့ အကြမ်းဖက် အဖွဲ့အစည်းများအဖြစ် သတင်းထုတ်ပြန် ကြေညာထားသော PDF၊ CRPH နှင့် NUG အဖွဲ့တို့နှင့် တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ဆက်သွယ်အားပေးထောက်ခံခြင်းနှင့် အားပေးအားမြှောက်ပြုခြင်းများသည် ရာဇသတ်ကြီး ပုဒ်မ ၁၂၃ နှင့် ငြိစွန်း၍ ပြစ်မှုမြောက်သဖြင့် ထောင်ဒဏ် ၂၀ နှစ်အထိ ပြစ်ဒဏ်ကျခံရနိုင်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းမှ ရည်မွန်အပါအဝင် ၎င်းတို့၏ အဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများအား ဆက်လက်ရှာဖွေဖော်ထုတ် ဖမ်းဆီးလျက်ရှိရာ အမြန်ဆုံး ဖမ်းဆီးရမိနိုင်ရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**



သပိတ်ကျင်းမြို့နယ် တကောင်းလမ်းခွဲ၌ ဝေယံလင်း(ခ) ထွန်းတောက်နိုင်အပါ လေးဦးအား လက်နက်မျိုးစုံ ၁၁၄ လက်၊ လက်ပစ်ဗုံး ၄၉၉ လုံး၊ ၄၀ မမ ဗုံးသီး ၁၄၇၃ လုံး၊ ကျည်တောင့် ၁၀၀၀၀၊ ကျည်အိမ် ၂၄၈ ခု၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# ဒီပဲယင်းမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သူများ ထိတွေ့မှုဖြစ်ပွား၊ အကြမ်းဖက်သူအချို့နှင့်အတူ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် ယနေ့ညနေ ၆ နာရီခွဲတွင် ဒီပဲယင်းမြို့၊ ကျွန်းတောကျေးရွာ၏ အရှေ့ဘက် မီတာ ၉၀၀ ခန့်အကွာသို့ အရောက်၌ အကြမ်းဖက်သူအင်အား ၁၀၀ ခန့်က လက်နက်ငယ်၊ တူမီးသေနတ်များဖြင့် စောင့်ကြိုပစ်ခတ်တိုက်ခိုက်လာခဲ့သဖြင့် အပြန်အလှန် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး ည ၇ နာရီခန့်တွင် အကြမ်းဖက်သူများသည် ကျွန်းတောကျေးရွာ၏ အနောက်ဘက်သို့ ဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားရာ ပတ်ဝန်းကျင်တစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သူ အမျိုးသားအလောင်းကိုးလောင်းကို တူမီးသေနတ် ၁၉ လက်၊ လက်လုပ်စိန်ပြောင်း နှစ်လက်၊ လက်လုပ်ပစ္စတို တစ်လက်တို့နှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သူအချို့ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အများပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးတို့အတွက် ရပ်ရွာလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Bulochnikov Anatony Mikhainovich နှင့် တွေ့ဆုံမေးမြန်းခြင်း

နေပြည်တော် ဇူလိုင် ၂

**ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Bulochnikov Anatony Mikhainovich နှင့် တွေ့ဆုံမေးမြန်းထားပါသည်။ အဆိုပါတွေ့ဆုံမေးမြန်းမှုနှင့် ဖြေကြားမှုများကို ဖော်ပြလိုက်ပါသည်–**



**မေး။** ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းရဲ့ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး သိရှိလိုပါတယ်။

**ဖြေ။** ပထမဦးစွာ အလေးပေးပြောကြားလိုတာက ချစ်ကြည်ရေးဆိုတာထက် ပူးပေါင်းဆောင်ရွက်မှုအကြောင်း ပြောလိုပါတယ်။ ကျွန်တော်တို့အသင်းအဖွဲ့ဝင်များဟာ ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်းက စီးပွားရေးလုပ်ငန်းရှင်များဖြစ်ပြီး မြန်မာနိုင်ငံနဲ့ စီးပွားရေးလုပ်ငန်းများမှာ တက်ကြွစွာ အတူတကွ အလုပ် လုပ်ဆောင်ဖို့ ဆန္ဒပြင်းပြလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းနဲ့ ရုရှားနိုင်ငံတို့အကြား ဆက်ဆံရေး၊ လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေ၊ စီးပွားရေးနဲ့ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုအလားအလာ စသည်တို့ကို ရုရှားစီးပွားရေးလုပ်ငန်းရှင်များ သိရှိအောင် ကျယ်ပြန့်တဲ့သတင်းကွန်ရက် တည်ဆောက်ဖို့အတွက် သတင်းအချက်အလက်များစွာကို ဖော်ထုတ်ရရှိဖို့လိုပါတယ်။

**မေး။ ရုရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွေအနေနဲ့ ဘယ်ကဏ္ဍတွေမှာ အများဆုံးရှိနေပါလဲ။ အနာဂတ်မှာလည်း ဘယ်ကဏ္ဍတွေမှာ ထပ်မံတိုးချဲ့ဆောင်ရွက်သွားဖို့ရှိပါသလဲ။**

**ဖြေ။** လက်ရှိအချိန်မှာတော့ ရုရှားနဲ့မြန်မာနိုင်ငံတို့အကြား ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုမရှိသေးပါဘူး။ သို့သော်လည်း ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးရဲ့ ကြီးမားတဲ့ပူးပေါင်းဆောင်ရွက်မှုကတော့ ပညာရေးကဏ္ဍပဲ ဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ်ကစပြီး ရုရှားနိုင်ငံရဲ့ အဆင့်မြင့် အထူးပြုဘာသာရပ်တွေကို မြန်မာနိုင်ငံက ပညာတော်သင် အမြောက်အမြားဟာ လာရောက်သင်ယူခဲ့ပြီး ဖြစ်ပါတယ်။ အားလုံးထဲမှာ ပညာရေးနယ်ပယ်ဟာ အပြန်အလှန် အကျိုးသက်ရောက်မှု အများဆုံးဖြစ်ပြီး မြန်မာနိုင်ငံမှ အရည်အချင်းပြည့်မီတဲ့ ပညာတော်သင်များဟာ သင်ယူတတ်မြောက်ပြီး ဖြစ်ပါတယ်။ ၎င်းပညာတော်သင်များဟာ နှစ်နိုင်ငံစလုံးရဲ့ အကျိုးအတွက် အဓိကအသုံးချရမယ့် ခိုင်မာတဲ့ အင်စတီကျူးရှင်း တစ်ရပ်ဖြစ်ပါတယ်။

ဒါ့အပြင် ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းများမှ အစပြုပြီး မည်သည့်စက်မှုလုပ်ငန်းတွင်မဆို ပူးပေါင်းဆောင်ရွက်ဖို့ အခွင့်အလမ်းရလိုပါတယ်။ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ သင်္ဘောတည်ဆောက်ရေး၊ မီးသတ်ကိရိယာများထုတ်လုပ်ခြင်း၊ မြစ်နှင့် ပင်လယ်ဆိပ်ကမ်းများ ပြန်လည်တည်ဆောက်ခြင်း၊ အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်မှု၊ သတ္တုတူးဖော်ရေးနှင့် အခြားစက်မှုကဏ္ဍများမှာလည်း ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါတယ်။

**မေး။ ရုရှား-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုစင်တာတွေ တည်ဆောက်ပြီး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်သွားဖို့ရှိကြောင်း ဆွေးနွေးပြောခဲ့ပြီးတာတွေရှိပါတယ်။ ဘယ်အဆင့်ထိ ဆောင်ရွက်ပြီးစီးပါပြီလဲ။ ဘယ်လိုစီးပွားရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်နေပါသလဲ။**

**ဖြေ။** ၂၀၁၄ ခုနှစ်ကစပြီး ရန်ကုန်မြို့မှာ "Golden Ring"အမည်နဲ့ ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးစင်တာတစ်ခု ဆောက်လုပ်ဖို့ မြေနေရာရရှိနိုင်ရေး ကြိုးစားခဲ့ပါတယ်။ အဲဒီစင်တာမှာ ရုံးခန်းနဲ့ လူနေအိမ် အဆောက်အအုံများ၊ ပညာရေးနဲ့ ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများ၊ ကုန်သွယ်ရေးနဲ့ ပြခန်းများအပါအဝင် အခြားကဏ္ဍများအတွက် ဘက်စုံစင်တာတစ်ခုဖြစ်ဖို့ ရည်ရွယ်ပါတယ်။ ဒါပေမဲ့ အခုချိန်အထိတော့ မြန်မာနိုင်ငံဘက်က အကြောင်းပြန်ချက်ကို စောင့်ဆိုင်းနေတဲ့ အနေအထားပဲ ရှိပါသေးတယ်။

**မေး။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်ကဏ္ဍတွေမှာ အဓိကထားဆောင်ရွက်ဖို့ လိုအပ်တယ်လို့ အကြံပြုချင်ပါသလဲ။**

**ဖြေ။** ဒီမေးခွန်းကို ကျွမ်းကျင်ပညာရှင်များကို မေးတာ ပိုကောင်းမယ်ထင်ပါတယ်။ ကျွန်တော့်အမြင်ကို ပြောရရင်တော့ ဦးစားပေးလုပ်ငန်းတွေအနေနဲ့ စွမ်းအင်နဲ့ သယ်ယူပို့ဆောင်ရေးကွန်ရက်၊ ဓာတ်သတ္တုထုတ်ယူခြင်း၊ ကုန်ချောထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အိုင်တီနည်းပညာကဏ္ဍတွေ ဖြစ်ပါတယ်။ အဆိုပါကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်ဖို့ ရုရှားတက္ကသိုလ်များမှာ လေ့ကျင့်သင်ကြားခဲ့တဲ့ မြန်မာနိုင်ငံက အထူးကျွမ်းကျင်သူများကို အသုံးပြုခြင်းဖြင့် တိုင်းပြည်ရဲ့ ဘတ်ဂျက်အတွက် အပိုဝင်ငွေများရရှိစေမှာ ဖြစ်ပါတယ်။ ခေတ်မီသတ္တုသန့်စင်စက်ရုံတစ်ရုံ တည်ဆောက်ခြင်းဖြင့် နိုင်ငံဘဏ္ဍာများ တိုးတက်ဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အဆိုပါလုပ်ငန်းများမှာ ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ပြင်ဆင်ထားပါတယ်။

ဒီနေရာမှာ ဖြေရှင်းရန်လိုအပ်တဲ့ ပြဿနာတစ်ခုကတော့ ကျွန်တော်တို့နိုင်ငံများအကြား ဘဏ္ဍာရေးယန္တရားကို မှန်ကန်စွာတည်ဆောက်နိုင်ရန် လိုအပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျွမ်းကျင်တဲ့ စီးပွားရေးပညာရှင်အဖွဲ့များနဲ့အတူ အဆိုပါပြဿနာနဲ့ပတ်သက်ပြီး အဆိုပြုချက်များကို ပြင်ဆင်ထားရှိကာ ပွင့်လင်းစွာဆွေးနွေးနိုင်ဖို့ မျှော်လင့်လျက်ရှိပါတယ်။

**မေး။ ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ပညာရေး၊ ယဉ်ကျေးမှု၊ စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေး ယဉ်ကျေးမှု စတဲ့ကဏ္ဍတွေမှာ ကူညီပူးပေါင်းဆောင်ရွက်နေတာတွေလည်းရှိပါတယ်။ အနာဂတ်မှာ ဘယ်ကဏ္ဍတွေမှာ အဓိကထား ကူညီပူးပေါင်းဆောင်ရွက်သွားဖို့ ရှိပါသလဲ။ အသင်းအနေနဲ့လည်း ဘယ်လိုတွေ ကူညီဆောင်ရွက်ပေးသွားဖို့ ရှိပါသလဲ။**

**ဖြေ။** အားလုံးသိပြီးဖြစ်တဲ့အတိုင်း နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍမှာ ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါတယ်။ အဲဒီအတွက်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကတော့ အရှိန်အဟုန်နဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားဖို့ လိုပါတယ်။ လက်ရှိအချိန်မှာ ရုရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံက အထူးကျွမ်းကျင်သူ အမြောက်အမြားကို မွေးထုတ်သင်ကြားပေးခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရုရှားနဲ့ မြန်မာ ပူးတွဲတက္ကသိုလ်တစ်ခု ဖွင့်လှစ်နိုင်ရေး အကြံပြုတင်ပြလိုပါတယ်။ ဥပမာ– မော်စကိုတက္ကသိုလ်နဲ့ ရန်ကုန်တက္ကသိုလ်တို့ ပူးပေါင်းကာ နေပြည်တော် သို့မဟုတ် မန္တလေးမြို့မှာ ပူးတွဲတက္ကသိုလ်ဖွင့်လှစ်ပြီး ခေတ်မီပညာများ သင်ကြားပေးရန်ဆောင်ရွက်ခြင်းဖြင့် အနာဂတ်လူငယ်များ ခေတ်မီပညာရပ်များကို လေ့လာသင်ယူနိုင်မှာ ဖြစ်ပါတယ်။ ယဉ်ကျေးမှုနယ်ပယ်ကဏ္ဍမှာတော့ နိုင်ငံတကာမှာ ကျယ်ပြန့်စွာကျင့်သုံးလျက်ရှိတဲ့ ဥပမာကိုယူပြီး ရုရှားနိုင်ငံမှာ "မြန်မာနှစ်" ပွဲတော်နှင့် မြန်မာနိုင်ငံမှာ"ရုရှားနှစ်"ပွဲတော်များ ကျင်းပခြင်းများ ဆောင်ရွက်နိုင်ပါတယ်။ နှစ်နိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတတ်ရေးအတွက် လေယာဉ်ပျံများ တိုက်ရိုက် ပျံသန်းပြေးဆွဲမှုပြုလုပ်ရန် ညှိနှိုင်းဖို့လိုပါတယ်။ ဗီဇာ အပြန်အလှန်ကင်းလွတ်ခွင့် ညှိနှိုင်းဖို့ လိုပါတယ်။

**မေး။ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌအနေနဲ့လည်း ရုရှားနိုင်ငံရဲ့ နိုင်ငံရေးစာစောင်တစ်ခုဖြစ်တဲ့ (၁၁၈)ကြိမ်မြောက် ထုတ်ဝေတဲ့ Politics Magazine မှာ "တောင့်တင်းခိုင်မာသော တပ်မတော်သည် အမိမြေအေးချမ်းသာယာရေး၏ အာမခံချက်ဖြစ်သည်"ဆိုတဲ့ ဆောင်းပါးကို ရေးသားထားတာ တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံနဲ့ မြန်မာ့တပ်မတော်အပေါ်အမြင်ကို ခုလိုအခွင့်အခါကြုံတဲ့အချိန်မှာ ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** ကျွန်တော်ဟာ ၁၉၇၈–၇၉ ခုနှစ်များအတွင်း ရန်ကုန်တက္ကသိုလ် နိုင်ငံခြားဘာသာရပ်ဌာနမှာ မြန်မာဘာသာသင်ယူခဲ့ပြီး ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံကို ကြိမ်ဖန်များစွာ ရောက်ရှိခဲ့သူဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အံ့သြဖွယ်ကောင်းတဲ့ တိုင်းပြည်ဖြစ်ပြီး မြန်မာလူမျိုးများဟာ ချစ်ကြည်ရင်းနှီးတတ်ပြီး အံ့သြစရာကောင်းလောက်အောင် ဖော်ရွေပျူငှာပါတယ်။ မြန်မာနိုင်ငံကို ကျွန်တော်နဲ့ အတူရောက်ဖူးတဲ့ အခြားရုရှားနိုင်ငံသား အားလုံးကလည်း မိတ်ဆွေအပေါင်းအသင်းများအလယ် ရောက်ရှိနေသလို အမြဲတမ်းခံစားခဲ့ရပါတယ်။ ကျွန်တော်တို့ရဲ့ ချစ်ကြည်ရင်းနှီးမှုဟာ ရင်ထဲကလာတဲ့ ဟန်ဆောင်မှုကင်းတဲ့ ရင်းနှီးချစ်ခင်မှုလို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်မှုရဖို့ တစ်ယောက်နဲ့တစ်ယောက် ကူညီကြိုးစားကြရမှာ ဖြစ်ပါတယ်။

မြန်မာ့တပ်မတော်နဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် တပ်မတော်ဟာ ပြည်သူလူထုရဲ့ အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါတယ်။ တပ်မတော်ဟာ တိုင်းပြည်ကို ပြည်ပကျူးကျော်မှုကာကွယ်ရန်နဲ့ ပြည်ပကျူးကျော်စစ်အတွက် ပြည်တွင်းအင်အားစုများကို စုစည်းတည်ဆောက်ရန်ဖြစ်ပြီး ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှု မပြုရဘူးလို့ ယေဘုယျသတ်မှတ်ထားပေမယ့် စကားပုံတစ်ခုကို ဥပမာယူပြောရမည်ဆိုလျှင် "မိမိတပ်မတော်ကိုမှ မထောက်ပံ့လိုသော တိုင်းပြည်သည် အခြားတပ်မတော်တစ်ခု၏ နှိပ်စက်ခြင်းကို ခံရမည်" ဆိုတဲ့အတိုင်း တပ်မတော် အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်လို့ သဘောပေါက် ယုံကြည်ပါတယ်။

**မေး။ ဆောင်းပါးအရဆို မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေးအပါအဝင် မြန်မာနိုင်ငံရဲ့အကြောင်းကို အတော်လေး လေ့လာသိမြင်ထားတာ တွေ့ရပါတယ်။ ဒါကြောင့် လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့ လုပ်ဆောင်ချက်တွေအပေါ် သဘောထားအမြင်ကို သိလိုပါတယ်။**

**ဖြေ။** ပထမဦးစွာ ပြောလိုတာကတော့ ကျွန်တော်တို့ အဖွဲ့အစည်းဟာ နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်း မဟုတ်ပါဘူး။ လူမှုရေးဆိုင်ရာ အဖွဲ့အစည်း တစ်ခု ဖြစ်တယ်ဆိုတာ အလေးထားပြောကြားလိုပါတယ်။ ရုရှားနိုင်ငံ အကြီးအကဲများနဲ့ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနတို့အနေနဲ့ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ လေးနက်သိမ်မွေ့တဲ့ အခြေအနေနဲ့ပတ်သက်ပြီး မြန်မာပြည်သူတွေရဲ့ အကျိုးစီးပွားကိုရှေးရှုလျက် တည်ငြိမ်အေးချမ်းမှုရအောင် ကူညီဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ မြန်မာ့နိုင်ငံရေးမှာ ပါဝင်ပတ်သက်နေသူအားလုံးရဲ့ ဆောင်ရွက်ချက်များဟာ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ ကိုက်ညီရပါမယ်။ အရေးကြီးဆုံးကတော့ လက်ရှိဖြစ်ပေါ်နေတဲ့ အကြောင်းအရာများနှင့်ပတ်သက်ပြီး တိကျမှန်ကန်တဲ့ သတင်းအချက်အလက်များအား ပြည်သူလူထုထံ ပျံ့နှံ့စေပြီး သတင်းအမှားများနှင့် ကောလာဟလသတင်းများ မပျံ့နှံ့စေရေးကာကွယ်ဆောင်ရွက်သွားဖို့လိုမှာ ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရွေးကောက်ပွဲအသစ်များ ပြန်လည်ကျင်းပရန် ထုတ်ပြန်ကြေညာချက်ဟာ မြန်မာနိုင်ငံငြိမ်းချမ်းရေး၊ ပြည်ထောင်စုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အခြေခံလိမ့်မယ်လို့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံသားအားလုံးရဲ့ စည်းလုံးညီညွတ်မှု ခွန်အားနဲ့ မြန်မာ့နိုင်ငံရေးပန်းတိုင်ကို အမြန်ဆုံး ရောက်ရှိပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အမြန်ဆုံးရရှိလိမ့်မယ်လို့ ယုံကြည်မျှော်လင့် လျက်ရှိပါတယ်ခင်ဗျာ။

(ဆက်လက်ဖော်ပြပါမည်)

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (အင်ဒိုနီးရှားနိုင်ငံ)

အေးစုကျော်

**နိဒါန်း**


"အင်ဒိုနီးရှား" ဟူသောအမည်သည် ဂရိဘာသာစကား အင်ဒိုမှ ဆင်းသက်လာခြင်းဖြစ်ပြီး အိန္ဒိယကျွန်းများဟု အဓိပ္ပာယ်ရပါသည်။ ၁၉၀၀ ပြည့်နှစ်နောက်ပိုင်းတွင် အင်ဒိုနီးရှားဟူသောအမည်မှာ ပို၍အသုံးများလာခဲ့ကြပြီး ဒေသခံပြည်သူများက နိုင်ငံရေး အသုံးအနှုန်းအဖြစ် ပြောင်းလဲခေါ်ဆိုခဲ့ကြပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာကြားတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၇၃၅၃၅၈ မိုင်မျှရှိသဖြင့် ကုန်းမြေဧရိယာအားဖြင့် ၁၄ ခုမြောက် အကြီးဆုံးနိုင်ငံဖြစ်ပါသည်။ မြို့တော်မှာ ဂျကာတာမြို့တော်ဖြစ်ပြီး အသုံးပြုသည့်ငွေကြေးမှာ ရူပီးဖြစ်ပါသည်။ လူဦးရေ ၂၆၁ သန်းခန့်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည် သမ္မတနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ သမ္မတသည် နိုင်ငံအကြီးအကဲဖြစ်သကဲ့သို့ အစိုးရအဖွဲ့၏ အုပ်ချုပ်ရေးမဏ္ဍိုင်အကြီးအကဲလည်း ဖြစ်ပါသည်။ သမ္မတသည် ငါးနှစ်သက်တမ်း နှစ်ကြိမ်ထိ ထမ်းဆောင်ခွင့်ရှိပါသည်။ ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏အစိုးရအဖွဲ့ ဖွဲ့စည်းတည်ဆောက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာခွဲဝေကျင့်သုံးမှုတို့ကိုလည်း အတိအကျ သတ်မှတ်ပြဋ္ဌာန်းပေးထားပါသည်။ ဥပဒေပြုလွှတ်တော်များအတွက် ကိုယ်စားလှယ်များနှင့် သမ္မတ၊ ဒုတိယသမ္မတတို့အား ပြည်သူများက ငါးနှစ်လျှင်တစ်ကြိမ် ရွေးကောက်တင်မြှောက်ပေးပါသည်။

၁၉၉၉ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ အင်ဒိုနီးရှားနိုင်ငံရေးသမိုင်းတွင် ရွေးကောက်ပွဲခုနစ်ကြိမ် ကျင်းပခဲ့ပါသည်။ ၁၉၆၆ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ အင်ဒိုနီးရှားနိုင်ငံလွှတ်တော်ကို တပ်မတော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်မှုဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ၁၉၉၈ ခုနှစ်နောက်ပိုင်းမှစ၍ တပ်မတော်သားကိုယ်စားလှယ်များ၏ ပါဝင်မှုကို ပယ်ဖျက်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်တွင် အောက်လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် People's Representative Council (Dewan Perwakilan Rakyat–DPR) သည် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့အစည်းများဆိုင်ရာ ဥပဒေ (၁၅/၂၀၁၁)၊ ဥပဒေပြုရွေးကောက်ပွဲများဆိုင်ရာဥပဒေ (၈/၂၀၁၂)နှင့် သမ္မတရွေးကောက်ပွဲများဆိုင်ရာဥပဒေ (၄၂/၂၀၀၈) တို့ကိုပေါင်းစပ်၍ အထွေထွေရွေးကောက်ပွဲဥပဒေအသစ် (၇/၂၀၁၇) ကို ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေ၌ လွှတ်တော်ရွေးကောက်ပွဲနှင့် သမ္မတရွေးကောက်ပွဲများကို တစ်နေ့တည်းကျင်းပရန် ပြဋ္ဌာန်းခဲ့ပါသည်။ ယခင်ဥပဒေတွင် ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများအား သမ္မတရွေးကောက်ပွဲမတိုင်မီ လပေါင်းများစွာအလို၌ ကျင်းပပြီး ပါတီများအနေဖြင့် အဆိုပါဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများတွင် ရရှိသည့် အနိမ့်ဆုံးဆန္ဒမဲအရေအတွက် သို့မဟုတ် ကိုယ်စားလှယ်နေရာအရေအတွက်ပေါ် မူတည်၍ သမ္မတရွေးကောက်ပွဲအတွက် အမည်စာရင်းတင်သွင်းရခြင်းဖြစ်ပါသည်။ ဥပဒေသစ်တွင် မည်သည့်နိုင်ငံရေးပါတီ သို့မဟုတ် ညွန့်ပေါင်းအဖွဲ့အစည်းမဆို နောက်ဆုံးပြုလုပ်ခဲ့သည့်ရွေးကောက်ပွဲတွင် ခိုင်လုံမဲစုစုပေါင်း၏ ၂၅ ရာခိုင်နှုန်း သို့မဟုတ် DPR ရှိ ကိုယ်စားလှယ်အရေအတွက်၏ ၂၀ ရာခိုင်နှုန်း အနိုင်ရရှိပါက သမ္မတနှင့် ဒုတိယသမ္မတအဖြစ် အမည်စာရင်းတင်သွင်းခွင့်ရှိပါသည်။ သမ္မတနှင့် ဒုတိယသမ္မတတို့ကို ပြည်သူများက တစ်ပြိုင်နက် တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်း ဖြစ်ပါသည်။




အင်ဒိုနီးရှားနိုင်ငံ၏ လွှတ်တော်ဖွဲ့စည်းမှုပုံစံ။

**ရွေးကောက်ပွဲစနစ်**

သမ္မတရွေးကောက်ပွဲကို Majority Vote စနစ်၊ အထက်လွှတ်တော် Regional Representative Council (Dewan Perwakilan Daerah – DPD ) ကို Single Non–Transferable Vote စနစ်၊ အောက်လွှတ်တော် People's Representative Council (Dewan Perwakilan Rakyat–DPR ) ကို အချိုးကျကိုယ်စားပြုစနစ် (Proportional Representative System– Open List ) ကိုကျင့်သုံး၍ ဆောင်ရွက်ပါသည်။ အဆိုပါစနစ်၌ လွှတ်တော်တွင် ကိုယ်စားလှယ်နေရာရရှိရေးအတွက် ပါတီများအနေဖြင့် အနိမ့်ဆုံးဆန္ဒမဲ (Threshold) ၃ ဒသမ ၅ ရာခိုင်နှုန်းရရှိရန် လိုအပ်ပါသည်။

**လွှတ်တော်ဖွဲ့စည်းမှု**

အင်ဒိုနီးရှားနိုင်ငံတွင် အောက်လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် (People's Representative Council–DPR) နှင့် အထက်လွှတ်တော် (Regional Representative Council– DPD)ဟူ၍ ပြည်ထောင်စုအဆင့် ဥပဒေပြုလွှတ်တော် နှစ်ရပ်ရှိပါသည်။ အောက်လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် (DPR) သည် ဥပဒေများကို ပြင်ဆင်ခွင့်၊ ပြဋ္ဌာန်းခွင့်ရှိပါသည်။ အထက်လွှတ်တော် (DPD) သည် လွှတ်တော်နှစ်ရပ်ထားရှိရေးအတွက် အခြေခံဥပဒေပြင်ဆင်မှုမှ ၂၀၀၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော လွှတ်တော်ဖြစ်ပြီး လုပ်ပိုင်ခွင့်အကန့်အသတ်ဖြင့် ဆောင်ရွက်ရသော လွှတ်တော်ဖြစ်ပါသည်။ လွှတ်တော်နှစ်ရပ် ပူးပေါင်းကျင်းပသည့် လွှတ်တော်အစည်းအဝေးကို ပြည်သူ့အတိုင်ပင်ခံညီလာခံ People’s Consultative Assembly ( Majelis Permusyawaratan Rakyat – MPR ) ဟုခေါ်ဆိုပြီး ၎င်းညီလာခံမှ ဆောင်ရွက်ခွင့်ရှိသည့် လုပ်ငန်းတာဝန်များတွင် သမ္မတအား စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍ အပြီးသတ်ဆောင်ရွက်ရသည့်အဆင့်များ ပါဝင်ပါသည်။ လွှတ်တော်နှစ်ရပ်လုံးရှိ ကိုယ်စားလှယ်များသည် ငါးနှစ် တာဝန်ထမ်းဆောင်ရမည် ဖြစ်ပါသည်။

**ကျင်းပသည့် ရွေးကောက်ပွဲများ**

အထွေထွေရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်နှင့် မဲပေးခြင်းလုပ်ငန်းစဉ်များ စီမံဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲရလဒ်များကြေညာခြင်း စသည့် လုပ်ငန်းများကို တာဝန်ယူပြီး အောက်ပါရွေးကောက်ပွဲများကို ကျင်းပဆောင်ရွက်ပါသည်–

(က) သမ္မတရွေးကောက်ပွဲ (Presidential Election)

( ခ ) အထက်လွှတ်တော်ရွေးကောက်ပွဲ (Regional Representative Council– DPD)

( ဂ ) အောက်လွှတ်တော်ရွေးကောက်ပွဲ (People’s Representative Council– DPR)

(ဃ) ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ရွေးကောက်ပွဲ (DPRD Province Council Election)

( င ) ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့ ရွေးကောက်ပွဲ (Regional Head Elections)

(စ) ဒေသန္တရ/မြူနီစီပယ်ရွေးကောက်ပွဲ (Regency/ municipality elections)

**မဲဆန္ဒနယ်မြေသတ်မှတ်ခြင်း**

ရွေးကောက်ပွဲနယ်မြေမဲဆန္ဒနယ်များကို ရွေးကောက်ပွဲမတိုင်မီ ကြိုတင်သတ်မှတ်ပါသည်။ အောက်လွှတ်တော် (DPR) အတွက် မဲဆန္ဒနယ်မြေ ၇၇ ခု သတ်မှတ်ပြီး အထက်လွှတ်တော် (DPD) အတွက် ပြည်နယ် ၃၄ ခုကို အခြေခံပါသည်။

ပြည်နယ်အဆင့် ဒေသန္တရဆိုင်ရာကောင်စီ (DPRD) ၏ ရွေးကောက်ပွဲအတွက် သက်ဆိုင်ရာ ပြည်နယ်အတွင်းရှိ လူဦးရေပေါ်မူတည်၍ Multi–member မဲဆန္ဒနယ် ၂၅၉ ခုကို သတ်မှတ်ဖွဲ့စည်းပါသည်။

ဒေသန္တရ/မြူနီစီပယ် (Regency/municipality elections) ရွေးကောက်ပွဲများတွင် မြူနီစီပယ်ဧရိယာအတွင်းရှိ လူဦးရေပေါ် အခြေခံ၍ သတ်မှတ်ဖွဲ့စည်းပါသည်။ ပြည်နယ် ၃၄ ခု၊ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေ (Regency) ၄၁၀၊ မြူနီစီပယ်အုပ်ချုပ်ရေးနယ်မြေ (Municiplity) ၉၈ ခု၊ ခရိုင် ၆၉၉၄ ခု၊ မြို့ပေါ်ရပ်ကွက် ၈၃၀၉ ခုနှင့် ကျေးရွာ ၇၂၉၉၄ ခုရှိပြီး မြူနီစီပယ်ရွေးကောက်ပွဲအတွက် Multi–member မဲဆန္ဒနယ် ၂၁၀၂ ခုကို သတ်မှတ်ဖွဲ့စည်းထားပါသည်။

**အမည်စာရင်းတင်သွင်းခြင်း**

နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် ညွန့်ပေါင်းပါတီသည် လွှတ်တော်နှစ်ရပ်တွင် ၂၅ ရာခိုင်နှုန်း အနိုင်ရလျှင်သော်လည်းကောင်း၊ အောက်လွှတ်တော် ( DPR )တွင် ၂၀ ရာခိုင်နှုန်း အနိုင်ရလျှင်သော်လည်းကောင်း သမ္မတနှင့် ဒုတိယသမ္မတ၏ အမည်စာရင်းတင်သွင်းနိုင်ပါသည်။

အထက်လွှတ်တော် (DPD) နှင့် အောက်လွှတ်တော် (DPR)တို့အတွက် သက်ဆိုင်ရာပါတီနှင့် တစ်သီးပုဂ္ဂလများသည် အနည်းဆုံး အသက် (၂၁) နှစ်ရှိပြီး နိုင်ငံရေးပါတီတစ်ခုအတွက်သာ အမည်စာရင်းတင်သွင်းရပါသည်။ အောက်လွှတ်တော် (DPR) သို့ အမည်စာရင်းတင်သွင်းရာတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၃၀ ရာခိုင်နှုန်း ပါဝင်ရပါသည်။

**ဆန္ဒမဲပေးခြင်း**

အင်ဒိုနီးရှားနိုင်ငံတွင် အသက် ၁၇ နှစ်ပြည့်ပြီးသည့် နိုင်ငံသားတိုင်း မဲပေးခွင့်ရှိပါသည်။ အိမ်ထောင်ရှိသူဖြစ်ပါက အသက်မပြည့်သေးသော်လည်း မဲပေးခွင့်ရှိပါသည်။

ရွေးကောက်ပွဲနေ့တွင် မဲရုံများကို နံနက် ၀၇:၀၀ နာရီမှ ၂၂:၀၀ နာရီထိ ဖွင့်လှစ်ပါသည်။

သမ္မတရွေးကောက်ပွဲတွင် သမ္မတနှင့် ဒုတိယသမ္မတတို့ကို မဲလက်မှတ်တစ်စောင်တည်း ( Single Ticket ) ဖြင့် ဆန္ဒပြုရွေးချယ်ရပါသည်။

အထက်လွှတ်တော် (DPD)၊ အောက်လွှတ်တော် (DPR)၊ ပြည်နယ် (DPRD Province) နှင့် မြူနီစီပယ်ရွေးကောက်ပွဲ (DPRD Regency/ Municipality) များကို တစ်နေ့တည်းတွင် ကျင်းပပြုလုပ်ပါသည်။

အဆိုပါ ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲပေးရာ၌ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် နိုင်ငံရေးပါတီနှင့် ကိုယ်စားလှယ်လောင်းအမည်များပါဝင်သော မဲလက်မှတ်တစ်စောင်စီ ရရှိမည် ဖြစ်ပါသည်။

စာမျက်နှာ ၁၉ သို့ ■

**❂ နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် ညွန့်ပေါင်းပါတီသည် လွှတ်တော်နှစ်ရပ်တွင် ၂၅ ရာခိုင်နှုန်း အနိုင်ရလျှင်သော်လည်းကောင်း၊ အောက်လွှတ်တော် (DPR)တွင် ၂၀ ရာခိုင်နှုန်း အနိုင်ရလျှင်သော်လည်းကောင်း သမ္မတနှင့် ဒုတိယသမ္မတ၏ အမည်စာရင်းတင်သွင်းနိုင်။**

**❂ အထက်လွှတ်တော် (DPD) နှင့် အောက်လွှတ်တော် (DPR)တို့အတွက် သက်ဆိုင်ရာပါတီနှင့် တစ်သီးပုဂ္ဂလများသည် အနည်းဆုံး အသက် (၂၁) နှစ်ရှိပြီး နိုင်ငံရေးပါတီတစ်ခုအတွက်သာ အမည်စာရင်းတင်သွင်းရပါသည်။ အောက်လွှတ်တော် (DPR) သို့ အမည်စာရင်းတင်သွင်းရာတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၃၀ ရာခိုင်နှုန်း ပါဝင်ရ။**

■ စာမျက်နှာ ၁၈ မှ

**ရွေးကောက်တင်မြှောက်ခြင်း**

**အောက်လွှတ်တော် (People's Representative Council – DPR)**

အောက်လွှတ်တော် (DPR) တွင် ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ရွေးကောက်တင်မြှောက်ခွင့်ရှိသော မဲဆန္ဒနယ် ၇၇ မှ ကိုယ်စားလှယ် ၅၇၅ ဦးဖြင့် ဖွဲ့စည်းထားပါသည်။ မဲဆန္ဒနယ်တစ်ခုလျှင် လူဦးရေပေါ် အခြေခံ၍ ကိုယ်စားလှယ် သုံးဦးမှ ၁၀ ဦးအကြား ရွေးကောက်တင်မြှောက်ခွင့်ရရှိပါသည်။ ကိုယ်စားလှယ်များကို နိုင်ငံရေးပါတီများမှ တင်သွင်းသည့် ကိုယ်စားလှယ်လောင်းစာရင်းမှတစ်ဆင့် Open List PR စနစ်ကို အသုံးပြု၍ ရွေးကောက်တင်မြှောက်ခြင်းဖြစ်ပါသည်။ လွှတ်တော်တွင် ကိုယ်စားလှယ်နေရာရရှိရေးအတွက် ပါတီများ အနေဖြင့် အနိမ့်ဆုံးဆန္ဒမဲ(Threshold) ၃ ဒသမ ၅ ရာခိုင်နှုန်းရရှိရန် လိုအပ်ပါသည်။ အနိမ့်ဆုံးဆန္ဒမဲ (Threshold) သတ်မှတ်ချက်သည် ပြည်ထောင်စုအဆင့် (DPR) အတွက်သာ သတ်မှတ်ထားခြင်းဖြစ်ပြီး ပြည်နယ်အဆင့်လွှတ်တော်များအတွက်မူ သတ်မှတ်ထားခြင်း မရှိပေ။

မဲဆန္ဒရှင်များက ၎င်းတို့၏မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့ကိုယ်စားပြုပါတီများကို ဖော်ပြထားသည့် DPR ဆန္ဒမဲလက်မှတ်တွင် မိမိရွေးချယ်လိုသည့် ကိုယ်စားလှယ်လောင်းတစ်ဦး၊ ပါတီတစ်ခု သို့မဟုတ် ကိုယ်စားလှယ်လောင်းနှင့် ပါတီနှစ်ခုလုံးပေါ်တွင် ဆန္ဒပြုရမည် ဖြစ်ပါသည်။ မဲဆန္ဒရှင်သည် မတူညီသည့် ကိုယ်စားလှယ်လောင်းနှင့်ပါတီကို ရွေးချယ်ဆန္ဒပြုထားပါက ယင်းဆန္ဒမဲလက်မှတ်သည် ပယ်မဲအဖြစ် သတ်မှတ်ခြင်းခံရမည်ဖြစ်ပါသည်။

**အထက်လွှတ်တော် ( Regional Representative Council – DPD)**

အထက်လွှတ်တော် (DPD) တွင် ပြည်နယ်တစ်ခုလျှင် ကိုယ်စားလှယ် လေးဦးနှုန်းဖြင့် ပြည်နယ် ၃၄ ခုမှ အချိုးကျရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ် ၁၃၆ ဦး ပါဝင်ပါသည်။ သက်ဆိုင်ရာ ပြည်နယ်အသီးသီးမှ ပါတီဝင်မဟုတ်သော ကိုယ်စားလှယ်လောင်းများကို Single Non Transferable Vote စနစ်ဖြင့် ရွေးကောက်တင်မြှောက်ပါသည်။ မဲဆန္ဒရှင်များက ၎င်းတို့မဲဆန္ဒနယ်အတွက် ရွေးချယ်လိုသည့် ကိုယ်စားလှယ်လောင်းတစ်ဦးတည်းအတွက်ကိုသာ ဆန္ဒပြုပေးရမည်ဖြစ်ပါသည်။ မဲဆန္ဒနယ်အလိုက် မဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်း လေးဦးသည် ရွေးကောက်တင်မြှောက်ခံရမည်ဖြစ်ပါသည်။ DPD ကိုယ်စားလှယ်လောင်းတိုင်းသည် မဲဆန္ဒရှင်အရေအတွက်ပေါ်မူတည်၍ မဲဆန္ဒရှင် ၁၀၀၀ မှ ၅၀၀၀ အကြား ၎င်းတို့ကို ထောက်ခံမှုရရှိရန်လိုအပ်ပါသည်။ ၎င်းအချက်ကို သက်သေပြနိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်အလိုက် မှတ်ပုံတင်ထားသည့် ၎င်းအားထောက်ခံသော မဲဆန္ဒရှင်များ၏ သက်သေခံလက်မှတ်မိတ္တူများကို တင်သွင်းရန် ဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။

**မြို့တော်/ စီရင်စု ( Dewan Perwakilan Rakyat Daerah – DPRD)**

မြို့တော်/စီရင်စု( DPRD) ကို လူဦးရေပေါ်မူတည်၍ မြို့တော်/စီရင်စုတစ်ခုလျှင် ၂၀ မှ ၅၅ ဦးအကြားပါဝင်သည့် အဖွဲ့ဝင်များဖြင့် မြို့တော်/စီရင်စု ၅၁၄ ခုအတွက် ရွေးချယ်ပေးရပါသည်။ ပြည်နယ်အဆင့် ဒေသအစိုးရအုပ်ချုပ်မှုအောက်တွင် မြို့ပြ ၄၁၆ ခုနှင့် ကျေးလက် ၉၈ ခုပါဝင်ပြီး မြို့တော်/စီရင်စုအဆင့် (DPRD) တွင် အဖွဲ့ဝင် ၅၀၈ ဦးကို ရွေးချယ်ပေးရပါသည်။ ၂၀၁၉ ခုနှစ် မြို့တော်/စီရင်စုအဆင့် (DPRD) တွင် မဲဆန္ဒနယ်တစ်နယ်လျှင် ကိုယ်စားလှယ် သုံးဦးမှ ၁၂ ဦးထိ ရွေးချယ်ပေးရသည့် မဲဆန္ဒနယ် ၂၂၀၆ နယ်မှ ကိုယ်စားလှယ် ၁၇၆၁၀ အား ရွေးချယ်ပေးခဲ့ပါသည်။

ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်နှင့် မြို့တော်/စီရင်စုအဆင့် ကိုယ်စားလှယ်များကို Open List PR စနစ်အသုံးပြု၍ ရွေးကောက်ပွဲကို တစ်နေ့တည်းကျင်းပခဲ့ပါသည်။ ၎င်းတို့၏ တာဝန်ထမ်းဆောင်ရမည့် သက်တမ်းမှာ ငါးနှစ်ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့် (DPR) မှလွဲ၍ ပြည်နယ်အဆင့်နှင့် မြို့တော်/စီရင်စုအဆင့်များတွင် အနိမ့်ဆုံးဆန္ဒမဲ သတ်မှတ်ချက်ထားရှိခြင်းမရှိပါ။

**ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များနှင့် ၎င်းတို့၏လုပ်ပိုင်ခွင့်အာဏာများ**

အင်ဒိုနီးရှားနိုင်ငံတွင် ရွေးကောက်ပွဲများကို ကျင်းပရန်အတွက် စီမံခန့်ခွဲမှုဆိုင်ရာအဖွဲ့အစည်းသုံးခုရှိပါသည်။ အထွေထွေရွေးကောက်ပွဲကော်မရှင် The General Elections Commission of Indonesia (KPU)၊ ရွေးကောက်ပွဲကြီးကြပ်ရေးအဖွဲ့ The election Oversight Body (Bawaslu) နှင့် The Honorary Council of Election Commission of Indonesia (DKPP) တို့ ဖြစ်ပါသည်။

**အထွေထွေရွေးကောက်ပွဲကော်မရှင် ( Kenapa –KNP )**

အထွေထွေရွေးကောက်ပွဲကော်မရှင် (KNP) သည် ပြည်ထောင်စုအဆင့်နှင့် ဒေသဆိုင်ရာရွေးကောက်ပွဲများကို ကျင်းပပေးရသော လွတ်လပ်သည့်ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ KNP တွင် ကော်မရှင်အဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ယင်းကော်မရှင်အဖွဲ့ဝင်များအား ပွင့်လင်းမြင်သာပြီး တင်းတင်းကျပ်ကျပ်ဖြင့် စနစ်တကျရွေးချယ်ကာ သမ္မတက ရာထူးအပ်နှင်းပါသည်။ KNP ၏ဥက္ကဋ္ဌကို KNP ဖွဲ့စည်းပြီးနောက် ဆောင်ရွက်သည့် ပထမဆုံးသော မျက်နှာစုံညီအစည်းအဝေးအတွင်း Closed Vote ပုံစံဖြင့် ရွေးချယ်ပါသည်။ KNP ၏ သက်တမ်းမှာ ငါးနှစ်ထမ်းဆောင်ရမည်ဖြစ်ပါသည်။ လက်ရှိတွင် အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ပါဝင်ပါသည်။

KNP ၏ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် အဆင့်မြင့်အစိုးရဝန်ထမ်းတစ်ဦးကို KNP မှ အဆိုပြုကာ သမ္မတက ခန့်အပ်ပါသည်။ အထွေထွေအတွင်းရေးမှူးချုပ်သည် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများနှင့် ပြည်ထောင်စုအဆင့်တွင် အဖွဲ့အစည်း၏အုပ်ချုပ်ရေးလုပ်ငန်းများကို အဓိကတာဝန်ယူဆောင်ရွက်ရသည့် အတွင်းရေးမှူးတာဝန်ကိုလည်း ဆောင်ရွက်ရပါသည်။

**ရွေးကောက်ပွဲကြီးကြပ်ရေးအဖွဲ့ (Bawaslu)**

ရွေးကောက်ပွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စောင့်ကြပ်ကြည့်ရှုရသည့် အဓိကအဖွဲ့အစည်းဖြစ်ပါသည်။ Bawaslu ကော်မရှင်နာများကို KNP ကဲ့သို့ပင် ရွေးချယ်ပါသည်။

ပြည်နယ်၊ စီရင်စုနှင့် ဒေသန္တရအဆင့်များတွင် Bawaslu ရုံးများ ဖွင့်လှစ်ထားရှိပြီး ပြည်နယ်တစ်ခုလျှင် ကော်မရှင်နာ ငါးဦးမှ ခုနစ်ဦး၊ စီရင်စုတစ်ခုလျှင် အဖွဲ့ဝင်သုံးဦးမှ ငါးဦး၊ ခရိုင်အဆင့်တွင် သုံးဦးနှင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုတစ်ခုလျှင် မြေပြင်စစ်ဆေးရေးအရာရှိ တစ်ဦးမှ ငါးဦးတို့ကို မြေပြင်အကျယ်အဝန်းနှင့် မဲရုံအရေအတွက်ပေါ် မူတည်၍ ခန့်ထားပါသည်။ ရွေးကောက်ပွဲတိုင်းတွင် မဲရုံတစ်ရုံလျှင် Bawaslu စောင့်ကြည့်လေ့လာသူတစ်ဦး ခန့်အပ်ထားပါသည်။ ရွေးကောက်ပွဲအငြင်းပွားမှုများကို Bawaslu သို့ တင်သွင်းရပြီး အခြားအဖွဲ့အစည်းများဖြစ်သော ရွေးကောက်ပွဲစီမံခန့်ခွဲရေးဂုဏ်ထူးဆောင်ကောင်စီ (DKPP)၊ ရဲဌာန သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့နှင့် သင့်လျော်သလို ပူးပေါင်းဖြေရှင်းပါသည်။ Bawaslu သည် KNP နှင့် ကိုယ်စားလှယ်လောင်းများအကြားဖြစ်ပွားသည့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ စစ်ဆေးဆုံးဖြတ်ခွင့်အာဏာနှင့် ဒေသဆိုင်ရာအကြီးအကဲရွေးချယ်သည့် ရွေးကောက်ပွဲများတွင် ဆန္ဒမဲဝယ်ယူသည့် ကိုယ်စားလှယ်လောင်းများအား အရည်အချင်းပျက်ယွင်းကြောင်း ကြေညာနိုင်သည့်အာဏာတို့ရှိပါသည်။

**ရွေးကောက်ပွဲစီမံခန့်ခွဲရေးဂုဏ်ထူးဆောင်ကောင်စီ (Dewan Kehormatan Penyelenggara Pemilu – DKPP)**

ရွေးကောက်ပွဲစီမံခန့်ခွဲရေးဂုဏ်ထူးဆောင်ကောင်စီ (DKPP) သည် KNP အဖွဲ့ဝင်များနှင့် Bawaslu အဖွဲ့ဝင်များ ကျင့်ဝတ်ပိုင်းဆိုင်ရာများကို ဖောက်ဖျက်ကျူးလွန်သည်ဟု တိုင်ကြားလာပါက စစ်ဆေးဆုံးဖြတ်နိုင်ရန် ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် ကျင့်ဝတ်ထိန်းသိမ်းရေးကောင်စီဖြစ်ပါသည်။ ၎င်း၏ သက်တမ်းမှာလည်း ငါးနှစ်ဖြစ်ပြီး KNPနှင့် Bawaslu အဖွဲ့ဝင်များ ကျမ်းသစ္စာကျိန်ဆိုပြီးနောက် နှစ်လအတွင်းဖွဲ့စည်းကာ KNP ကော်မရှင်နာတစ်ဦး၊ Bawaslu ကော်မရှင်နာတစ်ဦးနှင့် ဒေသန္တရအကြီးအကဲ ငါးဦး ပါဝင်ပါသည်။

DKPP သည် KPU နှင့် Bawaslu ကော်မရှင်နာများအနေဖြင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များ လိုက်နာရမည့်ကျင့်ဝတ်များကို လိုက်နာမှုရှိစေရန် ထိန်းကျောင်းပေးပြီး ကော်မရှင်နာများအား ရာထူးမှ ထုတ်ပယ်ပိုင်ခွင့်အာဏာရှိပါသည်။ DKPP ၏ ဆုံးဖြတ်ချက်များသည် အပြီးသတ်အတည်ဖြစ်သော်လည်း DKPP ၏ ထောက်ခံချက်ဖြင့် ရာထူးမှထုတ်ပယ်ခံရသော ကော်မရှင်နာများသည် ပြည်နယ်အုပ်ချုပ်ရေးတရားရုံးတွင် အယူခံတင်ခွင့်ရှိပါသည်။

ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ ကျေနပ်မှုမရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် တိုင်ကြားနိုင်ပါသည်။ တိုင်ကြားနိုင်သည့်ကာလကို အောက်လွှတ်တော် (DPR)၊ အထက်လွှတ်တော် (DPD)နှင့် မြို့တော်/စီရင်စုအဆင့် (DPRD) ရွေးကောက်ပွဲများအလိုက် နေ့ရက်ကာလသတ်မှတ်ပေးပါသည်။

အငြင်းပွားမှုအမျိုးအစားပေါ်မူတည်၍ Bawaslu၊ ရဲဌာနနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ စီမံအုပ်ချုပ်ရေးတရားရုံးတို့က အသီးသီးကိုင်တွယ်ဆောင်ရွက်ပါသည်။ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများကို အကြမ်းဖက်မှု၊ အငြင်းပွားမှုနှင့် ရာဇဝတ်မှုဟူ၍ အဓိကအမျိုးအစား သုံးမျိုးခွဲခြားထားပါသည်။

ပေါ်ပေါက်သည့်မည်သည့်အမှုကိုမဆို ဦးစွာ Bawaslu သို့တင်သွင်းရပြီး လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် –

- ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့အစည်းများအတွက် လိုက်နာရမည့်ကျင့်ဝတ်ကို ဖောက်ဖျက်ပါက ရွေးကောက်ပွဲစီမံခန့်ခွဲမှုဂုဏ်ထူးဆောင်ကောင်စီမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။
- စီမံခန့်ခွဲမှုဆိုင်ရာနှင့်စပ်လျဉ်း၍ ဖောက်ဖျက်ကျူးလွန်ပါက အထွေထွေရွေးကောက်ပွဲကော်မရှင်က ကိုင်တွယ်ဖြေရှင်းရပါသည်။
- ရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ Bawaslu၊ ရဲဌာနနှင့် ရာဇဝတ်မှုဆိုင်ရာ တရားရုံးတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် Center for Integrated Law Enforcement က ကိုင်တွယ်ဖြေရှင်းရပါသည်။
- KPU နှင့် ကိုယ်စားလှယ်လောင်းများအကြား ဖြစ်ပွားသည့် ရွေးကောက်ပွဲအငြင်းပွားမှုများဖြစ်ပါက Bawaslu က ကိုင်တွယ်ဖြေရှင်းရပါသည်။ ဆုံးဖြတ်ချက်များသည် အပြီးအပြတ်ဖြစ်သော်လည်း နိုင်ငံရေးပါတီဆိုင်ရာ ကိစ္စရပ်များနှင့် ကိုယ်စားလှယ်လောင်း မှတ်ပုံတင်ကိစ္စရပ်များဖြစ်ပါက အုပ်ချုပ်ရေးဆိုင်ရာတရားရုံးနှင့် တရားရုံးချုပ်များသို့ အယူခံတင်သွင်းနိုင်ပါသည်။
- ရွေးကောက်ပွဲရလဒ်အငြင်းပွားမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ကိုင်တွယ်ဖြေရှင်းရပါသည်။ ၂၀၁၄ ခုနှစ် ဧပြီလ ၉ ရက်နေ့ လွှတ်တော်ရွေးကောက်ပွဲများအတွက် ခုံရုံးသို့တင်သွင်းသည့် အမှုပေါင်း ၉၁၄ မှုရှိခဲ့သော်လည်း ၂၁၇ မှုသည် အချက်အလက်ပြည့်စုံမှုမရှိသည့်အတွက် ပယ်ချခံခဲ့ရပါသည်။ ကျန်ရှိသည့်အမှု ၆၉၇ မှုအနက် ၂၃ မှုသာ လျှောက်ထားသူဘက်မှ အနိုင်ရရှိခဲ့ပါသည်။ အဆိုပါအရေအတွက်သည် ၂၀၀၉ ခုနှစ်တွင် လျှောက်ထားသူဘက်မှ ၁၀ ရာခိုင်နှုန်း အနိုင်ရရှိခဲ့သည့်အရေအတွက်နှင့် နှိုင်းယှဉ်ပါက လျော့နည်းသွားသည်ကို တွေ့ရှိရပါသည်။ ၂၀၁၄ ခုနှစ် သမ္မတရွေးကောက်ပွဲရလဒ်နှင့် စပ်လျဉ်း၍ တင်သွင်းသည့် အမှုတစ်မှုသာရှိခဲ့ပြီး လျှောက်ထားသူဘက်မှ ရှုံးနိမ့်ခဲ့ပါသည်။

ရွေးကောက်ပွဲရလဒ်များနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုများကို သင့်လျော်သည့် ရွေးကောက်ပွဲဆိုင်ရာတရားရုံးမှ စစ်ဆေးရန် ဖော်ပြထားပါသည်။ သို့သော် သင့်လျော်သည့် တရားရုံးတစ်ရုံးရုံးသို့ လွှဲပြောင်းမှုမပြုမီအတွင်း အမှုနှင့်စပ်လျဉ်း၍ စီရင်ဆုံးဖြတ်ခွင့်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ လွှဲအပ်ထားပါသည်။

**နိဂုံး**

အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံ၏ ရွေးကောက်ပွဲများအားလုံးကို တာဝန်ယူဆောင်ရွက်ရပြီး စောင့်ကြည့်ထိန်းကျောင်းသည့် အဖွဲ့အစည်းများ အဆင့်ဆင့်ဖွဲ့စည်းကာ အပြန်အလှန်ထိန်းကျောင်းသည့်စနစ်ထားရှိသည်ကို တွေ့ရှိရပါသည်။

ရွေးကောက်ပွဲစနစ်နှင့် ရွေးကောက်ပွဲကျင်းပခြင်းတို့ကို နိုင်ငံ၏ ပထဝီအနေအထားအပြင် လူမျိုးစု၊ ဘာသာရေး၊ လူမှုလူတန်းစားတို့နှင့် လျော်ညီအောင် ပြင်ဆင်ဆောင်ရွက်မှုများရှိသော်လည်း နယ်မြေကျယ်ဝန်းပြီး ကျွန်းစုနိုင်ငံဖြစ်သဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းကြောင့် ရွေးကောက်ပွဲနေ့တွင် အချိန်နှင့်တစ်ပြေးညီ ကျင်းပနိုင်ရန် စီမံဆောင်ရွက်ရာ၌ စိန်ခေါ်မှုများရှိနိုင်ကြောင်း တွေ့ရှိရပါသည်။ နောက်ဆုံးရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ်တွင် ကျင်းပခဲ့ပြီးနောက် တစ်ကြိမ်ပြုလုပ်မည့် ရွေးကောက်ပွဲကို ၂၀၂၄ ခုနှစ်တွင် ကျင်းပမည်ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးအစောပိုင်းကာလတွင် ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့ရာမှ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မျှော်မှန်းချက်နှင့်ပြည့်မီသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ကူးပြောင်းကျင့်သုံးလျက်ရှိကြောင်း ဖော်ပြပါသည်။ ။

**ရည်ညွှန်းကိုးကား**


- Elections_in_Indonesia
- 2019_Indonesian_general_election
- Election guide by IFES (Indonesia)
- People's Consultative Assembly (Indonesia)
- House of Representative (DPR )
- Regional Representative Council (DPD)
- Electoral system in Indonesia
- Portal for the Republic of Indonesia

# မူးယစ်ခြင်းနှင့် ယစ်မူးခြင်း(၁)

**စန်းနီလာဝင်း**

"မူးယစ်ခြင်း"ဟူသော ဝေါဟာရကို မြန်မာအဘိဓာန်ကျမ်းကြီးတွင် "အရက်သေစာ သောက်စားခြင်းနှင့် မူးယစ်ဆေးဝါးများကို သုံးစွဲခြင်းတို့ကြောင့် ဦးခေါင်းထဲ၌ ရီဝေပြီး သတိကင်းလွတ်ကာ မိမိကိုယ်မိမိ မထိန်းသိမ်းနိုင်ခြင်းဖြစ်သည်"ဟု ဖွင့်ဆိုထားပါသည်။ ဆက်လက်၍ အရက်နှင့် မူးယစ်ဆေးသုံးစွဲရာက "ပုံမှန်အသိစိတ် (ဝါ) လူသာမန်စိတ်" (Ego) ပျောက်သွားခြင်းမှ ထိုထက်ကျော်လွန်ကာ "အဟိတ်တိရစ္ဆာန်စိတ်" (Id) ပေါက်ကာ မကောင်းမှုဒုစရိုက်နယ်ပယ်သို့ ရောက်ရှိသွားနိုင်သည်ဟုလည်း စိတ်ပညာရှင်သုတေသီတို့က ဆိုထားပါသည်။

"ယစ်မူးခြင်း"ဟူသော ဝေါဟာရကို "အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးများ သုံးစွဲခြင်းတို့၏ အာနိသင်ကြောင့် အာရုံထွေပြားဝေဝါးခြင်း၊ သတိချွတ်ယွင်းလစ်ဟင်းခြင်း၊ လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်တရားတို့ လွှမ်းမိုးမှုတို့ကို ခံစားရသည်။ ထိုခံစားမှုကို သာယာခြင်းသည် ယစ်မူးခြင်းဖြစ်သည်"ဟု မြန်မာအဘိဓာန်ကျမ်းကြီးက ဖွင့်ဆိုထားသည်ကို တွေ့ရသည်။

အင်္ဂလိပ်အဘိဓာန်များတွင် အရက်သေစာကို Alcohol ဟု လည်းကောင်း၊ Liquor ဟုလည်းကောင်း ဝေါဟာရအဖြစ် သုံးစွဲပြီး အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲသူများကို အရက်သမား၊ ဘိန်းစား၊ အရက်အိုး၊ အရက်ချိုး၊ ယစ်ထုတ်ကြီး၊ ဆေးချသူ၊ လူနေမှုအဖွဲ့အစည်းတွင် အလုပ်ကို ပြည့်ပြည့်ဝဝမလုပ်ကိုင်နိုင်သူ၊ အထင်အမြင်သေးခံရသူ၊ သတိတရားအားနည်းသူ၊ မူးယစ်မေ့လျော့ပြီး မကောင်းမှုကို ကျူးလွန်သူများအဖြစ် Taking Liquors, intoxicants and narcotic drugs which lead one to forgetfulness or heedlessness) ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကိုလည်း တွေ့ရပါသည်။

**သေရည်သောက်စားခြင်းနှင့် မူးယစ်ဆေးဝါးများ သုံးစွဲခြင်းဟူသော သုရာမေရယကံ**

သေရည်သေရက်သောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကြောင့် လက်ငင်းရရှိခံစားရသော ဆိုးကျိုးခြောက်ပါးနှင့် အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်က သိင်္ဂါလသတို့သားကို ဟောကြားသွန်သင် ဆုံးမတော်မူခဲ့ပုံကို ဒီဃနိကာယ်၊ ပါထေယျဝဂ် သိင်္ဂါလသုတ္တန်ဒေသနာတော်တွင် ဤသို့တွေ့ရှိရသည်။

ယင်းတို့မှာ–

(၁) စီးပွားဥစ္စာပျက်စီးကုန်ခန်းခြင်း၊
(၂) ခိုက်ရန်များခြင်း၊
(၃) ရောဂါအမျိုးမျိုးဖြစ်ပွားတတ်ခြင်း၊
(၄) ကျော်စောသတင်းကင်းမဲ့ခြင်း၊
(၅) အရှက်အကြောက်ကင်းမဲ့ခြင်း၊
(၆) အသိပညာဉာဏ်၊ ဆင်ခြင်ဉာဏ်အားနည်းသွားစေခြင်းတို့ ဖြစ်ကြသည်။

အရက်သေစာသောက်စားသူများသည် မူးယစ်ခြင်းကို ယစ်မူးနေသဖြင့် မိမိပိုင်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရမှန်းမသိ ဖြစ်နေတတ်ရာ ခိုးယူခံရခြင်း၊ လုယက်ခံရခြင်းတို့နှင့် ကြုံတွေ့ရတတ်သည်။ အရက်သေစာသောက်စားခြင်းကြောင့် ပုံမှန်စိတ်မဟုတ်သဖြင့် ပင်ကိုကမှ နှမြောတတ်သူဖြစ်စေကာမူ မူးယစ်၍ ယစ်မူးနေခိုက်တွင် နှမြောရမှန်းမသိတော့ဘဲ သုံးဖြုန်းပစ်တတ်သည်။

အရက်သေစာသောက်စားခြင်း၏ အသေးငယ်ဆုံးသောအပြစ်မှာ အရှူးအနှမ်းဖြစ်ခြင်းဟူသော အပြစ်ဖြစ်သည်ဟု မြတ်ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော် ဒုစရိတဝိပါကသုတ်တော်၌ ဟောကြားထားတော်မူခဲ့သည်ကို တွေ့ရှိရသည်။ စိတ်မနှံ့သူတို့သည် သူတစ်ပါးအား ဆဲရေးတိုင်းထွာ မဖွယ်မရာ ပြုမူတတ်သကဲ့သို့ အရက်သေစာသောက်စားထားသူသည် ပင်ကိုက ယဉ်ကျေးလိမ္မာခဲ့သူဖြစ်စေကာမူ မူးယစ်ခြင်းကို ယစ်မူးနေချိန်၌ ကိုယ်စိတ်နှစ်ပါး ရမ်းကားတတ်သဖြင့် ပြစ်မှုတစ်စုံတစ်ခုဖြစ်ပြီး ပြစ်ဒဏ်ကျခံရတတ်သည်။

အရက်သေစာသောက်စားကြရာတွင် အကန့်အသတ်မထားနိုင်ကြဘဲ အားမရ မတင်းတိမ်သဖြင့် အလွန်အကျွံသောက်ကြသည်က များပြားလှရှိသည်။ (၁) အရက်သေစာသောက်စားခြင်းနှင့် မူးယစ်ဆေးဝါးများသုံးစွဲခြင်း၊ (၂) အိပ်စက်ခြင်း၊ (၃) မေထုန်မှီဝဲခြင်းတို့၌ မရောင့်မရဲ မတင်းတိမ်နိုင်တတ်ကြောင်းနှင့်စပ်လျဉ်း၍ မြတ်ဗုဒ္ဓက ဟောကြားသွန်သင်တော်မူခဲ့ပုံကို တိကံတ္တရကျမ်း၌ လေ့လာတွေ့ရှိရပါသည်။ အရက်သေစာသောက်စားသူများ အရက်ကြောင့် အသက်အန္တရာယ် စိုးရိမ်ရေအမှတ် ရောက်ရှိနေချိန်တွင် ဆရာဝန်က အရက်ဖြတ်ရန် တိုက်တွန်းသော်လည်း အရက်စွဲသူတို့အဖို့ မိမိ၏အသက်ကို ဆုံးရှုံးခံကာ အရက်ကျွန်ဘဝဖြင့် အရက်နွံထဲက ရုန်းမထွက်နိုင်ကြတော့ဘဲ လူ့ဘဝကို အဆုံးသတ်နိဂုံးချုပ်ပစ်ကြသူများမှာလည်း ဒုနှင့်ဒေးပင်။

အရက်သမားတို့ မပြုနိုင်သော၊ မပြုရဲသော၊ မပြုရက်သောအရာဟူ၍မရှိနိုင်သဖြင့် အရက်သေစာ သောက်စားခြင်းသည် အကုသိုလ်ဒုစရိုက်မှုဖြစ်ရာဖြစ်ကြောင်း၏ အခြေခံအကြောင်းတစ်ရပ် ဖြစ်နေသည်ကိုတွေ့ရသည်။ အရက်မူးယစ်နေသည့်အခါ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတို့ကိုလည်း ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါးတို့ဖြင့် ပြစ်မှားစော်ကားမိတတ်ကြသည်။ မူးယစ်ခြင်းကို မူးယစ်နေရာမှ သူတစ်ပါး၏အသက်ကို သတ်ခြင်းဟူသော "ပါဏာတိပါတာကံ" ကိုလည်း ကျူးလွန်နိုင်သည်။ သူတစ်ပါးမပေးအပ်သော ငွေကြေးဥစ္စာပစ္စည်းကို ခိုးယူခြင်းဟူသော " အဒိန္နာဒါနာကံ" ကိုလည်း ကျူးလွန်နိုင်သည်။ ကာမဂုဏ်တို့၌ မှားယွင်းမိုက်မဲစွာ ကျူးလွန်ပြစ်မှားခြင်းဟူသော "ကာမေသုမိစ္ဆာစာရာကံ" ကိုလည်း ကျူးလွန်နိုင်သည်။ မဟုတ်မမှန်စကားဆို၍ လိမ်လည်လှည့်ဖြားခြင်းဟူသော "မုသာဝါဒါကံ" ကိုလည်း ကျူးလွန်နိုင်သည်။

အရက်သေစာသောက်စားမူးယစ်ရမ်းကားသူများသည် အရှက်အကြောက်ဟူသော ဟီရိဩတ္တပ္ပတရားကင်းကာ အဝတ်အစားဖရိုဖရဲနှင့် ထိန်းမနိုင်သိမ်းမရ အရှက်အင်္ဂါများကို ဖုံးကွယ်ရမှန်းမသိနိုင်တော့သည်အထိ အဖြစ်ဆိုးရွားလှသည်။ ဂေါတမမြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိတော်မူခဲ့စဉ်က ဈာန်အဘိညာဉ်ရသော "အရှင်သာဂတ" ဘွဲ့အမည်ရှိ ရဟန်းတော်သည် နဂါးကိုပင် တန်ခိုးတော်ဖြင့် နှိမ်နင်းနိုင်သဖြင့် လူပရိသတ်က လွန်လွန်ကဲကဲ ကြည်ညိုခဲ့ကြသည်။ မကြာမီ ဖျက်ဆီးလိုသည့် လူပရိသတ်အချို့က ထိုရဟန်းတော်အား သေရည်အရက်ကို ဆက်ကပ်လိုက်ရာ ရဟန်းမှာ သောက်သုံးမိသဖြင့် မူးယစ်ပြီး မိမိကိုယ်မိမိမထိန်းနိုင်တော့ဘဲ လူသွားလူလာထူပြောသော လမ်းဆုံလမ်းခွ၌ သတိလစ်ကာ ခြေပစ်လက်ပစ်လဲကျသွားတော့သည်။ ထိုအခါ မြတ်ဗုဒ္ဓသခင်က အရှင်သာဂတရဟန်းအား ဘုရားကျောင်းတော်သို့ ခေါ်ဆောင်လာစေခဲ့ရာ ရဟန်းများက သွားရောက်ပွေ့ယူ ခေါ်ဆောင်လာခဲ့သည်။ ရဟန်းများက မူးယစ်နေသော ထိုရဟန်းကို ဘုရားရှိတော်မူရာဘက်သို့ ဦးခေါင်းလှည့်၍ လဲလျောင်းစေခဲ့သော်လည်း အရှင်သာဂတမှာ အသိစိတ်ပျောက်ကာ ဘုရားရှိရာဘက်သို့ ခြေထောက်ထားပြီး ရိုင်းစိုင်းစွာ ပြုမူရဲသည့်ဖြစ်ရပ်မှာလည်း အရက်သေစာ၏ ဆိုးကျိုးပင်ဖြစ်တော့သည်။

အရက်သေစာကြောင့် မည်သူမဆို အသိတရားနှင့် သတိတရားတို့ လွတ်ကင်းသွားတတ်ကြသည်။ အသိဉာဏ်ပညာဟူသည် သတိတရား၊ အမှတ်ပညာနှင့် ယှဉ်တွဲနေလျက်ရှိရာ အရက်မူးယစ်နေသူသည် သတိ၊ သညာကင်းလျက် အသိညာဉ်ပညာအားနည်းသွားရသည်။ ဈာန်အဘိညာဉ်ရရှိထားသည့် တန်ခိုးရှင် အရှင်သာဂတရဟန်းသည် အရက်ကြောင့် သတိတရား၊ အသိဉာဏ်ပညာ လွတ်ကင်းသွားကာ လူပုံအလယ်နှင့် မြတ်ဗုဒ္ဓ၏ရှေ့မှောက်မှာပင် ကိုယ်အမူအရာ ရိုင်းစိုင်းစော်ကားမှုကို ပြုမူမိသွားခဲ့ခြင်းပင် ဖြစ်ပါသည်။

**အရက်သမားတို့ မပြုနိုင်သော၊ မပြုရဲသော၊ မပြုရက်သောအရာဟူ၍မရှိနိုင်သဖြင့် အရက်သေစာ သောက်စားခြင်းသည် အကုသိုလ်ဒုစရိုက်မှု ဖြစ်ရာဖြစ်ကြောင်း၏ အခြေခံအကြောင်းတစ်ရပ် ဖြစ်နေသည်ကိုတွေ့ရသည်။ အရက်မူးယစ်နေသည့်အခါ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတို့ကိုလည်း ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါးတို့ဖြင့် ပြစ်မှားစော်ကားမိတတ်ကြ။**

**အပြစ်ခြောက်ပါးကို တွေ့ကြုံခံစားရ**

အရက်သေစာသောက်ခြင်း၊ မူးယစ်ဆေးဝါးများ သုံးစွဲခြင်းဟူသော "သုရာမေရယကံ" ကို ကျူးလွန်ကြသူတို့သည် တမလွန်ဘဝတွင်လည်း ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ အသုရကာယ်ဟူသော အပါယ်လေးဘုံ၌ ကျင်လည်ခံစားရပြီး လူပြန်ဖြစ်လာလျှင်လည်း (၁) အခြေအနေ သင့်၊ မသင့်ကို မသိခြင်း၊ (၂) ပျင်းရိမှုလွန်ကဲခြင်း၊ (၃) မေ့လျော့ရူးနှမ်းတတ်ခြင်း၊ (၄) သူတစ်ပါးပြုဖူးသောကျေးဇူးကို မသိတတ်ခြင်း၊ (၅) ဟီရိဩတ္တပ္ပဟူသော အရှက်အကြောက်တရားကင်းမဲ့ခြင်း၊ (၆) သေရည်သေရက်သောက်မိလျှင် မည်သို့သော မကောင်းမှုအကုသိုလ်မျိုးမဆို ပြုလွယ်မိခြင်းဟူသော အပြစ်ခြောက်ပါးကို တွေ့ကြုံခံစားရသည်ဟု အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်က ဟောဖော်ညွှန်ပြတော်မူခဲ့ပုံကို အင်္ဂုတ္တိုရ်ပါဠိတော်ကျမ်းတွင် လေ့လာတွေ့ရှိရပါသည်။

လူသားကိုမဆိုထားနှင့်၊ အရက်သေစာကို သောက်မိသော တိရစ္ဆာန်သည် ပင်ကိုမူလထက် စိတ်ယုတ်စိတ်ရိုင်းဝင်ကာ ပိုမိုဆိုးသွမ်းလှရှိတတ်သည်။ ထို့ကြောင့် ဂေါတမမြတ်ဗုဒ္ဓကို မကောင်းမှုဒုစရိုက်များနှင့် အမျိုးမျိုးရင်ဆိုင်ယှဉ်ပြိုင်ကာ သာသနာဖျက်မိစ္ဆာဒိဋ္ဌိ ခေါင်းဆောင်ကြီးရှင်ဒေဝဒတ်သည် နာဠာဂီရိဆင်ကြီးကိုအရက်သေစာများတိုက်စေပြီး မြတ်ဗုဒ္ဓဆွမ်းခံကြွတော်မူရာလမ်းသို့ စေလွှတ်ကာ မြတ်ဘုရားအား ဆင်နင်းသတ်စေခဲ့သည့်လုပ်ရပ်ကို သိကြပါလိမ့်မည်။ သို့ရာတွင် အရက်သေစာကြောင့် မူးယစ်နေသော ဆင်မိုက်ကြီးသည် မြတ်ဗုဒ္ဓ၏ရှေ့မှောက်သို့ ရောက်ရှိသွားသောအခါ မြတ်ဗုဒ္ဓ၏ အနန္တမေတ္တာဓာတ်ကြောင့် နာဠာဂီရိဆင်ကြီးမှာ အမူးပြေပြီး အသိစိတ်ဝင်ကာ မြတ်ဘုရားအား ဦးညွှတ်ဒူးထောက်ဝပ်တွားသွားရခြင်းသာဖြစ်ပါသည်။

အရက်သေစာသောက်စားခြင်းကြောင့် လက်တွေ့မျက်တွေ့ ရရှိခံစားကြရသော အပြစ်ခြောက်ပါးကို မှတ်သားလိုက်နာရန် လွယ်ကူစိမ့်သောငှာ "ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ဤခြောက်ပါးကား၊ သောက်စားသေစာအပြစ်တည်း" ဟု လောကနီတိ ပညာရှိတို့က လမ်းညွှန်ဆုံးမထားသည်ကို တွေ့ရသည်။

ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့သည် ငါးပါးသီလကို ဆောက်တည်သည်ဖြစ်စေ၊ ရှစ်ပါးသီလကို ဆောက်တည်သည်ဖြစ်စေ၊ ကိုးပါးသီလကို ဆောက်တည်သည်ဖြစ်စေ၊ ၁၀ ပါးသီလကို ဆောက်တည်သည်ဖြစ်စေ "မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ" ဟူသော "အရက်သေစာသောက်စားခြင်းနှင့် မူးယစ်ဆေးဝါးများသုံးစွဲခြင်း" အကုသိုလ်ကံကို ရှောင်ကြဉ်ကြရစမြဲပင်ဖြစ်ပါသည်။ ။

**အနုပညာ** **အေးပြည့်-စုစည်းသည်**



# စံချိန်သစ်တင်လိုက်တဲ့ ဂျန်းနီ

ကျော်ကြားတဲ့ ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဂျန်းနီဟာ တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ Black Pink ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ ဂျန်းနီဟာ အဖွဲ့နဲ့အတူ အောင်မြင်မှုတွေ ဆွတ်ခူးနိုင်ခဲ့သလို တစ်ကိုယ်တော်တေးသီချင်းနဲ့လည်း စံချိန်သစ်တင်နိုင်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျန်းနီဟာ ကမ္ဘာ့အကြီးဆုံး တေးဂီတပလက်ဖောင်းတစ်ခုဖြစ်တဲ့ စပေါ့တစ်ဖိုင်မှာ စံချိန်သစ်တင်ခဲ့တာပါ။ ဂျန်းနီရဲ့တေးသီချင်း Solo ဟာ စပေါ့တစ်ဖိုင်မှာ ထုတ်လွှင့်ခဲ့သမျှသော တေးသီချင်းတွေအနက် အကြိမ်အများဆုံး ထုတ်လွှင့်ခဲ့ရတဲ့ ကေပေါ့ပ်တေးသံရှင်တစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့ပြီဖြစ်ကြောင်း သိရပါတယ်။

ဇွန် ၃၀ ရက်မှာ ဂျန်းနီရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအင်တာတိန်းမန့်က ဂျန်းနီသီဆိုထားတဲ့ Solo ဟာ စပေါ့တစ်ဖိုင်မှာ ထုတ်လွှင့်ခဲ့ရတဲ့ အကြိမ်ပေါင်း သန်း ၃၀၀ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒါဟာ တောင်ကိုရီးယားတစ်ကိုယ်တော်တေးသံရှင်တွေရဲ့ တေးသီချင်းတွေအနက် အကြိမ်အများဆုံး ထုတ်လွှင့်ခဲ့ရတာဖြစ်ကြောင်းလည်း သိရပါတယ်။

ဂျန်းနီရဲ့ Solo ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း စတင်ထုတ်လွှင့်ခဲ့တာပါ။ ဂျန်းနီဟာ Black Pink အဖွဲ့ဝင်တွေအနက် တစ်ကိုယ်တော်တေးသီချင်းပထမဆုံးထုတ်လွှင့်ခဲ့သူလည်း ဖြစ်ပါတယ်။ ဂျန်းနီရဲ့ ပရိသတ်များပြားမှုနဲ့အတူ အဆိုပါတေးသီချင်းဟာ စတင်ထုတ်လွှင့်ချိန်မှာ ဒေသတွင်း တေးဂီတဇယားတွေမှာ ထိပ်ဆုံးမှ နေရာယူနိုင်ခဲ့ပြီး အိုင်ကျွန်းတေးဂီတဇယားမှာ ကမ္ဘာတစ်ဝန်းမှ နိုင်ငံနဲ့ ဒေသပေါင်း ၄၀ ကျော်မှာ နံပါတ်တစ်နေရာ ရယူထားနိုင်ခဲ့ကြောင်းလည်း သိရပါတယ်။



# သမီးလေး မွေးဖွားခဲ့ပြီဖြစ်တဲ့ အမ်ဘာဟာ့ဒ်

ကျော်ကြားတဲ့ ဟောလိဝုဒ်သရုပ်ဆောင်တစ်ဦးဖြစ်သူ အမ်ဘာဟာ့ဒ်က သူဟာ သမီးလေးတစ်ဦးမွေးဖွားခဲ့ပြီးဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသမီး အမ်ဘာဟာ့ဒ်က သူ့ရဲ့သမီးလေးကို ပြီးခဲ့တဲ့ ဧပြီ ၈ ရက်မှာ မွေးဖွားခဲ့ခြင်းဖြစ်ကြောင်း ဇူလိုင် ၁ ရက်က သူ့ရဲ့အင်စတာဂရမ် စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့တာပါ။ အမ်ဘာဟာ့ဒ်က သမီးလေးကို အိုနာပိတ်ချ်ဟာ့ဒ်လို့ အမည်ပေးထားကြောင်းလည်း တစ်ပါတည်း ရေးသားဖော်ပြခဲ့ပါတယ်။

ဒါ့အပြင် အမ်ဘာဟာ့ဒ်က ကလေးချီထားတဲ့ သူ့ရဲ့ဓာတ်ပုံကိုလည်း အင်စတာဂရမ်ပေါ်မှာ ဖော်ပြခဲ့ပါတယ်။ သမီးလေးရရှိခဲ့တာနဲ့ပတ်သက်ပြီး သူ့ရဲ့ ခံစားချက်တွေကိုလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ အမ်ဘာဟာ့ဒ်က သမီးလေး ရရှိခဲ့တဲ့အတွက် အလွန်ပင်စိတ်လှုပ်ရှားမိကြောင်း၊ ကလေးတစ်ဦး မွေးဖွားနိုင်ဖို့ရာ ပြီးခဲ့တဲ့လေးနှစ်ကတည်းက ပြင်ဆင်ခဲ့တာ ဖြစ်ကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

# Kingdom: Ashin of the North မှာ တိုက်ခိုက်ဖို့ရာအဆင်သင့်ဖြစ်နေတဲ့ ဂျန်ဂျီယွန်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဂျန်ဂျီယွန်းဟာ Kingdom ရုပ်ရှင်တွေရဲ့ ဒုတိယမြောက်ရာသီအဖြစ် ထုတ်လွှင့်သွားမယ့်ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ထားပြီး သူ့ရဲ့ဇာတ်ကောင်ဟာ တိုက်ပွဲတစ်ခုကို စတင်တိုက်ခိုက်ဖို့ရာ အဆင်သင့်ဖြစ်နေတာကို တွေ့ရကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Kingdom: Ashin of the North အတွက် ဓာတ်ပုံတွေကို လတ်တလောမှာ ထုတ်ဖော်ပြသခဲ့ရာမှာ အဆိုပါရုပ်ရှင်သစ်မှာ ပါဝင်ထားကြတဲ့ ဇာတ်ကောင်တွေဟာ စစ်ပွဲတစ်ခုကို စတင်တိုက်ခိုက်နေဟန် တွေ့ရပါတယ်။ အဆိုပါ ဇာတ်ကောင်တွေထဲမှာ ဂျန်ဂျီယွန်းရဲ့ ဇာတ်ကောင်အက်ရှင်လည်း ပါဝင်နေတာ တွေ့ရပါတယ်။

အဆိုပါရုပ်ရှင်ကို နက်ဖလစ်ဇ်က ထုတ်လွှင့်ပြသမှာ ဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာ ပထမရာသီအကုန်မှာ မြောက်ပိုင်းကို ခရီးထွက်ခဲ့ကြတဲ့ လီချန်းနဲ့ သူ့ရဲ့အဖွဲ့ဟာ ဂျန်ဂျီယွန်းပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင် အာရှင်းနဲ့ တွေ့ဆုံခဲ့ပါတယ်။ ယင်းရုပ်ရှင်သစ်မှာ ထူးဆန်းတဲ့အပင်တစ်မျိုးကို တွေ့မြင်ရပြီး ပြန်လည်ရှင်သန်ထမြောက်နိုင်စွမ်းရှိတဲ့ အဆိုပါအပင်ကို အမျိုးသမီးတစ်ဦးက တွေ့ရှိခဲ့ပြီးနောက် ဝမ်းနည်းစရာအဖြစ်အပျက်တွေဟာ ဂျူဆွန်းမှာ ဖြစ်ပွားခဲ့တာလည်း ဖြစ်ပါတယ်။

Kingdom: Ashin of the North ကို ဇူလိုင် ၂၃ ရက်မှာ စတင်ပြသသွားမှာ ဖြစ်ကြောင်းလည်း သိရပါတယ်။

# ပရိသတ်တွေရဲ့ စိတ်ဝင်စားမှုကို ရရှိခဲ့တဲ့ ကင်ဆိုးယွန်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ကင်ဆိုးယွန်ဟာ လတ်တလောမှာ သူ့ရဲ့ဓာတ်ပုံတစ်ပုံကို အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ အဆိုပါဓာတ်ပုံမှာ ကင်ဆိုးယွန်ဟာ သာမန်ဝတ်စားပုံမျိုးသာရှိပေမယ့် ပရိသတ်တွေကတော့ ကင်ဆိုးယွန်ဟာ ဆွဲဆောင်မှုရှိနေဆဲဖြစ်ကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



# တောင်ငူ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

**တောင်ငူ ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးထက်နှင့် အဖွဲ့ဝင် များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် အသိပညာပေးခြင်းများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးထက် ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းကာ ပြည်သူများ ပြင်ပသို့ ထွက်ခွာသွားလာသည့်အချိန်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်သွားလာနိုင်ရန် ပါးစပ်နှင့် နှာခေါင်းစည်း အခုရေ ၅၀၀ အား ဘုရင့်နောင်ဈေးရှေ့၌ အခမဲ့ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အခြားဒေသများမှ တောင်ငူမြို့နယ်အတွင်း ဝင်ရောက်ဖြတ်သန်းသွားလာရာ၌ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ရေးအတွက် မြို့ဝင်၊ မြို့ထွက်နေရာများ၌ ဖွင့်လှစ်ထားသည့် ကျန်းမာရေးစစ်ဆေးရေးဂိတ်များသို့ သွားရောက်စစ်ဆေးကြည့်ရှုကာ ဂိတ်များအတွင်း တာဝန်ထမ်းဆောင်နေကြသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး ကော်မတီဝင်များတွင် ပါဝင်သည့် ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ပရဟိတအသင်းအဖွဲ့များနှင့်တွေ့ဆုံပြီး လိုအပ်သည့် အထောက်အပံ့များရရှိနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါပူးပေါင်းအဖွဲ့က တောင်ငူမြို့နယ်အတွင်းရှိ ကိုဗစ် - ၁၉ ရောဂါ အတည်ပြုလူနာများ ထားရှိနိုင်ရေးအတွက် သာသနာ့ဟိတကာရီဗိမာန်တော်ကြီးအတွင်း ကုသရေးစင်တာ ဖွင့်လှစ်နိုင်ရန် ကွင်းဆင်းစစ်ဆေးကာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

# ရေဝတီမြစ်ရေ မြင့်တက်မှုကြောင့် ကသာမြို့နယ်၌ လူနေအိမ်နှင့် နွားများ ကူညီရွှေ့ပြောင်းပေး

**ကသာ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ယနေ့နံနက် ၇ နာရီတွင် ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် လူနေအိမ်နှင့် နွားများကို ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

**ရွှေ့ပြောင်းပေးခဲ့**

ကသာမြို့နယ်ကျောက်ထုံးကြီးကျေးရွာမှ နှစ်မိုင်ခန့်ဝေးသော ဧရာဝတီမြစ်အလယ်ရှိ လက်ပံဇင်ကျေးရွာ (ရေလယ်ကျွန်း)တွင် ကမ်းပါးပြိုနေသဖြင့် ကျောက်ထုံးကြီးနယ်မြေ မီးသတ်စခန်းမှ မီးသတ်ဝန်ထမ်းများက နေအိမ်တစ်လုံးနှင့် နွား ၁၄ ကောင်တို့ကို ကျောက်ထုံးကြီးကျေးရွာသို့ ကူညီရွှေ့ပြောင်းပေးခဲ့သည်။



ကသာမြို့၏ မြစ်ရေချိန်အမှတ်သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ၇၇၆ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်မှာ ၁၀၄၀ စင်တီမီတာဖြစ်ကြောင်း သိရသည်။

**အေးမြသက်ထား**

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ကြေးမုံ



# နောင်ချိုမြို့နယ်အတွင်းရှိ သဘာဝအလှတရားများနှင့် ပြည့်နှက်နေသော (မယ်ဟုံ-ဘန်ဘုံ) ဒုဋ္ဌဝတီမြစ်ကြောင်းခရီးစဉ်

*ထင်အောင်နိုင် (ဟိုတယ်/ခရီး)*

ကျွန်တော်တို့ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး မှီတင်းနေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အဓိကမြစ်ကြီးများအနေဖြင့် ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်ကဲ့သို့ မြစ်ကြီးများရှိသကဲ့သို့ ရှမ်းပြည်နယ်အတွင်းတွင် နမ့်ပန်မြစ်၊ နမ့်တိန်းမြစ်ကဲ့သို့ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ မြစ်ဖျားခံ၍ မန္တလေးမြို့အနီး စီးဝင်သွားသော နမ့်တူ (ခေါ်) ဒုဋ္ဌဝတီ (ခေါ်) မြစ်ငယ်မြစ်သည် သဘာဝအလှတရားများနှင့် ပြည့်နှက်နေသော မြစ်တစ်ခု ဖြစ်ပါသည်။ နမ့်တူ (ခေါ်) ဒုဋ္ဌဝတီ (ခေါ်) မြစ်ငယ်မြစ်ပေါ်တွင် ရဲရွာရေအားလျှပ်စစ် ထုတ်လုပ်ရန် ဆည်ပိတ်ဆောင်ရွက်ထားရှိပါသည်။ ရဲရွာရေအားလျှပ်စစ်ဆည်၏ အဖျားပိုင်းတွင်တည်ရှိသော နောင်ချိုမြို့နယ်အတွင်းတွင် ပါရှိသည်။ မယ်ဟုံ-ဘန်ဘုံကျေးရွာအနီးမှ ဒုဋ္ဌဝတီမြစ်အတွင်း စက်လှေစီးခရီးစဉ်သည် သွားရောက်လည်ပတ်သူများအဖို့ ရင်သပ်ရှုမောဖွယ် မြင်ကွင်းများကို ထိတွေ့ခံစားရမည်ဖြစ်သည်။



### ဒီခရီးစဉ်ကို ဘယ်လိုသွားရမလဲ

ပထမဦးဆုံး မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးအတိုင်း နောင်ချိုမြို့နယ် ဘန့်ဘွေးရွာသို့ အရင်သွားရပါမည်။ ဘန့်ဘွေးရွာရောက်လျှင် ဝက်ဝံ-ဘန့်ဘွေး-တောင်ခမ်းရွာ ဆက်သွယ်ထားသောလမ်းအတိုင်း ဒေသခံများအားမေး၍ ဆက်လက်သွားရပါမည်။ ဘန့်ဘွေးမှ ညောင်ထောက်ရွာဖြတ်ပြီး ဂဲလောင်းရွာ၊ ၎င်းမှ ဂဲလောင်းချောင်းဖြတ်ကူးသော တံတားကျော်လျှင် လေးဖာလုံခန့်မှာ ဘန်ဘုံ၊ မယ်ဟုံရွာများသို့သွားသော လမ်းခွဲတွေ့ပါမည်။ ၎င်းလမ်းခွဲအတိုင်း ဆက်လက်ထွက်ခွာပါက ဘန်ဘုံရွာ အရင်တွေ့မည်။ ဆက်ထွက်ပါက မယ်ဟုံရွာရောက်ပြီး စက်လှေဆိပ်ကိုမေးပါက မယ်ဟုံစက်လှေဆိပ်ကို ရောက်ပါမည်။ဘန့်ဘွေးမှ မယ်ဟုံဆိပ်ကမ်းအထိ ၁၅ မိုင်ခန့်ရှိပြီး ယာဉ်မောင်းချိန် နှစ်နာရီခန့်ကြာပါမည်။ ၎င်းနေရာတွင် ကားထားခဲ့ပြီး စက်လှေငှား၍ ဒုဋ္ဌဝတီမြစ်ကြောင်း ခရီးစဉ်စတင်ရပါမည်။



မယ်ဟုံဆိပ်ကမ်းသည် ရဲရွာဆည်အဖျားပိုင်းတွင်တည်ရှိသဖြင့် ဆည်အဖျားပိုင်းနာရီဝက်ခန့် စက်လှေစီးရပါမည်။ ၎င်းနောက် ဒုဋ္ဌဝတီမြစ်အတိုင်း ဆက်လက်မောင်းနှင်ပါက သဘာဝမပျက်စီးသေးသော သစ်တောများ၊ ကျောက်တောင်များ စတင်တွေ့ရှိခံစားရမည် ဖြစ်သည်။ ယင်းနောက် မတူထူးခြားသည့် ကျောက်စက်ပန်းဆွဲများကို တွေ့ရမည်ဖြစ်သည်။ ကျောက်စက်ပန်းဆွဲများ၊ ကျောက်ဆောင်ကမ်းပါးများကို တစ်ဝကြီးကြည့်ပြီးလျှင် တောအထပ်ထပ်တောင်အသွယ်သွယ်ဆိုသည့် စကားအတိုင်း တောင်တန်းများ ဘယ်ညာစီရီပြီး ဒုဋ္ဌဝတီမြစ်အတွင်း ထိုးဆင်းနေသည့် ထူးခြားဆန်းကြယ်သည့် မြင်ကွင်းကို မြင်တွေ့ရမည် ဖြစ်သည်။ ယင်းအပြင် ကျောက်ကမ်းပါးယံမှာ သဘာဝအလျောက်ပေါက်နေသည့် ကပ်ပါးနွယ်ပင်များသည်လည်း ပန်းချီကားတစ်ချပ်ကဲ့သို့ တွေ့ရမည် ဖြစ်ပါသည်။ မြစ်ကြောင်းခရီးစဉ်မှာ မြစ်၏ဝဲယာတွင်ရှိသည့် သဘာဝရှုခင်းများ ကြည့်၍ မဝခင်တွင် ဒုဋ္ဌဝတီမြစ်၏ ဒုတိယမြစ်ကျဉ်းနေရာကို ရောက်ရှိမည်ဖြစ်သည်။ ဒေသအခေါ် ၎င်းနေရာတစ်ဝိုက်ကို ပြောင်လှိုကြီး၊ ပြောင်လှိုလေး (ပြောင်ချိုကြီး၊ ပြောင်ချိုလေး ပြောသောအသံ) နေရာကို တွေ့ရမည်ဖြစ်သည်။

စက်လှေဆင်းသည်နှင့် ဒေသကဖွင့်ထားသည့် ရိုးရာထမင်းဆိုင်ကို တွေ့မည်ဖြစ်ပြီး ထမင်းစားချိန်ရောက်လျှင်တော့ ကွက်တိဖြစ်ကာ ထမင်းစားချိန်စောနေသေးလျှင် ပြောင်လှိုကြီး၊ ပြောင်လှိုလေးဘက် ဆက်လက်လှေ့လာနိုင်ပါသည်။ စက်လှေနှင့်တစ်ဖက်ကမ်းကို ပို့ပေးကာ စတင်လမ်းလျှောက်ရပါမည်။ မြစ်ရေကျချိန် ပေါ်နေသည့် ကျောက်တုံးကြီးများကြားထဲသွားရသည့်အရသာကလည်း တစ်မျိုးစိတ်လှုပ်ရှားစရာ ကောင်းပါသည်။ ၁၅ မိနစ်မျှ လမ်းလျှောက်ပြီးသည်နှင့် ကျောက်စိမ်းဂူနေရာကို ရောက်ပါမည်။ ထိုနေရာတွင် ဓာတ်ပုံရိုက်ရန် အလွန်ကောင်းပါသည်။ အမောပြေပြီးလျှင် ဆက်ထွက်လာပါက မြစ်ကျဉ်းနေရာ စတင်တွေ့ပါပြီ။ စိတ်တိုင်းကျမစီးဆင်းရသည့် ဒုဋ္ဌဝတီမြစ်ရေသည် စိတ်ဆိုးမာန်ဆိုးနှင့် စီးဆင်းနေသည်ကို ရင်သပ်ရှုမောဖွယ် ကြည့်ရပါတော့မည်။ ပြောင်လှိုလေးနေရာဆိုသည်မှာ ထူးခြားသောကျောက်ခွက်များနှင့် အများအပြားရှိသောနေရာ ဖြစ်ပါသည်။ မိုးရာသီရေတက်လျှင် ၎င်းကျောက်ခွက်ထဲတွင် ငါးများခိုအောင်းပြီး ရေကျချိန်တွင် ဒေသခံများက ကျောက်ခွက်ထဲမှငါးများကို အလွယ်တကူဖမ်း၍ ရနိုင်ပါသည်။ ကျောက်ခွက်ကျင်းများက မျက်နှာဝအကျယ် နှစ်ပေပတ်လည်ခန့်မှ ၁၀ ပေပတ်လည်ခန့်၊ အနက်နှစ်ပေမှ ရှစ်ပေခန့်အထိ ရှိကြပါသည်။ သဘာဝရေတိုက်စားထားသဖြင့် ချောမွတ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ပြောင်လှိုလေးနေရာကို တဝကြီးကြည့်ပြီး မိနစ် ၃၀ ခန့် ဆက်ထွက်ပါက ပြောင်လှိုကြီးဆိုသည့်နေရာ ရောက်ပါမည်။ ပြောင်လှိုကြီးဟု ခေါ်ရသည့်အကြောင်းမှာ ပြောင်လှိုလေးနေရာတွင် တွေ့ခဲ့ရသည့် ကျောက်ခွက်ကျင်းများထက် အဆမတန်ကြီးမားသည့် ကျောက်ခွက်ကျင်းများရှိသည့်အတွက် ပြောင်လှိုကြီးဟု ခေါ်ကြောင်း သိရသည်။ ပြောင်လှိုကြီးနေရာကို အားရအောင်ကြည့်ပြီးပါက လာလမ်းအတိုင်း ပြန်လာပြီး မြစ်ကျဉ်းအဆုံးမှာရှိသည့် တံငါသည်လေးများနေရာရောက်လျှင် ဒေသထွက် ငါးကင်များကို ရေနွေးကြမ်းနှင့် အမောပြေစားနိုင်ပါသည်။ အမောပြေမှ ဖြည်းဖြည်းချင်း လာလမ်းအတိုင်း လာပါက စက်လှေစောင့်သည့်နေရာသို့ ပြန်ရောက်ပါမည်။ ပင်ပန်းသမျှ စက်လှေပေါ်တွင် တစ်ရေးတစ်မောအိပ်လိုက်ပြီး မယ်ဟုံရေဆိပ်ကို ပြန်ရောက်မည်ဖြစ်ပါသည်။

ဒုဋ္ဌဝတီမြစ်ကြောင်းခရီးစဉ်ကို လေ့လာမည်ဆိုလျှင် walking shoes စီးမှသာ သွားလာရအဆင်ပြေပါမည်။ လွတ်လပ်စွာသွားနိုင်ရန် ဘောင်းဘီရှည်/တိုဝတ်လာရန် လိုပါမည်။ Social media ခေတ်မှာ သဘာဝရှုခင်းလှလှ ရချင်သူများ၊ ဒေသန္တရဗဟုသုတ ရယူလိုသူများ ဒုဋ္ဌဝတီမြစ်ကြောင်းခရီးစဉ်ကို တစ်ရက်အချိန်ပေးပြီး သွားရောက်လည်ပတ်ဖို့ အကြံပြုတိုက်တွန်းပါရစေ။ ။

**မယ်ဟုံဆိပ်ကမ်းသည် ရဲရွာဆည်အဖျားပိုင်းတွင်တည်ရှိသဖြင့် ဆည်အဖျားပိုင်းနာရီဝက်ခန့် စက်လှေစီးရပါမည်။ ၎င်းနောက် ဒုဋ္ဌဝတီမြစ်အတိုင်း ဆက်လက်မောင်းနှင်ပါက သဘာဝမပျက်စီးသေးသော သစ်တောများ၊ ကျောက်တောင်များ စတင်တွေ့ရှိခံစားရမည်ဖြစ်သည်။ ယင်းနောက် မတူထူးခြားသည့် ကျောက်စက်ပန်းဆွဲများကို တွေ့ရမည်ဖြစ်သည်။ ကျောက်စက်ပန်းဆွဲများ၊ ကျောက်ဆောင်ကမ်းပါးများကို တစ်ဝကြီးကြည့်ပြီးလျှင် တောင်တန်းများ ဘယ်ညာစီရီပြီး ဒုဋ္ဌဝတီမြစ်အတွင်း ထိုးဆင်းနေသည့် ထူးခြားဆန်းကြယ်သည့် မြင်ကွင်းကို မြင်တွေ့ရမည်ဖြစ်။**

# ငွေမျက်နှာ

**ဦးဖိုးကျား**

"ဟော့ကောင်မ ညည်းကို ဟိုပိုက်ဆံဝါလားကြီးက ရစ်နေပါလားအေ့၊ ညည်းတော့ ကော်တာပဲ"

"အောင်မယ်– ဒီတဏှာရူး – ယစ်ထုတ်ကြီး– သေခါနီးကြီးကို ငါက ဘာလုပ်ရမှာလဲ၊ ရုပ်ကြီးကလည်း ဖြစ်နေလိုက်တာ၊ ငှက်ပျောသီးပျော့ပျော့ကို ခွေးနင်းထားသလိုပဲ၊ ငါကပိုက်ဆံကို ဂရုစိုက်တာ မဟုတ်ဘူးအေ့–သိရဲ့လား"

"ညည်းကမကြွားပါနဲ့၊ ပိုက်ဆံဟာ ပိုက်ဆံအေ့၊ မှတ်ထား၊ ပိုက်ဆံရဲ့အားကို ညည်းတွေ့တော့မှ သိမယ်၊ ညည်းဘယ်နည်းနဲ့မှ ပိုက်ဆံအားကို မခံနိုင်ဘူး၊ ကြည့်ပါလား၊ ဟိုဈေးနားက မယ်ရှင်ဟာ ဘာဖြစ်သွားသလဲ၊ ကလေးငါးယောက်အဖေ မုဆိုးဖိုရွှတ်တွကြီးက ပိုက်ဆံနဲ့ပေါက်ယူသွားတယ် မဟုတ်လား"

"ညည်းက ငါ့ကို ဒီလောက်အထင်မသေးပါနဲ့အေ၊ မယ်ရှင်ဟာ မယ်ရှင်၊ ဒီက မယ်မြစ်က မယ်မြစ် သိရဲ့လား၊ မျက်နှာကို သေသေချာချာကြည့်ထား" (မိမိမျက်နှာကို လက်ညှိုးနှင့်ထိုး၍ ခပ်ကြွားကြွား ပြောလေသည်။)

"အေးတော် မျက်စိဒေါက်ထောက်ကြည့်ရ သေးတာပေါ့" အထက်ပါစကားတို့ကား မိန်းမရွယ် နှစ်ယောက် ပြောနေကြသော စကားများဖြစ်သည်။ ထိုစကားတို့မှာ လင်ရေးသားရေး၊ ယောကျ်ားမိန်းမ ချစ်ကြိုက်ရေးများ ဖြစ်ပုံရသည်။

သို့ရာတွင် ထိုစကားတို့ကို ကျွန်ုပ်ကြားရသော အခါ သူတို့လင်ရေးသားရေး၊ ချစ်ကြိုက်ရေးတို့ကို အပထား၍ ကျွန်ုပ်၌တွေးတောစရာတစ်ခု ပေါ်လာလေသည်။ ထိုပေါ်လာချက်ကား –

လောက၌ ပိုက်ဆံမျက်နှာကြီးသည် ဆိုသည်မှာ အမှန်ပင်ဖြစ်သည်။ မည်သို့ပင် အပေါ်ယံက ဟန်လုပ်၍ ပြောကြသော်လည်း ကြေးငွေပိုက်ဆံကို လူတိုင်းချစ်ခင်ကြည်ညို လိုချင်ကြသည်သာတည်း။ ကောင်းပြီ၊ အဘယ်ကြောင့် ချစ်ခင်ကြည်ညိုလိုချင်ကြသနည်း။

> **လောက၌ ပိုက်ဆံမျက်နှာကြီးသည်ဆိုသည်မှာ အမှန်ပင်ဖြစ်သည်။ မည်သို့ပင် အပေါ်ယံက ဟန်လုပ်၍ ပြောကြသော်လည်း ကြေးငွေပိုက်ဆံကို လူတိုင်း ချစ်ခင်ကြည်ညို လိုချင်ကြသည်သာတည်း။ ကြေးငွေရှိသူမှာ လိုရာကို ပြီးစေနိုင်သော တန်ခိုးသတ္တိရှိနေလေသည်။ ထိုငွေရှင်မှာ မိမိ၏လိုအင်ဆန္ဒအမျိုးမျိုးကို ဖြည့်နိုင်သည့်အပြင် လူအမျိုးမျိုးတို့၏ ဆန္ဒအမျိုးမျိုးကိုလည်းဖြည့်နိုင်။**

### အဖြေထွက်လာပုံကား

ကြေးငွေရခြင်းမှာ ကောင်းသောရခြင်း၊ မကောင်းသောရခြင်းဟူ၍ အကြမ်းအားဖြင့် နှစ်မျိုးရှိသည်။ အချို့မှာ မိမိ၏ ကံ – ဉာဏ် – ဝီရိယဖြင့် ကောင်းကြောင်းကောင်းရာ ရှာဖွေ၍ရသည်။ အချို့ကား ခိုးတိုက်လိမ်စသော မကောင်းမှုဖြင့်ရသည်။

အခြားတစ်နည်းလည်း ရှိတန်ရာသေး၏၊ အချို့မှာ "အချောင်" ရတတ်ကြသည်။ ဥပမာ– ကောက်ရခြင်း၊ ထီပေါက်ခြင်း၊ အမွေရခြင်း စသည်တို့တည်း။ (ဤအချောင်ရသည်ဆိုသည်မှာလည်း ဗုဒ္ဓဘာသာအယူအရ ရှေးကံဟောင်းနှင့် ဆက်နေသည်၊ ဤတွင် အကျယ်ပြရန်မလို)

ဤသို့ ရနည်းအမျိုးမျိုးရှိရာတွင် ယခုကျွန်ုပ် ရေးလိုသောကိစ္စ၌ ယေဘုယျအားဖြင့် ရရိုးရစဉ်ဖြစ်သော မိမိတို့ ကံ၊ ဉာဏ်၊ ဝီရိယဖြင့် ရင်း၍ရခြင်းကို အဓိကထား၍ ရေးလိုသည်။

### အတိတ်ကိုစွဲ၍ ငွေမျက်နှာကြီးပုံ

ကျွန်ုပ်တို့သည် ကြေးငွေပိုက်ဆံကို အလကား အကြောင်းမဲ့ ရကြသည်မဟုတ်ကုန်။ ဉာဏ်ပညာရှိခြင်း၊ အမြော်အမြင်ရှိခြင်း၊ လုံ့လဝီရိယရှိခြင်း၊ တည်ကြည်မှန်ကန်ခြင်းတို့ဖြင့် ရင်းနှီးပြုလုပ်ပြီးမှ ပိုက်ဆံကြေးငွေကို ရလေသည်။ အချုပ်ကား ကံ၊ ဉာဏ်၊ ဝီရိယတည်းဟူသော အကြောင်းတို့ကြောင့် ပိုက်ဆံတည်းဟူသောအကျိုး ဖြစ်လာရသည်။

ကံ၊ ဉာဏ်၊ ဝီရိယကို ကျွန်ုပ်တို့ နှစ်လိုကြည်ညိုကြသည်။ သို့ကြောင့်လည်း ယင်းတို့၏အကျိုး ကိုယ်စားဖြစ်သော ပိုက်ဆံကြေးငွေကို ကျွန်ုပ်တို့ လိုက်၍ နှစ်လိုကြည်ညိုကြခြင်း ဖြစ်သည်။

ဥပမာ–ဤမည်သော ကုန်စည်ကို ဤမည်သော ကာလဒေသ၌ ရောင်းရသော် မြတ်စွန်းရာ၏ဟု ဉာဏ်ဖြင့် စဉ်းစားချင့်ချိန်မြော်ဆ၍ မပျင်းမရိကြိုးစား ရောင်းဝယ်၏။ သို့ရောင်းဝယ်ရာ၌လည်း လိမ်လည်ကောက်ကျစ်မရှိ၊ ရိုးသားဖြောင့်မှန်စွာ ပြုမူရောင်းဝယ်၏။ ထိုအခါ အမြတ်ပိုက်ဆံကြေးငွေများစွာရရှိလေရာ၏။ ထိုသူ၏ ကံ၊ ဉာဏ်၊ ဝီရိယ ဖြောင့်မှန်ခြင်းတို့ကို ထိုပိုက်ဆံကြေးငွေပေါ်၌ တင်စား၍ ချစ်ခင်ကြည်ညိုနှစ်လိုခြင်း ဖြစ်ကြလေသည်။

ထိုမှတစ်ပါးလည်း သူတစ်ပါးတို့နှစ်သက်ရန်၊ အလိုကျရန်၊ အကျိုးရှိရန် ပြုလုပ်ဆောင်ရွက်ပေးသဖြင့်လည်း ပိုက်ဆံကြေးငွေကို ရနိုင်၏။ ဥပမာ– ဆာမိသည် ဒေါ်မိုးအား ထင်းခွဲပေးသဖြင့် ဒေါ်မိုးက ပိုက်ဆံတစ်မတ်ပေးလေသည်။ ဆေးဆရာသည် ရောဂါပျောက်အောင်၊ သဘင်သည်သည် ကြည့်ရှုပျော်မြူးအောင်၊ အထည်သည်သည် အထည်အဝတ်ရအောင်၊ သရေစာသည်သည် အဆာပြေအောင်၊ စာအုပ်သည်သည် ဖတ်သူတို့ တစ်နည်းနည်းအကျိုးရှိအောင်၊ အနှိပ်သည်သည် အညောင်းပြေအောင်၊ ဘိန်းရှင်သည် ဘိန်းစားတို့ အလိုပြည့်အောင်..... စသည်ဖြင့် ပြုလုပ်ဆောင်ရွက်ပေးကြသောကြောင့် ပိုက်ဆံကြေးငွေရကြကုန်သည်။

ထိုသို့ သူတစ်ပါး နှစ်လိုကြည်ညိုနှစ်သက်အောင် ပြုလုပ်ပေးခဲ့သဖြင့် ထိုသို့ရခဲ့သော ပိုက်ဆံရှင်ကို လူတို့က နှစ်လိုကြည်ညို နှစ်သက်ကြခြင်းဖြစ်သည်။

ဤကဲ့သို့အားဖြင့် ကံ၊ ဉာဏ်၊ ဝီရိယ ဖြောင့်မှန်ခြင်း၊ သူတစ်ပါးတို့ နှစ်လိုဖွယ်၊ အကျိုးရှိဖွယ်တို့ကို ဆောင်ရွက်ခြင်းတည်းဟူသော အကောင်းအမွန်တို့၏ကိုယ်စားဖြစ်သော ပိုက်ဆံကြေးငွေကို ကျွန်ုပ်တို့ ချီးမွမ်းနှစ်သက်ကြည်ညိုလိုချင်ကြခြင်း ဖြစ်သည်။

ဤကား အတိတ်ကိုစွဲ၍ ငွေမျက်နှာကြီးပုံတည်း။

### အနာဂတ်ကိုစွဲ၍ ငွေမျက်နှာကြီးပုံ

ရခဲ့ပုံအတိတ်ကိုစွဲ၍ မျက်နှာကြီးသည့်အပြင် နောင်လူတို့၏အကျိုးကို ဆောင်နိုင်သဖြင့် အနာဂတ်ကိုစွဲ၍ မျက်နှာကြီးသည်။

ကြေးငွေရှိသူမှာ လိုရာကို ပြီးစေနိုင်သော တန်ခိုးသတ္တိ ရှိနေလေသည်။ ဤအချက်တွင် ကောင်းသောရခြင်း၊ မကောင်းသောရခြင်းတို့ကို မကြည့်တော့ပြီ။ ရှေ့၌ သုံးစွဲနိုင်သောတန်ခိုးသတ္တိကိုသာ ကြည့်တော့သည်။ ထိုငွေရှင်မှာ မိမိ၏လိုအင်ဆန္ဒအမျိုးမျိုးကို ဖြည့်နိုင်သည့်အပြင် လူအမျိုးမျိုးတို့၏ ဆန္ဒအမျိုးမျိုးကိုလည်း ဖြည့်နိုင်လေသည်။ ထမင်းငတ်နေသူကို ထမင်းကျွေးနိုင်သည်၊ အဝတ်အစားလိုသူကို ပေးနိုင်သည်၊ ပွဲကြည့်လိုသူကို ပွဲပြနိုင်သည်၊ ကုန်စည်သွယ်လိုသူကို အရင်းပေးနိုင်သည် စသည်ဖြင့် သူတစ်ပါးတို့ နှစ်သက်ဖွယ်၊ အကျိုးရှိဖွယ်တို့ကို ဆောင်နိုင်လေသည်။ ထိုမှတစ်ပါးလည်း သူတစ်ပါးတို့၏ အကျိုးပျက်အောင်၊ ပျက်စီးသေကျေအောင်ပြုနိုင်သဖြင့် သူတစ်ပါးတို့၏ကြောက်ရွံ့ခြင်း၊ ရိုသေခံ့ညားခြင်းကိုလည်း ခံရလေသတည်း။

### အကျဉ်းချုပ်ရသော်

(၁) ကြေးငွေရခြင်းမှာ ကံ၊ ဉာဏ်၊ ဝီရိယ ဖြောင့်မှန်ခြင်း၊ သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်းတို့ကြောင့်ရသည်။ သို့ကြောင့် အကောင်းအမွန်တို့၏ ကိုယ်စားအဖြစ်ဖြင့် ပိုက်ဆံကြေးငွေကို လူတို့ နှစ်သက်ကြည်ညို လိုချင်ကြကုန်သည်။ ဤကား အတိတ်ကိုစွဲ၍ မျက်နှာကြီးပုံကို ပြသည်။ (မကောင်းမှုဖြင့်ရခြင်းကို လူတို့ကဲ့ရဲ့ကြကုန်သည်၊ "အချောင်" ရသည်ကိုး၊ "ကိုယ်စွမ်းနဲ့ ရတာမဟုတ်ပါဘူး"ဟု ခပ်နှိပ်နှိပ် ပြောကြသူလည်းရှိသည်။ "သြော်.... ဒါတော့ ကံကုသိုလ်ကောင်းတာကိုး"ဟု တရားသံဖြင့် ကျေနပ်ချီးမွမ်းကြသူလည်း ရှိသည်)

(၂) ကြေးငွေအားဖြင့် လူတို့၏လိုအင်ဆန္ဒတို့ကို ဖြည့်နိုင်သည်၊ နှစ်သက်မှု၊ အကျိုးရှိမှုတို့ကို ဆောင်နိုင်သည်။ ဤသို့အားဖြင့် အနာဂတ်ကိုစွဲ၍ မျက်နှာကြီးခြင်းဖြစ်သည်။

အစကပြခဲ့သော မယ်မြစ်ခမျာမှာ ထိုမျှတန်ခိုးအင်အားကြီးသော ပိုက်ဆံရှင် ဟိုလူကြီးလက်က လွတ်မှလွတ်နိုင်ပါ့မလားဟုတွေး၍ ပူမိသည်။

စုံစမ်းကြည့်၍ သိရသည်ကား မယ်မြစ်မှာ ဆေးလိပ်ဆိုင်ငယ် တည်ခင်းရောင်းရသူ ဖြစ်သည်။ မိဘများလည်း ဆင်းရဲရှာ၏။

မကြာမီပင် ထိုရပ်ကွက်က ကာလသားခေါင်းဆိုးပေမှာ ခေါင်းပေါင်းစ တထောင်ထောင်နှင့် သောက်စားမူးယစ် တက္ကစီမော်တော်ကားနှင့် တဝီဝီနေလေသည်။

မယ်မြစ်နှင့် စကားပြောဖက် သူငယ်ချင်း မိန်းမပျိုမှာလည်း ပိုးတွန့်လုံချည်အလဲလဲနှင့် ဆွဲကြိုး၊ လက်ကောက်စ ဆင်မြန်းနေသည်ကို တွေ့ရသည်။

မယ်မြစ်၏ မိဘများမှာလည်း မိမိတို့ငှားနေသော တစ်ထပ်အိမ်ကလေးကို အပိုင်ဝယ်ယူလိုက်သည်ဟု ကြားရသည်။


ဘုရား ဘုရား၊ မယ်မြစ်ကလေး ပါရချေတော့ မယ်ထင်ပါရဲ့၊ ဟယ် ...ပါသွားပြီတဲ့။

မယ်မြစ်သူငယ်ချင်းမိန်းမပျိုနှင့် တွေ့၍ စကားစပ်ပြောကြရာ "ဒီလိုဦးရဲ့၊ ကျွန်မက အကျိုးဆောင်ပေးလိုက်တာပါ၊ အဘိုးကြီးက ပိုက်ဆံသိပ်ချမ်းသာတာ၊ ပြီးတော့လေ ဒီမှာ၊ အဘိုးကြီးနောက်နေရရင် အလွန်ဆုံးသုံးနှစ်ပဲ၊ သူသေရင် မယ်မြစ်ဖို့ချည်းပေ့ါရှင်၊ ကျွန်မသူငယ်ချင်း ကောင်းစားအောင် လုပ်ပေးလိုက်တာပေါ့ဦးရဲ့"ဟု မြေစိုက်ဘုရားတစ်ဆူတည်ရသလောက် ကုသိုလ်ရမည့်ပုံဖြင့် စိတ်အားထက်သန်စွာပြောလေသည်။

ကျွန်ုပ်လည်း အင်း–သူ့ဟာ ဟုတ်ဟုတ်တုတ်တုတ်ပဲ၊ အဘိုးကြီးမြန်မြန်သေရင် ကောင်းမှာပဲဟု တွေးမိသည်။ ဟော – ကျွန်ုပ် ငရဲကြီးချေပြီ။ သို့သော် နေဦး၊ သည်တွင်ရပ်မထားနှင့်၊ သေတော့ ဘာဖြစ်သလဲ၊ ကောင်မကလေး ချမ်းသာရော မဟုတ်လား၊ မုဆိုးမဖြစ်တာ ဘာအရေးလဲ၊ မုဆိုးဖို အသက်ကြီးရွှတ်တွယစ်ထုတ်ကြီး အရုပ်ဆိုးကြီး တောင်ပိုက်ဆံတန်ခိုးနဲ့ သမီးလောက် မြေးလောက် ရုပ်ချောကို ရသေးတာပဲ၊ အရွယ်ကောင်း ရုပ်ကောင်း ပိုက်ဆံရှိ မုဆိုးမကလေး မယ်မြစ်ဟာ ကြိုက်တာကို ခေါင်းခေါက်ယူနိုင်တယ်၊ ဘာဖြစ်သလဲ၊ မယ်မြစ်အကျိုးတွေပဲဟု ဝမ်းမြောက်မိသည်၊ ဟော မုဒိတာကုသိုလ်တွေ ကျွန်ုပ်တွင် ဖြစ်ပြန်ချေပြီ၊ သို့ရာတွင် ပထမငရဲကို ယခုမုဒိတာကုသိုလ်က ချေမှုချေနိုင်ပါ့မလားဟု ကျွန်ုပ်တွေးမိသည်။ ကျွန်ုပ် မဆုံးဖြတ်နိုင်၊ သင်္ဂြိုဟ်ဆရာများက ကျေးဇူးပြု၍ ဆုံးဖြတ်ပေးတော်မူကြပါဟု တောင်းပန်လိုက်ရသည်ဟူလို။ ။

❐

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဓာတုဝေယျဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ပါရန်နှိုးဆော်ခြင်း





[illegible]

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မေရီတင်

## အသက် (၇၅) နှစ်

ဗိုလ်ချုပ်မြင့်ဆွေ(ငြိမ်း) (Head of Advisory Group, Chairman's Office, Htoo Group of Companies) ၏ ဇနီးဖြစ်သူ ဒေါ်မေရီတင် အသက်(၇၅)နှစ်သည် ၁-၇-၂၀၂၃ ရက် (ကြာသပတေးနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ကွယ်လွန်သူ ဒေါ်မေရီတင် ကောင်းရာသုဂတိသို့ ရောက်ရှိပါစေကြောင်း ထူးကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ နှင့် Unit အသီးသီးမှ ဝန်ထမ်းမိသားစုများမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးတေဇ (ဥက္ကဋ္ဌ) နှင့် ဝန်ထမ်းမိသားစုများ**

**Htoo Group of Companies**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ကြည်း-၆၁၉၄၊ OTS (၆)
**ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်**
စစ်ရေးချုပ်(ငြိမ်း)၊ လွှတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ် (၂၁)နေ ဒေါ်နီနီကျော်၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်သည် ၂-၇-၂၀၂၂ (သောကြာနေ့) နံနက် ၁:၂၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်မေရီတင်**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ ပန်းလှိုင်လမ်း၊ အမှတ်(၂၀)နေ ဗိုလ်ချုပ်မြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်မေရီတင်သည် ၁-၇-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်မေရီတင်**
**အသက် (၇၅) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဗိုလ်ချုပ်မြင့်ဆွေ (လေ)(ငြိမ်း)၏ဇနီး ဒေါ်မေရီတင်သည် ၁-၇-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၅:၃၀ နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ငြိမ်းနှင့် ဇနီး မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော် (ငြိမ်း)**
**အသက် (၉၄) နှစ်**

ဗိုလ်ကြီး ခင်မောင်လေး(ငြိမ်း)- ဗိုလ်ကြီး သဥ္ဇာကျော်(ငြိမ်း)တို့၏ ဖခင်ကြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ရဲကျော်(ငြိမ်း)သည် ၂-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၇၃)**
**အရာရှိများနှင့်မိသားစုများ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၈)၊ ပဲမှီကုန်း မြေကွက်ကြီးထဲမှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသည့် မြေကွက်အမှတ်(မ-၂၉)(A-1)၊ အမက(၄၉)ကျောင်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အလျား(၅၅ ပေ x အနံ ၄၇ ပေ)ရှိ ခြံစည်းရိုးကာရံပြီးမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိနေထိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဦးမင်းဦး[၁၂/မရက(နိုင်)၀၁၀၉၀၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် ပစ္စည်း၏တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန်းသန်းငြိမ်း(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၀၃)
တိုက်(၃၃/၄၉)၊ Strand Condominium၊ အခန်း(၃၇)၊ (ပ)ထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၀၁၆၇၈၂၂

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယခင်ဒဂုံမြို့သစ်(တောင်ပိုင်း)ဟုခေါ်တွင်သော မြေကွက်အမှတ်(၁၃၄၉)၊ (၁၃၅၀)၊ (၆၀)ရပ်ကွက်၊ (L-17)၊ အလျားပေ(၈၀)xအနံပေ (၆၀)ရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် (ဟသ်ာတစိန်ဝင်းဖေ)အမည်ဖြင့် ဖော်ပြပါရှိသည့် မြေကွက်အား အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးနိုင်လင်း [၁၂/ဒဂတ(နိုင်)၀၁၂၃၀၅၈]ကိုင်ဆောင်သူမှ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်ဇော်လတ်[၁၄/လပတ(နိုင်)၁၄၅၇၆၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးမိုးမြင့်
အထက်တန်းရှေ့နေ(စဉ်-၅၀၆၀၆)
အမှတ်(၁)၊ မယ်ဇလီပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၅၀၁၂၂၂၅

## ဦးတင်ညွန့်(၅)

**အသက်(၈၈)နှစ်**
**အကြီးတန်းအကောက်ခွန်မှူး(ငြိမ်း)**
**ရန်ကုန်မြို့**

ကသာမြို့နယ်၊ ဒေါင့်ကြီးကျေးရွာနေ(ဦးစီ-ဒေါ်ငွေဂိုင်)တို့၏သား၊ ကသာမြို့နယ်၊ ရွှေဘုံသာကျေးရွာနေ (ဦးအောင်ညွန့်-ဒေါ်အေးမြို့)တို့၏မောင်၊ (ဒေါ်အေးကို့)၊ (ဒေါ်တင်သန်း)တို့၏အစ်ကို၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ဂန့်ဂေါ်ရိပ်သာလမ်း၊ အမှတ် (၃၇၃/က)နေ ဒေါ်တင်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနိုင်ဝင်း-ဒေါ်စန်းစန်းဝင်း၊ ဦးဝင်းတင်-ဒေါ်မြင့်မြင့်သင်း၊ ဦးအောင်ဇော်ထွေး-ဒေါ်ဥမ္မာခင်၊ ဦးသန်းဇော်- ဒေါ်စိုးစိုးဝင်း၊ ဒေါ်အေးအေးညွန့်၊ ဒေါက်တာဝင်းညွန့်(ခေတ္တ-စင်ကာပူ)-ဒေါက်တာချောစုအောင်၊ ဦးဟန်ဝင်းအောင်(လ/ထ ညွှန်ကြားရေးမှူး၊ အင်းစိန်-THS) တို့၏ဖခင်၊ မသင်းသီရိဝင်းတင်၊ မောင်လင်းထက်နိုင်တို့၏ အဘိုး ဦးတင်ညွန့် သည် ၁-၇-၂၀၂၂ (ကြာသပတေးနေ့) ည ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးကုသဆောင် (၁၇-၁၈)၌ ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၂၂ (စနေနေ့)တွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ချုပ်မြင့်ဆွေ(လေ/ငြိမ်း)၏ဇနီး ဒေါ်မေရီတင် အသက်(၇၅)နှစ်သည် ၁-၇-၂၀၂၂ ရက် ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကိုကို၊ ဒေါ်တင်တင်ညွန့်**
**ပြည်ထောင်စုဝန်ကြီး**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်မေရီတင်**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဗိုလ်ချုပ်မြင့်ဆွေ(လေ)(ငြိမ်း)၏ဇနီး ဒေါ်မေရီတင်သည် ၁-၇-၂၀၂၂(ကြာသပတေးနေ့) ညနေ ၅:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်မေရီတင်**
**အသက် (၇၅) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဗိုလ်ချုပ်မြင့်ဆွေ(လေ)(ငြိမ်း)၏ဇနီး ဒေါ်မေရီတင်သည် ၁-၇-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၅:၃၀ နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ် (၄၁)၊ လေယာဉ်မောင်းသင်တန်းမှ တပည့်များ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ငွေး**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်း၊ ရေကြောင်းပြမှူးကြီး ရိပ်သာနေ ဒေါ်နွဲ့နွဲ့၏ ခင်ပွန်း၊ ဦးနေဦး(ရေကြောင်းပြမှူးကြီး)-ဒေါ်သီတာလင်းတို့၏ ဖခင်သည် ၃၀-၆-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈:၃၀ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ် အမှတ်စဉ် (၂၉) မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စန်းစန်းယု**
**အသက်(၈၇)နှစ်**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုင်ဘာလုံခြုံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှမြတ်ဟန်၏မိခင်ဖြစ်သူ ဒေါ်စန်းစန်းယု အသက်(၈၇)နှစ်သည် ၂-၇-၂၀၂၂ (သောကြာနေ့)နံနက်ပိုင်းတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ**
**သတင်းအချက်အလက်နည်းပညာနှင့် ဆိုင်ဘာလုံခြုံရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အကွက်အမှတ်(၆၈)၊ ဦးပိုင်အမှတ်(၁၁)၊ မြေချိန်ဧရိယာ(၀.၀၃၆)ဧကရှိ ဘိုးဘွားပိုင်မြေကွက်သည် မူလပိုင်ရှင် ဦးတရုတ်ဖြူအမည်မှ ကျွန်တော်၏အမည်သို့ ပြောင်းလဲပေးရန် မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် လျှောက်ထားခဲ့ပါသည်။ ကန့်ကွက်လိုပါက ကျွန်တော့်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောသက်သေအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးစိန်အေး
[၁၀/မလမ(နိုင်)၀၀၉၂၆၁]
အမှတ်(၁၉)၊ (၂၈)အိမ်ရပ်၊ ပြည်သူ့လမ်း၊
မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်(ငြိမ်း)

ကြည်း-၆၁၉၄၊ O.T.S(၆)
**တပ်မတော်စစ်ရေးချုပ်(ငြိမ်း)**
**လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်**
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၂၁)နေ (ဦးနှစ်-ဒေါ်အိ)တို့၏ သား၊ (ဦးကွေ-ဒေါ်မေ)တို့၏ သားသမက်၊ ဒေါ်နီနီကျော်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းစိုးကျော်-ဒေါ်ခင်မာကြည်၊ ဗိုလ်မှူးမျိုးသန့်(ငြိမ်း)-ဒေါ်မာလာကျော်၊ ဦးဆန်နီဇေ-ဒေါ်ဥမ္မာကျော်၊ ဒုတိယဗိုလ်မှူးကြီးဝင်းညွှန့်(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စ-စ-စ)-ဒေါ်သီတာကျော်၊ ဗိုလ်ကြီးခင်မောင်လေး(ငြိမ်း)-ဗိုလ်ကြီးသဥ္ဇာကျော်(ငြိမ်း)၊ ဗိုလ်မှူးရဲမြင့်ထွန်း(ငြိမ်း)-ဒေါ်သိင်္ဂီကျော်တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၅ ယောက်၊ မြစ်ခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂-၇-၂၀၂၂ ရက် နံနက် ၁:၂၄ နာရီတွင် ကန်သာယာအထူးကုဆေးရုံ၌ ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကာယကံရှင်၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၇နာရီ မှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း ဒါယကာကြီး
**ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော် (ငြိမ်း)**
ကြည်း / ၆၁၉၄၊ OTS (၆)
လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်
**အသက် (၉၄) နှစ်**

သူငယ်ချင်း ဗိုလ်မှူး ရဲမြင့်ထွန်း (ငြိမ်း) - ဒေါ်သိင်္ဂီကျော်တို့၏ ချစ်လှစွာသောဖခင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်(ငြိမ်း)သည် ၂-၇-၂၀၂၂ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ် (၂၈) မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်(ငြိမ်း) အသက် (၉၄)နှစ်**
ကြည်း ၆၁၉၄၊ OTS (၆)
**တပ်မတော်စစ်ရေးချုပ်(ငြိမ်း)၊ လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ကမ္ဘောဇလမ်းနေ ဒေါ်နီနီကျော်၏ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးဝင်းညွှန့်(ငြိမ်း) ဒုတိယညွှန်ကြားရေးမှူးချုပ်(စ.စ.စ)-ဒေါ်သီတာကျော်တို့၏ ချစ်လှစွာသောဖခင်သည် ၂-၇-၂၀၂၂ရက် (သောကြာနေ့) နံနက် ၁:၂၄ နာရီတွင် ကန်သာယာအထူးကုဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်မေရီတင်**
**အသက်(၇၅)နှစ်**

မြန်မာနည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းအများပိုင်ကုမ္ပဏီ(MTI)၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးရှိန်းသူအောင်၏ မိခင် ဒေါ်မေရီတင်သည် ၁-၇-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့် MTI မိသားစု**




ဆေးလိပ် ဆေးရွက်ကြီး အန္တရာယ် မှ ဝေးရာသို့ အသိစိတ် ဖြင့် ရှောင် ကြဉ်စို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အာဆီယံကလပ် ပြိုင်ပွဲကို ၂၀၂၂ ခုနှစ်တွင် ကျင်းပနိုင်ရန် စီစဉ်ထား

ရန်ကုန် ဇူလိုင် ၂

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အရှေ့တောင်အာရှနိုင်ငံများမှ ကလပ်အသင်းများအတွက် အာဆီယံကလပ်ပြိုင်ပွဲကို ၂၀၂၂ ခုနှစ်တွင် ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ရွှေ့ဆိုင်းခဲ့**

အာဆီယံကလပ်ပြိုင်ပွဲကို ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းနှစ်များတွင် နှစ်ကြိမ်ကျင်းပခဲ့ဖူးပြီး ဆယ်စုနှစ်တစ်ခုကျော်အကြာတွင် ပြန်လည်ကျင်းပရန် စီစဉ်နေခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယင်းပြိုင်ပွဲကို ၂၀၂၀ ပြည့်နှစ်ကတည်းက ကျင်းပရန်စီစဉ်ခဲ့သော်လည်း ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မကျင်းပနိုင်ဘဲ လာမည့်နှစ်သို့ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် ပြိုင်ပွဲကျင်းပမည့်ပုံစံအရ ထိုင်း၊ ဗီယက်နမ်၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့မှာ ကလပ်အသင်းနှစ်သင်းစီ၊ မြန်မာနှင့် စင်ကာပူတို့မှာ ကလပ်အသင်းတစ်သင်းစီ အုပ်စုအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းနှင့် လာအိုကလပ်အသင်းတစ်သင်းစီမှာ Play-off အဆင့်မှ စတင်ကစားရမည်ဖြစ်သည်။

**ယှဉ်ပြိုင်ခွင့်ရမည်**

လာမည့်နှစ်တွင် ကျင်းပပါကလည်း ယင်းသတ်မှတ်ထားမှုကို အခြေခံကာ ပြုလုပ်သွားဖွယ်ရှိနေသည်။ ယခုနှစ်တွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ မကျင်းပနိုင်ပါက နောက်ဆုံးကျင်းပခဲ့သော ၂၀၂၀ ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းက ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ကိုညီလေး




## ကော့သောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး နေရပ်ပြန် မြန်မာသဘောင်္လုပ်သားများအား အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

ကော့သောင်း ဇူလိုင် ၂

ကူးစက်မှုပြန်လည်ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ရောဂါ ပြည်တွင်းကူးစက်မှုအပြင် ပြည်ပမှကူးစက်မှုများမဖြစ်ပေါ်လာစေရေး ယမန်နေ့ညနေပိုင်းက တာဝန်ပြီးဆုံး၍ တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန် မြန်မာငါးဖမ်းသင်္ဘောလုပ်သား ၅၂ ဦးအား ကော့သောင်းမြို့တွင် အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ❍

## မိုးမိတ်၌ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေး



မိုးမိတ် ဇူလိုင် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုးမိတ်မြို့နယ်တွင် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးခြင်းကို ဇန်နဝါရီ ၂၉ ရက်က ဆောင်ရွက်ခဲ့ပြီး ယနေ့တွင်မူ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသော ဌာနဆိုင်ရာဝန်ထမ်း ၁၈၃ ဦးအား မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ထိုးနှံရာတွင် ရှေးဦးစွာ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်ခြင်း၊ စာရင်းသွင်းခြင်းတို့ဆောင်ရွက်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပြီးနောက် မိနစ်(၃၀) စောင့်ကြည့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ကိုယ်ဝန်ဆောင်များနှင့်

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ❖

ကြေးမုံ ယနေ့ ဖတ်စရာ

**အလုပ်သမားညီလာခံကို အသုံးမချပါနဲ့ . . .**
စာမျက်နှာ » ၆

**စာပေဂုဏ်ဆောင် ဆရာကြီး ဒွေးမောင်**
စာမျက်နှာ » ၈

**ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများ အပေါ်လေ့လာခြင်း (အင်ဒိုနီးရှားနိုင်ငံ)**
စာမျက်နှာ » ၁၈

အမျိုးသားပညာဝန် ဦးဖိုးကျား၏ ဝတ္ထုတို

**ငွေမျက်နှာ**
စာမျက်နှာ » ၂၃